# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

[Book.121(1965-1979)

ပြန်လည်မွေးဖွားခြင်းအဆင့်

သို့တက်လှမ်းခြင်း

.May Be:

၁၉၆၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၅ - ယန်ကျင်းမြို့တော် ကို

ဖျက်ဆီးခြင်း

ငြိမ်သက်ခြင်းမြို့တော်။

မြို့နာမည်အတိုင်း

ငြိမ်သက်နေခဲ့သော်လည်း

ဤလအတောအတွင်း

ငြိမ်သက်နေတော့မည်မဟုတ်ပေ။

အကြောင်းမှာ ယန်ကလန်၏

သခင်ငယ်များအားလုံး

လေ့ကျင့်ရာကနေ

ပြန်ရောက်လာတော့မည်ဖြစ်လို့ပါ။

အင်မော်တယ်ဖီးနစ်ခန်းမ ။

ယန်ရှမ် က ပင်မထိုင်ခုံပေါ်၌ ထိုင်နေရင်း

မျက်လုံးများကို မှိတ်ထားခဲ့သည်။

သူမ၏ပုံစံက တရားရှုမှတ်နေပုံရသည်။

ခန်းမထဲ၌ ယန်ရှမ်

တစ်ယောက်တည်းသာ ရှိနေ၏။

ထိုအချိန်တွင် ခန်းမအတွင်းသို့

ခရမ်းရောင်ချပ်ဝတ်တစ်ယောက်

ရုတ်တရက်ပေါ်လာသည်။

ယန်ရှမ် က မျက်လုံးမဖွင့်ဘဲ "ဒါက ဘာထူးသလဲ"ဟုမေးလိုက်လေသည်။

ခရမ်းရောင်ချပ်ဝတ်က အသံတိုးတိုးဖြင့်ပြောသည် "ယန်တုံချင်း သေပြီ။ သူ့ကိုသတ်တဲ့လူသတ်သမားက ဓားကျင့်ကြံသူတစ်ယောက်ပါ”

ယန်ရှမ်၏

မှိတ်ထားသောမျက်လုံးများက

ရုတ်ချည်းပွင့်လာသည် "ဒါက သူပဲလား"

ခရမ်းရောင်ချပ်ဝတ်လူ က

“ငါသေချာမပြောတတ်ပါဘူး။ ဒါပေမဲ့

ဖြစ်နိုင်ချေ အရမ်းများတယ်။ ၈

ယောက်မြောက်သခင်လေး ပဲ

ဓားကျင့်ကြံသူလေ။ ဒါပေမဲ့ ၈

ယောက်မြောက်သခင်လေး က

ယန်တုံချင်း ကို
သတ်ဖို့အကြောင်းမှမရှိတာ"ဟုထပ်ပြော
ပါသည်။

"ဒါဆို သူပဲလေ..." ယန်ရှမ်က
လက်သီးနှစ်ဖက်ကို ဖြည်းညှင်းစွာ
တင်းတင်းကြပ်ကြပ် ဆုပ်ထားလိုက်ပြီး
"သူ ဒီလောက်လွယ်လွယ်နဲ့
သေမှာမဟုတ်ဘူးဆိုတာ ငါသိတယ်။
သူက အသက်ရှင်နေရုံတင်မကဘူး၊

ပိုတောင် သန်မာလာပုံရတယ်”
ဟုရေရွတ်လိုက်သည်။ ထို့နောက်
ခရမ်းရောင်ချပ်ဝတ်လူ ကို
စိုက်ကြည့်ကာ “နင် သူ့နေရာကို
ရှာပြီးပြီလား” ဟု ဆက်ပြောသည်။

ခရမ်းရောင်ချပ်ဝတ်က
ခေါင်းယမ်းလိုက်သည် “မဟုတ်ဘူး၊
ဟုတ်တယ်၊ သူက
စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့

အကြီးအကဲတစ်ယောက်ရှေ့မှာ

ယန်တုံချင်းကိုပေါ်တင်သတ်လိုက်တာပါ။

ဒါကြောင့် ငါတို့က

သူ့ကိုရှာနေစရာမလိုဘူး။

စည်းကမ်းထိန်းသိမ်းရေးခန်းမ နဲ့

ယန်ခုံးက

သူ့ကိုလိုက်ရှာနေပြီ”ဟုပြောခဲ့သည်။

ယန်ရှမ် က ရုတ်တရက်ထရပ်ပြီး

"သူတို့တွေမတွေ့ခင် ငါတို့

အရင်တွေ့ရမယ်။ ဒါမှမဟုတ်ရင် သူက အန္တရာယ်ရောက်တော့မယ် "ဟုပြောလိုက်သည်။

ခရမ်းရောင်ချပ်ဝတ်က ခေါင်းညိတ်လိုက်ပြီး "သူ့ကိုရှာဖို့ ငါတို့လူတွေကို စေလွှတ်လိုက်ပြီ။ ဟုတ်တယ်၊ တခြားသခင်ငယ်တွေလည်း သူ့ကိုလိုက်ရှာနေတယ်လို့သတင်းကြားမိတယ်။ ဒါ့အပြင်

စည်းကမ်းထိမ်းသိမ်းရေးခန်းမက

သူ့အကြောင်း စုံစမ်းဖို့

အပြစ်ပေးတပ်ဖွဲ့တွေ လွှတ်ထားပြီ"

ယန်ရှမ် က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

"နောက်ထပ် သခင်ငယ်လေးတစ်ယောက်

ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတော့

စုံစမ်းချင်နေတာ ပုံမှန်ပါပဲ။ ဒါက

သာမန်မဟုတ်တဲ့လူတစ်ယောက်ပါ။

ဒါပေမဲ့ ဒီသခင်ငယ်ဟာ
လွန်ခဲ့တဲ့နှစ်တွေမှာ သူတို့စွန့်ပစ်ပြီး
မေ့ပစ်ခဲ့တဲ့သူရဲ့သားဖြစ်ဖို့ ဘယ်တော့မှ
မျှော်လင့်ထားမှာမဟုတ်ဘူး”ဟုပြောခဲ့သ
ည်။

ခရမ်းရောင်ချပ်ဝတ်က
“အထက်အာဏာပိုင်တွေက သူ့ကို
အသိအမှတ်ပြုမှာလား” ဟု
မေးလိုက်သည်။

ယန်ရှမ် က

အေးစက်စွာရယ်မောလိုက်သည်

“ဒါအမှန်ပဲလေ။ သူ့မှာ သဘာဝအတိုင်း

အရည်အချင်းနဲ့ အလားအလာတွေ

ရှိနေသရွေ့ သူ့ကို

အသိအမှတ်ပြုမှာကြမှာပါ။ သူက

ယန်ကလန် နဲ့ သက်ဆိုင်တယ်လို့

မပြောဘဲ၊ သူ့မှာ ယန်ကလန်ရဲ့

အဓိကသွေးမျိုးဆက်ပါ ရှိနေတယ်"

စကားပြောနေရင်း

ခရမ်းရောင်ချပ်ဝတ် ကို စိုက်ကြည့်ကာ

“ငါတို့ရနိုင်တဲ့ အရင်းအမြစ်အားလုံးကို

သုံးပါ။သူတို့ရှာမတွေခင်

သူ့ကိုတွေ့ရမယ်။အထူးသဖြင့်တော့

ယန်ခုံး။ သူ့ကို

အရင်ရှာတွေ့ခွင့်ပေးလို့မရဘူး။ သူ့ရဲ့

လက်ရှိခွန်အားက ယန်ခုံးကို ရင်ဆိုင်ဖို့
ဘယ်လိုမှမလုံလောက်သေးဘူး"

"နားလည်ပါပြီ..." ခရမ်းရောင်ချပ်ဝတ်က
ခေါင်းညိတ်ပြီး ထွက်သွားသည်။

ခရမ်းရောင်ချပ်ဝတ် ထွက်သွားပြီးနောက်
ယန်ရှမ်က ထိုင်ထုံပေါ်
ပြန်ထိုင်ချလိုက်ပြီး
တိုးတိုးလေးပြောလိုက်လေသည် "နင်က

ယန်တုံချင်း ကို
စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့
အကြီးအကဲရှေ့မှာတောင်
သတ်ရဲတယ်တဲ့လား။ နင့်ရဲ့ ခွန်အားတွေ
ဒီလောက်တောင် တိုးလာပြီ...”

ထို့နောက် တစ်ခုခုကို
တွေးမိသည့်အလားသူမ၏မျက်နှာသည်
တဖြည်းဖြည်း မှုန်မှိုင်းသွားခဲ့သည်။

...

ယန်ယွဲ့ သည်

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးသို့

မလာခဲ့ပေ။ လောလောဆယ်တွင်

သူ့ကိုယ်သူ သေလမ်းမပို့ချင်သေးပါ။

သူက ယန်ကျင်းတိုက်ကြီးကို

ဦးတည်သွားခဲ့သည်။

လက်ရှိတွင်

သူ၏အဓိကရည်ရွယ်ချက်က

ကောင်းကင်ငယ်ကို ကယ်တင်ရန်သာ။

ထိုအချက်ကြောင့်ပင် ယန်ကလန်သို့

ပြန်ရောက်လာခြင်းပါ။ ထို့အပြင်

ကောင်းကင်ငယ်၏ ဝိညာဉ်က

ယန်ယန်၏ လက်ထဲမှာရှိနေသောကြောင့်

ယန်ကျင်းတိုက်ကြီးသို့ ချက်ချင်း

ရောက်လာခဲ့သည်။

ကံမကောင်းစွာပဲ သူက ယန်ယန် ကို

ရှာမတွေ့ခဲ့ပေ။

...

ယန်ကျင်းမြို့တော် ။

လက်ရှိတွင် ယန်ကျင်းမြို့တော်ဟာ

သတ္တမမြောက် သခင်လေး ယန်ရှင်း၏

လက်ချက်ကြောင့်

အပိုင်းပိုင်းပြတ်တောက်သွားခဲ့သည်။

သို့သော် ယန်ယန်သည်

မြို့ကိုစွန့်လွှတ်ရန်

ရည်ရွယ်ချက်မရှိခဲ့ပေ။

လူအများအပြားစေလွှတ်ပြီး

ယန်ကျင်းမြို့တော် ကို

ပြန်လည်တည်ဆောက်စေခဲ့သည်။

အားလုံးက ကျင့်ကြံသူများသာဖြစ်ရာ

သာမန်လူများမဟုတ်ခဲ့ပေ။

အချိန်ခဏအတွင်းမှာပဲ

ယန်ကျင်းမြို့တော် ဟာ နဂိုအတိုင်း

ပြန်လည်ကောင်းမွန်လာခဲ့သည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့သည်

ယန်ယန်ကို

ရှာမတွေ့သောကြောင့်အတော်လေးဒေါ

သထွက်လာခဲ့သည်။ သူက

မြို့ထဲကနေ ထွက်လာလိုက်သည်။
သို့သော်  အပြီးထွက်မသွားဘဲ
ယန်ကျင်းမြို့နှင့် ၃ ကီလိုမီတာအကွာရှိ
လေထုထဲ၌ ရပ်နေခဲ့သည်။

ထို့နောက် သူ့အောက်မှ ယန်ကျင်းမြို့ကို
အကြာကြီး စိုက်ကြည့်ပြီးနောက်
ဓားကိုရုတ်တရက်ဆွဲထုတ်ကာ
တည့်တည့်ပိုင်းလိုက်သည်။

အောင်း....

စူးရှသောဓားအူသံကြီး

ပွဲတင်လာပြီးနောက်

ဓားစွမ်းအင်အလင်းတန်းဟာ

ရောမကြယ်ပွင့်ကြီး

ကြွေကျလာသည့်အတိုင်း

မြို့အလည်တည့်တည့်သို့

ပိုင်းချသွားခဲ့သည်။

ဂျုန်း…

ထိုခဏလေးမှာပဲ ယန်ကျင်းမြို့တော်ဟာ
အလယ်ဗဟိုကနေ
နှစ်ခြမ်းကွဲထွက်သွားသည်။

ခဏအကြာတွင် မြို့အထက်
ကောင်းကင်ယံမှ ပြင်းထန်သော
အသံတစ်သံ ထွက်ပေါ်လာသည်
"ယန်ယန်၊ ဒီကို ထွက်လာခဲ့စမ်း"

အသံ ပဲ့တင်ထပ်ပြီးနောက်တွင်လည်း

နောက်ထပ် ဓားအူသံ နှင့်အတူ

ဓားစွမ်းအင်အလင်းတန်းတစ်ခုပါ

မြို့ထဲကို ဆင်းသက်လာပါသည်။

ဘောင်း…

ယန်ကျင်းမြို့တော် တစ်ခုလုံး

ပြိုကျသွားလေတော့သည်။

ခဏတာ တိတ်ဆိတ်သွားသည် ။

ဘုန်း...ဘုန်း...ဘုန်း....

ယန်ကျင်းမြို့တော်၏

အပျက်အစီးပုံများကြားမှ

ကြောက်မက်ဖွယ်ကောင်းသောအရှိန်အ

ဝါ သုံးခု ရုတ်တရက်

လွင့်ပျံလာပြီးနောက် ယန်ယဲ့နှင့်

သိပ်မဝေးသောနေရာမှ အဘိုးကြီး ၃ ဦး ပေါ်လာသည်။

ထာဝရတန်ခိုးရှင် ၃ ပါး ။

ရှေ့ဆုံးမှ အဘိုးကြီးက ယန်ယွဲ့ကို စိုက်ကြည့်ရင်း “မင်းဟာ ငါတို့ရဲ့ တတိယမြောက်အလှမယ်ကို သတ်ခဲ့တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့

သခင်လေးတစ်ယောက်ပဲ”ဟုပြောလိုက်သည်။

ယန်ယဲ့က သူ့လက်ကို အနည်းငယ်ဖွေ့ယမ်းလိုက်ရာ ဓားမှ အလင်းများ တဖျပ်ဖျပ်လာသည်။ သူက "မင်းရဲ့ သခင်ငယ်ကို သူ့ကိုယ်သူ ပြဖို့ ပြောပါ"

အဘိုးအိုက “မင်းက

ဘယ်သခင်ငယ်ပဲဖြစ်ပါစေ ပြိုင်ပွဲမစခင်

ဒီလိုအပြုအမူက

စည်းမျဉ်းစည်းကမ်းတွေကို

ချိုးဖောက်တယ်ဆိုတာ မင်းသိလား။

စည်းကမ်းထိန်းသိမ်းရေးခန်းမ နဲ့

အကြီးအကဲတွေကိုတောင် မလေးစား

....”

အလင်းတန်းတစ်ခု ရုတ်တရက်
လင်းလက်သွားသည်။

အဘိုးအို၏ အမူအရာက
အနည်းငယ်ပြောင်းလဲသွားပြီး
သူ့လက်ဝါးကို ရှေ့သို့ ပုတ်လိုက်သည်။

အုန်း...

အဘိုးအိုက မီတာ ၃၀၀ ကျော်အကွာသို့ လွင့်ထွက်သွားခဲ့သည်။ သူ့နောက်ကွယ်မှ အခြားအဘိုးကြီးနှစ်ဦးက တိုက်ခိုက်ရန် ပြင်သော်လည်း ခေါင်းဆောင်အဘိုးကြီးက တားလိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က အေးစက်စက်လေသံဖြင့် “ငါ နောက်ဆုံးတစ်ခေါက် ထပ်ပြောမယ်။

မင်းရဲ့သခင်ငယ်ကို
သူ့ကိုယ်သူပြဖို့ပြောပါ"ဟုထပ်ပြောပါသ
ည်။

ခေါင်းဆောင်အဘိုးကြီးက ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်
“သခင်ငယ်က လွန်ခဲ့တဲ့ ၁
လလောက်ကပဲ
တံခါးပိတ်ကျင့်ကြံသွားပြီ။
ဘယ်နေရာမှာ

ကျင့်ကြံနေတယ်ဆိုတာတော့ ငါတို့

မသိရသေးဘူး”ဟုပြောပါသည်။

ထိုအချိန်တွင် ယန်ယဲ့ က

တိုက်ခိုက်တော့မည်ဖြစ်သောကြောင့်

အဘိုးကြီးဟာ

မျက်ခွံများ ဆတ်ခနဲတုန်သွားပြီး

"စဉ်းစားကြည့်ပါ၊ သူမြို့ထဲမှာ

တကယ်ရှိနေရင် သူ့ကိုယ်သူ
မပြဘဲနေမှာလား"

ယန်ယဲ့ က အချိန်အနည်းငယ်ကြာအောင်
ငြိမ်သက်သွားပြီး “ဒါဆို သူက
ဘယ်မှာလဲ” ဟု မေးသည်။

အဘိုးအိုက ခေါင်းခါပြပြီး “ငါတို့က
သူ့လက်အောက်ငယ်သားတွေပဲ။
သူဘယ်ရောက်နေတယ်ဆိုတာကို သိဖို့

အရည်အချင်းမပြည့်မီပါဘူး။ ဒါပေမဲ့

တစ်စုံတစ်ယောက်က

သူဘယ်မှာလဲဆိုတာ

သေချာပေါက်သိတယ်”

ယန်ယဲ့ က "ဒါဆို ပြောပါ"

အဘိုးအိုက စကားစလုဆဲဆဲ အဝေးမှ

ကောင်းကင်ပြင်ကို

မော့ကြည့်လိုက်သည်။

ဘုန်း...

ကီလိုမီတာ ရာချီကျယ်သော
အာကာသပြင်က ပြင်းထန်စွာ
တုန်ခါသွားပြီး
ယန်ယဲ့၏နောက်ကွယ်တွင်
အနက်ရောင်အရိပ်တစ်ခု ပေါ်လာသည်။

ယန်ယဲ့၏ မျက်လုံးများက

အနည်းငယ်မှိတ်သွားပြီး သူ့စားကို

ဆွဲထုတ်လိုက်ရင်း နောက်လှည့်ကာ

ပိုင်းချလိုက်သည်။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား ၁၀

ထပ်ပေါင်းစပ်ခြင်း ။

အုန်း...

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာသို့ လွင့်ပျံသွားသည်။ အနက်ရောင်အရိပ် ကတော့ ၁ ကီလိုမီတာအကွာထိ ပြန်ဆုတ်သွားရှာသည်။

ယန်ယဲ့ သည် အနည်းငယ်ထုံကျင်နေသော သူ့လက်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် အဝေးကို လှမ်းကြည့်လိုက်သည်။ ထိုနေရာတွင်

အနက်ရောင်ဝတ်ရုံဝတ်သက်လတ်ပိုင်းအမျိုးသားတစ်ဦး ရှိနေခဲ့သည်။

သေချာကြည့်လိုက်မှသာ ထိုသက်လတ်ပိုင်းအမျိုးသားက ယန်တုံချင်း နှင့် အတော်လေးဆင်တူကြောင်း သတိပြုမိခဲ့သည်။

"ဒါက ယန်တုံချင်း နဲ့ ယန်ယန် ရဲ့

အဖေလား"

ယန်ယဲ့က

ချက်ချင်းသဘောပေါက်သွားသည်။

ယန်ခုံး က ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"မင်းက

ဘယ်သခင်ငယ်လဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ က သူ့ဓားကို

မြေပြင်ထောင့်တစ်နေရာသို့ ညွှန်ပြပြီး

"ဘာလို့

မှန်းဆမကြည့်ရတာလဲ"ဟုပြန်ပြောလိုက်

၏။

ယန်ခုံး က ယန်ယဲ့ကို အချိန်အကြာကြီး

စိုက်ကြည့်ကာ "ယန်ကလန်ရဲ့

ဆက်ခံသူတိုက်ပွဲက

ရက်စက်ကြမ်းကြုတ်ပေမယ်လို့

ငါတို့တွေ ဘယ်တော့မှ တရားလွန်မလုပ်ခဲ့ဘူး။ အခုတော့ မင်းဟာ တုံချင်း ကို သတ်ခဲ့ရုံမကဘူး၊ သူမကို လူပြန်ဝင်စားဖို့ အခွင့်အရေးတောင် မပေးခဲ့ဘူးလား"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "ဒါကို ငါမသိဘူး။ ငါကံမကောင်းရင် မင်းရဲ့ သမီးနဲ့ သားတို့လက်ထဲမှာ သေရလိမ့်မယ်။ ငါ့ကိုကျတော့ သနားဖို့

ဘယ်သူမှ ဘယ်တုန်းကမှ
မတွေးခဲ့ကြဘူး”ဟုပြောခဲ့သည်။

ယန်ခုံး က
"မင်းဘယ်သူလဲ"ဟုထပ်မေးလိုက်သည်။

ယန်ယွဲ့ က ပခုံးတွန့်လိုက်သည် "ဒါ
အရေးကြီးသလား"

ယန်ခုံး က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးမှ “မင်းမှန်ပါတယ်။

ဒါက အရေးမကြီးပါဘူး။

မင်းဘယ်သူပဲဖြစ်ဖြစ်

ဒီနေ့သေရလိမ့်မယ်"ဟူ၍

အေးစက်စက်ပြောလိုက်သည်။

စကားပြောပြီးနောက် သူ့ပုံရိပ်က

နေရာမှာပင် ပျောက်သွားလေသည်။

အုန်း...

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာထိ လွင့်ထွက်သွားပြန်သည်။ သူ့ကိုယ်သူ ပြန်ရပ်လိုက်သည်နှင့် အနက်ရောင်အရိပ်က သူ့ရှေ့တွင် ထပ်ပေါ်လာပြန်သည်။

May Be:

.၁၉၆၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၆ - ပေါ်တင်တိုက်ခိုက်ခြင်း

အုန်း....

နောက်ထပ် ပေါက်ကွဲသံ ထွက်ပေါ်လာပြီး ယန်ယဲ့ သည် နောက်ထပ် ၃ ကီလိုမီတာ အကွာသို့ လွင့်ပျံထွက်သွားခဲ့သည်။

ယန်ခုံး၏ တိုက်ခိုက်မှုက
လုံးကိုလျှင်မြန်နေခဲ့သည်။
ယန်ယဲ့ပင်လျှင်
မမြင်နိုင်လောက်အောင်ပါ။

အမှန်တော့ ယန်ခုံး က ထာဝရတန်ခိုးရှင်
တစ်ပါးသာ။ သို့ရာတွင် သူ၏ခွန်အားက
သာမန် ထာဝရတန်ခိုးရှင်များနှင့်
နှိုင်းယှဉ်နိုင်သည့်အရာမဟုတ်ပေ။

ယန်ယဲ့၏လက်ထဲမှ

သွေးရုပ်သေးနှစ်ကောင်ပင် ယန်ခုံးထက်

နိမ့်ကျသည် ။

အကယ်၍ ယန်ယဲ့ သာ

စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့် မှာ

ရှိနေသေးလျှင်တော့ ယန်ခုံး ကို

သေချာပေါက် ယှဉ်နိုင်မည်မဟုတ်ပါ။

ကံကောင်းထောက်မစွာ၊ လက်ရှိတွင်

သူက ပြန်လည်မွေးဖွားခြင်းအဆင့် ၌ ရှိနေ၏။

ယန်ခုံး ပျောက်ကွယ်သွားသည်နှင့် ယန်ယဲ့ဟာ သူ၏မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။ အစပိုင်းတွင် သူ၏မျက်လုံးက ယန်ခုံး၏ လှုပ်ရှားမှုကို မြင်နိုင်ခဲ့သည်။ လက်ရှိတွင် မတတ်နိုင်တော့ပေ။ ထိုသို့ဖြစ်လေရာ

ညာဏ်အလင်းရောင်နှလုံးသားကို
ထုတ်သုံးလိုက်ပါတော့သည်။

ယန်ယဲ့ သည် ခဏအကြာမှာပဲ
မျက်လုံးပြန်ဖွင့်လာပြီး သူ၏ညာခြေကို
အနည်းငယ်လိမ်လိုက်ကာ လက်ထဲမှ
ဓားကို ညာဖက်သို့
အနည်းငယ်ရွှေ့သွားသည်။

ဘုန်း...

တစ်ချိန်တည်းမှာပင် ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာကို ထပ်မံပေါက်လွင့်ထွက်သွားခဲ့သည်။ သို့သော်လည်း ယန်ခုံး က ၂ ကီလိုမီတာနီးပါးအကွာထိ လွင့်ပျံသွားခဲ့သည်။

ဤတစ်ကြိမ်မှာ ယန်ခုံး က နောက်တစ်ခါ မတိုက်ခိုက်တော့ပေ။ သူ၏လက်ဝါးကို

တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ

သူ၏လက်ဝါးက

တစ်ဝက်သာကျန်တော့၏။

ကျန်တစ်ဝက်မှာ ယန်ယဲ့၏ ဓားချက်ဖြင့်

ဖြတ်တောက်ခံလိုက်ရသည်။

ယန်ခိုး က

ခဏာမျှငြိမ်သက်သွားပြီးနောက်မှ

ယန်ယဲ့ကို မော့ကြည့်ကာ

"ညာဏ်အလင်းရစားနှလုံးသား။ ငါ

မင်းကို လျှော့တွက်ခဲ့တယ်"ဟူ၍
ပြောလိုက်လေသည်။

အခြားသော ထာဝရတန်ခိုးရှင် ၃ ပါးက
တိုက်ခိုက်ရန်ပြင်လိုက်ကြသည်။သို့သော်
လည်း ယန်ခုံးက သူ့လက်ကို ဝှေ့ယမ်းကာ
"ဒါကို ငါကိုယ်တိုင်လုပ်ပါ့မယ်"ဟုသာ
ပြောလိုက်၏။

စကားပြောပြီးသည်နှင့် တပြိုင်နက်
ရှေ့သို့ ခြေတစ်လှမ်းတိုးကာ
သူ၏လက်ဝါးနှစ်ဖက်ကို ဖိထားသည်။

ဘမ်း...

ယန်ခုံး ထံမှ ပြင်းထန်သော
အော်ရာတစ်ခု ပေါက်ကွဲလာပြီး
မီတာရာချီသော အာကာသပြင်ဟာ
တဝုန်းဝုန်း တုန်ခါလာသည်။

အာကာသပြင်သည် ပြင်းထန်စွာ
တုန်ခါနေပြီး အမှန်တကယ်
ထိတ်လန့်ဖွယ်ရာ
မြင်ကွင်းတစ်ခုဖြစ်ပေါ်လာပါသည်။

ထို့နောက် ယန်ခုံး က
သူ့လက်ဝါးနှစ်ဖက်ကို ယန်ယဲ့ ဆီသို့
တွန်းလိုက်ကာ "ကြေကွဲခြင်းလက်ဝါး"

ရောမစွမ်းအင်လက်ဝါးကြီး နှစ်ဖက်က

ရှေ့သို့ ချက်ချင်းပြေးထွက်သွားသည်။

လမ်းကြောင်းတစ်လျှောက်မှ

အာကာသပြင်ဟာ

ချက်ခြင်းပြိုကျလာ၏။

တစ်ချိန်တည်းမှာပင် ဧရိယာတစ်ခုလုံး

လျောင်လှူပ်သလို ပြင်းထန်စွာ

တုန်လှူပ်သွားပါတော့သည်။

ထိုမြင်ကွင်းအား မြင်သောအခါ

အနက်ရောင်ဝတ်ရုံအောက်မှ

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားခဲ့သည်။ သူက

ပေါ့ပေါ့ဆဆ ပြုမူခြင်းမပြုဝံ့ပေ။

သူ၏လက်ကောက်ဝတ်ကို

အနည်းငယ်လိမ်လိုက်ရာ နတ်ဓားမှ

အလင်းတန်းများ တဖျပ်ဖျပ်

လက်လာခဲ့သည်။ တစ်ချိန်တည်းတွင်

ပတ်ဝန်းကျင်၌

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ

ပေါ်လာသည်။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒဟာ

နတ်ဓားကို

အသက်သွင်းလိုက်သည့်အတိုင်း

ဓားအူသံများ အဆက်မပြတ်

ထွက်ပေါ်နေပါသည်။

ယန်ယဲ့ က နတ်ဓားကို

ပိုင်းဖြတ်ရန်ပြင်လိုက်စဉ်

စွမ်းအင်လက်ဝါးကြီးနှစ်ဖက်ဟာ

တစ်ခုနှင့်တစ်ခု ထပ်သွား၏။

ဂျုန်း....

ရောမစွမ်းအင်လက်ဝါးကြီးနှစ်ဖက်

ထပ်သွားသည်နှင့် အတိုင်းအဆမဲ့သော

အာကာသပြင်ဟာ ချက်ချင်းပြိုကျပြီး

ကီလိုမီတာ ရာချီသောရေယာက

မည်းမှောင်သွားခဲ့သည်။

သို့သော်လည်း ယန်ခုံး၏ အမူအရာက

ထိုခဏလေးမှာပဲ ရုတ်တရက်

ပြောင်းလဲသွားသည်။

အကြောင်းကတော့

ပတ်ဝန်းကျင်အာကာသပြင်

အမှောင်ကျသွားသည်နှင့် အမှောင်ထုနှင့်

အမှောင်စွမ်းအင်ဟာ

သူ့ပတ်ပတ်လည်အား

ပိတ်ဆို့ထားမှန်းသတိပြုမိလို့ပါ။

ထို့အပြင် သူ၏

စွမ်းအင်လက်ဝါးနှစ်ဖက်ဟာ

အမှောင်ထုစွမ်းအင်ဖြင့်

ဝါးမျိုခံလိုက်ရလေသည်။

အမှောင်တာအိုဥပဒေသ ။

ယန်ခုံး က

အကြီးအကျယ်ထိတ်လန့်သွားသည်။

သူ့ပုံရိပ်က တဖျပ်ဖျပ်တောက်ပလာပြီး

အာကာသတွင်းနက်ကြီးထဲမှ

လွတ်မြောက်ရန် ကြိုးစားလိုက်သည်။

သို့သော်

အနည်းငယ်နောက်ကျနေသေး၏။

ထိုအချိန်တွင်

အာကာသတွင်းနက်ကြီးဟာ ရုတ်တရက်

အတွင်းပိုင်းကို ကျုံ့ဝင်လာပြီး

ကွဲထွက်သွားသည် ။

ထိုမျှနှင့် အဆုံးသတ်မဟုတ်သေးပေ။

ပတ်ပတ်လည်ကို ပိတ်ဆို့ထားသည့်

အမှောင်ထုစွမ်းအင်ဟာ အဆက်မပြတ်

ကျုံ့ဝင်သွားပြီး

ကြောက်မက်ဖွယ်ပေါက်ကွဲလာခဲ့သည်။

ထိုမြင်ကွင်းကြောင့် တိုက်ပွဲကို

စောင့်ကြည့်နေသော ထာဝရတန်ခိုးရှင် ၃ ပါးလုံး ထိတ်လန့်သွားခဲ့သည်။ အမှောင်ထုစွမ်းအင်ဟာ တဖြည်းဖြည်း ကျုံ့ဝင်သွားပြီး ၅ ကြိမ်ဆက်တိုက် ပေါက်ကွဲထွက်လာသည်။ နောက်ဆုံး ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်တွင် အာကာသတွင်းနက်ကြီးထဲမှ ပုံရိပ်တစ်ခု ထွက်လာသည်။

ထိုပုံရိပ်ကို မြင်သောအခါ

ထာဝရတန်ခိုးရှင် ၃ ပါး၏

အမူအရာများသည်

ချက်ချင်းပြောင်းလဲသွားသည်။

အကြောင်းကတော့ လွင့်ပျံလာသော

ပုံရိပ်ဟာ ယန်ယွဲ့မဟုတ်ဘဲ

ယန်ခုံးဖြစ်နေလို့ပါ။

လက်ရှိတွင် ယန်ခုံး၏အခြေအနေက

အတော်လေးကို ဆိုးရွားလှသည်။

တစ်ကိုယ်လုံး ဓားဒဏ်ရာများဖြင့်

ဖုံးလွှမ်းထားသည်။ ထို့အပြင် သူ၏

ညာဖက်လက်မောင်းပါ

ပြတ်တောက်နေခဲ့သည်။ အထင်ရှားဆုံး

ဒဏ်ရာကတော့ ညာဖက်မျက်လုံးပါ။

ယန်ခုံး၏ ညာဖက်မျက်လုံးနေရာက

အပေါက်ကြီးတစ်ခုဖြစ်နေသည်။
ထိုရောမှ သွေးတစ်စက်စက်စီးကျနေ၏။

သူ၏ ရင်ဘတ်ပေါ်မှာလည်း
လက်ဝါးအရွယ် အနက်ရောင်
စာလုံးတစ်လုံးရှိနေသည်။ ဒီအချိန်မှာ
ထိုစာလုံးမှ ဆံချည်မျှင်ကဲ့သို့
ပါးလွှာသော အနက်ရောင်ကြိုးများ
အဆက်မပြတ် ထွက်ပေါ်နေ သည်။
အနက်ရောင်စွမ်းအင်က ပင့်ကူမျှင်ကဲ့သို့

ယန်ခုံးကို လုံးလုံးလျားလျား

ဖုံးအုပ်ထားသည်။

ယန်ခုံး က အဝေးကို

လှမ်းကြည့်လိုက်သည်။

သူ၏ကျန်နေသော မျက်လုံးတစ်ဖက်က

မယုံကြည်မှုအပြင်

ကြောက်ရွံ့မှုပါရှိနေခဲ့သည်။

အစောပိုင်းတွင် သူက
အသတ်ခံရလုနီးပါးပါ။

အကယ်၍ သူ့ရင်ဘတ်ပေါ်မှ
အနက်ရောင်စာလုံးကြောင့်သာမဟုတ်
လျှင် အသတ်ခံနေရလောက်ပေသည်။

ယန်ခုံး စိုက်ကြည့်နေသော အဝေးနေရာမှ
အာကာသပြင်ဟာ ဖြည်းညှင်းစွာ
ငြိမ်သက်သွားသည်။ ထို့နောက်တွင်

သိပ်မကြာလိုက်ဘဲ ယန်ယဲ့၏ပုံရိပ်
ပေါ်လာခဲ့သည်။

ဒီအချိန်မှာ ယန်ယဲ့၏မျက်နှာက
အနည်းငယ်ဖြူဖျော့နေခဲ့သည်။ သို့သော်
သူ့မျက်လုံးထဲ၌တော့ စိတ်လှုပ်ရှားမှုများ
ရှိနေ၏။ ယန်ခုံး က အာကာသပြင်ကို
အပိုင်းပိုင်းခွဲကာ
အာကာသတွင်းနက်ကြီးဖန်တီးလိုက်
သောကြောင့်ပင်။ ထိုအချိန်တွင် သူက

အာကာသတွင်းနက်ကို

ထိန်းချုပ်နိုင်လိုက်၏။ ထိုအခြေအနေက

သူ့အတွက် လုံးဝကို ကံကောင်းခြင်းပင်။

အကြောင်းမှာ သူက

အာကာတွင်းနက်ထဲမှ

အမှောင်ထုနှင့်

အမှောင်စွမ်းအင်အားလုံးကို

ထိန်းချုပ်ထားနိုင်လို့ပါ။

တစ်နည်းပြောရလျှင်

အာကာသတွင်းနက်ထဲ၌ သူ၏ခွန်အားက

ထာဝရတန်ခိုးရှင်ထက်

အဆပေါင်းများစွာ သန်မာလာပါသည်။

ထိုမျှသာမကဘဲ အာကာသတွင်းနက်ထဲမှ

အမှောင်ထုနှင့် အမှောင်စွမ်းအင်ကို

သုံးကာ သူ့ကိုယ်သူ ကာကွယ်နိုင်၏။

အတိုချုပ်ပြောရလျှင်

အာကာသတွင်းနက်ထဲမှာဆိုပါက

လက်ရှိသူ့ခွန်အားက ထာဝရတန်ခိုးရှင် ၅ ပါးကို

တစ်ပြိုင်တည်းတိုက်ခိုက်နိုင်လေသည်။

တစ်ခုတည်းသော စိတ်ပျက်စရာကတော့

ဆန်းကြယ်ချီစွမ်းအင်

အများအပြားသုံးစွဲရသည်။

အာကာသတွင်းနက်ကို

ထိန်းချုပ်နိုင်လိုက်သည့်တိုင်

သူ၏ဆန်းကြယ်ချီစွမ်းအင်အားလုံးနီးပါး

ကုန်ဆုံးသွားစေသည်။ ဒီအချိန်မှာ သူက

မတ်တပ်ပင်မရပ်နိုင်လောက်အောင်

ပင်ပန်းလှုနီးပါး ဖြစ်နေခဲ့သည်။

ထိုသို့မဟုတ်လျှင် ယန်ခုံး က

မျော်အစီအရင်ဖြင့်

ကာကွယ်ထားသည့်တိုင် သေချာပေါက်

အသတ်ခံရပါမည်။ ကံမကောင်းစွာပဲ၊

လက်ရှိတွင် သူက

ယန်ခုံး၏မျော်အဆောင်ကို

ချိုးဖျက်နိုင်စွမ်းမရှိပေ။

ယန်ယဲ့ က သူ့အတွေးများကို

ထိန်းကာစွမ်းအင်ပုလဲတစ်လုံးထုတ်ယူ

ပြီး မျိုချလိုက်သည်။ ခဏအကြာမှာပဲ

သူ၏ဆန်းကြယ်ချီစွမ်းအင်

ထက်ဝက်နီးပါး

ချက်ချင်းပြန်ပြည့်လာပါသည်။

တစ်ဆက်တည်း နောက်ထပ်တစ်လုံးကို

ထုတ်ယူလိုက်သည်။

စွမ်းအင်ပုလဲနှစ်လုံးကို

ဆက်တိုက်မျိုချပြီးသည်နှင့်

သူ၏ချီစွမ်းအင်ဟာ နဂိုအတိုင်း

ပြန်ရောက်သွားခဲ့သည်။

"အမှောင်တာအိုဥပဒေသ..."

ထိုအချိန်တွင် ယန်ခုံး က "ဒါဟာ

အမှောင်တာအိုဥပဒေသရဲ့

အဆင့်မြင့်စွမ်းရည်တစ်ခုပဲ။

မင်းဘယ်သူလဲ"ဟု
ရုတ်တရက်မေးလိုက်သည်။

ယန်ယဲ့ က ယန်ခုံး ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာကာ "မင်းရဲ့သားက
ဘယ်မှာလဲဆိုတာ
သေချာပေါက်သိတယ်ထင်တယ်"ဟုသာ
ပြောပါသည်။

ယန်ခုံး၏ အမူအရာက ပြောင်းသွားပြီး

အသံတိုးတိုးဖြင့် ပြောခဲ့သည်

“ဆက်ခံသူတိုက်ပွဲ မစသေးဘူးနော်။ အခု

သူ့နောက်ကို လိုက်နေတာက စည်းကမ်းနဲ့

မညီဘူး။ ငါ့ယန်ကလန် ရဲ့

စည်းမျဉ်းတွေကို ဆန့်ကျင်နေတာလား။

အကျိုးဆက်က ဘာလဲဆိုတာ

မင်းသိလား"

ယန်ယဲ့ က ပခုံးသာတွန့်လိုက်သည်

"ငါသိလည်း မသိချင်ဘူး။

မင်းရဲ့သားဘယ်မှာလဲ ငါသိချင်တယ်။

ရိုးရိုးသားသား ပြောရရင် ငါ

သိပ်ပြီးသည်းမခံနိုင်တော့ဘူး။

ငါ့စိတ်ရှည်မှုကုန်ဆုံးသွားတာနဲ့

ဘာလုပ်မယ်မှန်းတောင်

ငါ့ကိုယ်ငါမပြောတတ်ဘူး”

"ဟုတ်သလား" ထိုအချိန်တွင်

အသံတစ်သံရုတ်တရက်

ထွက်ပေါ်လာပြီးနောက်

ဆံပင်ဖြူအဘိုးအို နှင့်

အနက်ရောင်ဝတ်ရုံအဘိုးအို တစ်ဦး

ပေါ်လာခဲ့သည်။

စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့

အကြီးအကဲတွေ လား....။

ဆံပင်ဖြူအဘိုးအိုက ယန်ယဲ့ ကို

စိုက်ကြည့်ရင်း

“စည်းကမ်းထိန်းသိမ်းရေးခန်းမကို

ငါတို့လိုက်ခဲ့။ မင်း ညဏ်ကောင်းရင်

ငါတို့နောက်ကို နာခံမှုရှိရှိနဲ့

လိုက်လာလိမ့်မယ်"ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်၍

"ငါငြင်းတယ်"

ဆံပင်ဖြူ အဘိုးအိုရဲ့ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည် "ငါတိုစည်းကမ်းထိန်းသိမ်းရေးခန်းမကို ဘယ်သခင်ငယ်ကမှ မစော်ကားဝံ့ဘူး။ ဒီလိုလုပ်ဖို့ ဘယ်သူမှ သတ္တိမရှိဘူး”

သို့သော် ယန်ယဲ့ က ဖျတ်ခနဲပျောက်သွားသဖြင့် ဆံပင်ဖြူ အဘိုးအိုရဲ့ အမူအရာက ပြောင်းသွားပြီး

“သတိထား”ဟူ၍ ကမန်းကတန်း

အော်ဟစ်လိုက်၏။

ယန်ခုံး၏မျက်လုံးများက ရုတ်တရုတ်

ကျဉ်းမြောင်းလာပြီး

လှူပ်ရှားရန်ပြင်လိုက်စဉ်မှာပဲ

အလင်းတန်းများက သူ့အား

ဖြတ်သွားသည်။

ဆူး....

ယန်ခုံး၏ခန္ဓာကိုယ်ဟာ

တောင့်တင်းသွားကာ နဖူးအလယ်မှ

သွေးများ ဖြန်းခနဲ ထွက်လာခဲ့သည်။

ယန်ယဲ့ က နတ်ဓားကို ပြန်သိမ်းပြီး

ဆံပင်ဖြူအဘိုးအိုအား

လှည့်ကြည့်လိုက်ရင်း "ဒါက

အရာအားလုံးအတွက် ပထမဆုံး

အကြိမ်ပဲ။ အရင်တုန်းက ဘယ်သူမှ

မလုပ်ဖူးပေမယ့် အခုချိန်မှာတော့

တစ်ယောက်ယောက်

ရှိနေပြီ”ဟုပြောလိုက်လေသည်။

ယန်ယဲ့ သည် လူမိုက်မဟုတ်သလို

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

စိန်ခေါ်ရန် တစ်ခါမှ မတွေးခဲ့ပေ။

သို့သော် သူ့တွင်

အခြားရွေးချယ်စရာမရှိခဲ့ပေ။

စည်းကမ်းထိန်းသိမ်းရေးခန်းမ သည်

ယန်တုံးချင်းကို

လက်လွှတ်စေလိုသောကြောင့်

သူတို့နှစ်ဖက်ဟာ

အလိုလိုရန်သူများဖြစ်နေခဲ့လေသည်။

လက်ရှိတွင်

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ

သူ့အား လွယ်လွယ်နှင့် လွှတ်မပေးမှန်း

သေချာပေါက်သိနေ၏။

အနည်းဆုံးတော့ သူနှင့်

ပြဿနာရှာတစ်ခုခုရှာပါလိမ့်မည်။

သူထင်ထားသည့်အတိုင်းပါ၊

စည်းကမ်းထိန်းသိမ်းရေးခန်းမက

ယန်ကျင်းမြို့တော် ကို

ချက်ချင်းရောက်လာခဲ့သည်။

ငါဘာလုပ်သင့်လဲ....။

ယန်ယဲ့ က တွေးနေခဲ့သည်။

စည်းကမ်းထိန်းသိမ်းရေးခန်းမ နှင့်

ပြန်ပြီးသင့်မြတ်ဖို့ ကြိုးစားရမည်လော။

သို့တည်းမဟုတ် သက်ညှာပေးရန်

တောင်းဆိုရမည်လား။

လက်ရှိအခြေအနေကတော့ မဖြစ်နိုင်ပါ။

နှစ်ခုလုံးက အလုပ်မဖြစ်ပေ။

ထိုနည်းအတိုင်း လုပ်ဆောင်လျှင်

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

သူ့အား လာသတ်လှည့်ဟု
ဖိတ်ခေါ်နေသလိုပင်။
မည်သို့ပင်ဖြစ်စေကာမူ
ရန်သူများဖြစ်နေလေရာ သူ့အနေဖြင့်
စည်းကမ်းထိန်းသိမ်းရေးခန်းမကို
မျက်နှာသာပေးဖို့မလိုတော့ပေ။

ထို့အပြင် သူ၏ရည်ရွယ်ချက်က
ရိုးရိုးရှင်းရှင်းပါ။ သူ၏ခွန်အားကို
အပြည့်အဝထုတ်ပြဖို့ပင်။

သူ၏စွမ်းအားကို

ယန်ကလန်၏အဆင့်မြင့်အာဏာပိုင်များ

သတိပြုမိသွားသည်အထိ

ပြသလိုခဲ့သည်။ အကယ်၍ သူ၏

အလားအလာသာ ထူးခြားနေလျှင်

စဘ်းကမ်းထိန်းသိမ်းရေးခန်းမဟာ

လက်လျှော့ရပါလိမ့်မည်။ အကြောင်းမှာ

ထိုအချိန်တွင် ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင်များက သူ့အား ကာကွယ်ပေးလာမည်ဖြစ်လို့ပါ။

အမှန်ပင်၊ ကြိုတင်သတ်မှတ်ချက်က သူဟာ ခွန်အားနှင့် အလားအလာ လုံလောက်ရပါမည်။

နောက်ဆုံးတွင် ယန်ကလန်၏ စည်းမျဉ်းများကို ချိုးဖောက်ခြင်းဟာ လွယ်လွယ်နှင့် ခွင့်လွှတ်ပေးနိုင်သော

အရာမဟုတ်ခဲ့ပေ။ သို့သော်လည်း သူသာ

လုံလောက်သော အလားအလာကို

ပြသနိုင်လျှင် စည်းမျဉ်းအထက်၌

ရပ်နေနိုင်ပေသည်။

ယန်ယဲ့ သည်

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

တိုက်ရိုက်စိန်ခေါ်လိုက်ကြောင်း

မြင်သောအခါ ထာဝရတန်ခိုးရှင် ၃ ပါး၏

မျက်လုံးများဟာ ထိတ်လန့်ဟန်များ

အထင်းသားပေါ်လာခဲ့သည်။

နောက်ဆုံးတွင်

စည်းကမ်းထိန်းသိမ်းရေးခန်းမ သည်

ယန်ကလန်၏

အာဏာပိုင်အဖွဲ့အစည်းများအနက်

ထိပ်တန်းဖြစ်နေလို့ပါ။ ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင် အနည်းငယ်

ကလွဲ၍ သခင်ငယ်များအပါအဝင်

မျိုးနွယ်စုတစ်ခုလုံးဟာ

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

မဆန့်ကျင်ဝံ့ကြပေ။

မျိုးနွယ်စု၏

ပင်မမျိုးဆက်သခင်ငယ်များပင်လျှင်

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

မျက်နှာသာပေးရပေမည်။

သို့သော် လက်ရှိသူတို့ ရှေ့မှ

လူငယ်ကတော့

စည်းကမ်းထိန်းသိမ်းရေးခန်းမကို
ပွင့်ပွင့်လင်းလင်း စိန်ခေါ်နေ၏။

ထိုအခြေအနေက ယန်ကလန်၏
သမိုင်းတစ်လျှောက် ပထမဆုံးပါ။

ဆံပင်ဖြူအဘိုးအိုု၏ မျက်နှာသည်
ချက်ချင်း အေးစက်သွားသည်။ သူက
ယန်ယဲ့ ကို စိုက်ကြည့်ကာ
"မင်းပြောတာကို

မင်းသဘောပေါက်လား"ဟုအေးစက်စ
က်ပြောလိုက်သည်။

ယန်ယွဲ့ က ခေါင်းညိတ်ပြီး
"ဒါကိုငါသိပါတယ်"ဟု ပြန်ပြောပါသည်။

ဆံပင်ဖြူအဘိုးအိုက ယန်ယွဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်
ခေါင်းညိတ်လိုက်သည်။

ခဏအကြာတွင်တော့ နေရာမှာပင် ပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က သူ၏နတ်ဓား ကို ရုတ်တရက် ဆွဲထုတ်ပြီး တရကြမ်းပိုင်းချလိုက်သည်။

အုန်း...

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီးနောက်

ယန်ယွဲ့၏ပုံရိပ်ဟာ ၃

ကီလိုမီတာအကွာသို့ လွင့်ပျံသွားခဲ့သည်။

သို့သော် သူရပ်လိုက်သည်နှင့်

ဆံပင်ဖြူအဘိုးအိုက ယန်ယွဲ့ရှေ့တွင်

ထပ်မံပေါ်လာပြန်သည်။ တစ်ဆက်တည်း

ပြင်းထန်သောဖိအားလှိုင်းတစ်ခုက

တောင်ကြီးတစ်လုံးအလား ယန်ယွဲ့ဆီကို

ဖိချလာသည်။

ဒီအချိန်မှာ ယန်ယဲ့ဟာ

အသက်ရှူကျပ်သွားသလို

ခံစားလိုက်ရသည်။ ပြောရလျှင်

သူ့တစ်ကိုယ်လုံး ပြိုလဲလုနီးပါးပါ။

တစ်ချိန်တည်းမှာပင် သူ့ပတ်ဝန်းကျင်ရှိ

အာကာသပြင်ဟာ တုန်ခါနေပြီး

အက်ကွဲစပြုလာသည်ကို

သတိထားမိခဲ့သည်။

"သူက အရမ်းသန်မာတယ်" ယန်ယဲ့၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

ဆံပင်ဖြူအဘိုးအို က

အမှန်တကယ်ပင်သန်မာလွန်း၏။ ၎င်းက

အစောပိုင်းက သူသတ်ပစ်ခဲ့သည့်

ယန်ခုံးထက် အများကြီး

ပိုသန်မာခဲ့သည်။

ယန်ယဲ့၏ မျက်နှာက

သတိအပြည့်ဖြစ်လာသည်။

သူကပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်းမရှိပေ။

May Be:

၁၉၆၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၇ - ထွက်ပြေးတာလား

အောင်း...

ယန်ယွဲ့၏ခန္ဓာကိုယ်ထဲမှ
သတ်ဖြတ်ခြင်းစားစိတ်ဆန္ဒ
ပျံ့လွင့်လာပြီး
သူ့ကိုယ်ပေါ်ဖိနှိပ်ထားသည့် ဖိအားကို
ချေဖျက်ပစ်လိုက်သည်။

သို့သော်လည်း တစ်ချိန်တည်းတွင် ဆံပင်ဖြူအဘိုးအို က လက်သီးကို ရှေ့သို့ ရုတ်တရက် လှမ်းထိုးလိုက်သည်။

ယန်ယဲ့ က တွန့်ဆုတ်မနေဘဲ နတ်ဓားကို အလျားလိုက် ပိုင်းချလိုက်သည်။

ဘုန်း....

ယန်ယဲ့ သည် ဆံပင်ဖြူအဘိုးအို၏

လက်သီးချက်မှ တန်ပြန်အားကြောင့်

နောက်ပြန်ဆုတ်သွားခဲ့သည်။

အဘိုးအိုကတော့ နေရာမှာပဲ

တုတ်တုတ်မျှပင်မလှုပ်ပေ။

ထိုအချိန်တွင် ဆံပင်ဖြူအဘိုးအိုက

ရှေ့ထပ်တိုးကာ

ယန်ယဲ့ရှေ့ကိုရောက်လာပြီး လက်သီးဖြင့်

ထပ်မံထိုးချလိုက်သည်။

ဘုန်း...

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာထိ ထပ်မံလွင့်ထွက်သွားခဲ့သည်။ သူ့ကိုယ်သူ ရပ်လိုက်သည်နှင့် ပါးစပ်ထောင့်မှ သွေးအချို့ စိမ့်ထွက်လာသည်။

သို့သော် ဆံပင်ဖြူအဘိုးအိုက ထပ်၍မတိုက်ခိုက်တော့ဘဲ ယန်ယဲ့ ကို

အေးစက်စွာကြည့်ကာ "မင်းမှာရှိတာ ဒါပဲလား"ဟုပြောလိုက်သည်။

ယန်ယဲ့ က သူ့ပါးစပ်ထောင့်ရှိ သွေးများကို သုတ်လိုက်ပြီး အဘိုးအိုကို စိုက်ကြည့်ရင်း "လာခဲ့ပါ"

စကားပြောပြီးသည်နှင့် အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ ပျောက်ကွယ်သွားခဲ့သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ နှင့်

ပေါင်းစပ်ထားသည့်

ပြန်လည်မွေးဖွားခြင်း၏ဓား ။

ဆံပင်ဖြူအဘိုးအိုရှေ့ကို

ချက်ခြင်းရောက်လာသော

အလင်းတန်းများဟာ

လျှပ်စီးလက်သကဲ့သို့ပင်။

အလင်းတန်းများ နောက်ကွယ်မှ

ရှည်လျားသော

အာကာသအက်ကြောင်းပါပေါ်လာခဲ့သ

ည်။

ထိုမျှမဟုတ်ဘဲ ပတ်ပတ်လည်ရှိ

အာကာသပြင်ဟာ ပွင့်ထွက်သွားခဲ့သည်။

ဆံပင်ဖြူအဘိုးအိုရဲ့ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားပြီး

သူ့ညာလက်သီးကို

ခပ်တင်းတင်းဆုပ်လိုက်သည်။

ခဏအကြာမှာပဲ လက်သီးမှ

လေဝဲကတော့တစ်ခုပေါ်လာပြီး

သူ၏လက်သီးကို ရှေ့သို့ ထိုးလိုက်သည်။

အုန်း...

လေဝဲကတော့ဟာ အားပြင်းသော

လေဆင်နှာမောင်းတစ်ခုနှယ် ပြောင်းကာ

အလင်းတန်းအသွင်ပြောင်းထားသော

ယန်ယဲ့ကို ဖုံးအုပ်ထားသည်။

ဘောင်း...

ထို့နောက်တွင် ကျယ်လောင်သော

ပေါက်ကွဲသံများ

ဆက်တိုက်ထွက်ပေါ်လာ၏။

ကီလိုမီတာရာချီသော

အာကာသပြင်ဟာပြင်းထန်စွာ

တုန်ခါနေခဲ့လေသည်။

အခြားသော ထာဝရတန်ခိုးရှင် ၃ ပါးဟာ

သူတို့ရှေ့မှ တိုက်ပွဲအား ကြည့်နေရင်းဖြင့်

မျက်နှာထက်

လေးနက်သောအမူအရာအပြည့်ပါ။

အမှန်တိုင်းပြောရလျှင်

ထိုအမည်မသိသခင်ငယ်က

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

အကြီးအကဲကို

ထိပ်တိုက်ရင်ဆိုင်နိုင်မည်ဟု သူတို့

မထင်ထားကြပေ။

အမှန်တော့လည်း

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

အကြီးအကဲများဟာ လွန်ခဲ့သည့်

ရာစုနှစ်ပေါင်းများစွာကတည်းကပင်

ထာဝရတန်ခိုးရှင်များဖြစ်နေကြ၏။

ထိုအဆင့် ကျင့်ကြံသူများဟာ

ထာဝရတန်ခိုးရှင်အဆင့် ထက်

မကျော်လွန်နိုင်သည့်တိုင်အောင် သာမန်

ထာဝရတန်ခိုးရှင်များ ရင်ဆိုင်နိုင်သည့်

အရာမဟုတ်ပေ။

လက်ရှိတွင်မူ

ပြန်လည်မွေးဖွားခြင်းအဆင့်

သာရှိသေးသော

သခင်ငယ်တစ်ယောက်ဟာ

ထာဝရတန်ခိုးရှင်အဆင့်

အကြီးအကဲအား

အပြန်အလှန်တိုက်ခိုက်နေ၏။

ဒီအချိန်မှာ အားလုံးက ယန်ယဲ့၏

ပုံရိပ်မှန်ကို သိချင်လာကြသည်။

တစ်ချိန်တည်းတွင် တိုက်ပွဲက

ဆက်ဖြစ်နေတုန်းပါ။

ဓားစွမ်းအင်နှင့် စွမ်းအင်လက်သီးများက

ပတ်ဝန်းကျင်တစ်ခုလုံး

အပြည့်လွှမ်းခြုံထား၏။

တိုက်မိလိုက်တိုင်း အာကာသပြင်ကို

ပြင်းထန်စွာ တုန်လှုပ်သွားစေသည်။

ထို့အပြင် နေရာတစ်ခုလုံးကား

ပြိုကျလုနီးပါးဖြစ်လာခဲ့သည်။ သို့ရာတွင်

ဆံပင်ဖြူအဘိုးအိုက

သူ့လက်ကိုဝှေ့ယမ်းကာ

ချက်ချင်းပြုပြင်လိုက်သည်။ ထို့အတူ
ယန်ယဲ့ဟာ အာကာသတွင်းနက်ကို
ထိန်းချုပ်လို့မရတော့ပေ။

ဆံပင်ဖြူအဘိုးအိုက ယန်ခုံးကို
မကယ်နိုင်သော်လည်း
အာရုံခံကြည့်လိုက်ရာ
မျက်နှာပျက်သွားခဲ့လေသည်။
အကြောင်းမှာ ယန်ခုံး
အသတ်ခံရသည့်နည်းလမ်းကိုတွေ့လိုက်

လို့ပါ။ ယန်ခုံး က

လူပြန်ဝင်စားလို့မရတော့အောင်

အသတ်ခံခဲ့ရလေသည်။

တစ်ဆက်တည်း

အတော်လေးကိုအံ့သြသွားမိသည်။

ယန်ခုံးက သူ့ထက် အားနည်းသော်လည်း

သိပ်ပြီးနိမ့်ကျမနေပေ။ သို့သော်

ယန်ယဲ့သည် အာကာသတွင်းနက်ကို

အသုံးချကာ

ယန်ခုံးကိုသတ်ပစ်လိုက်သည်။

ထို့ကြောင့် သူက

အာကာသပြိုကျခါနီးတိုင်း မတုံ့ဆိုင်းဘဲ

ချက်ချင်းပြုပြင်နေခြင်းပါ။

အာကာသတွင်းနက်

ဖြစ်ပေါ်မလာသရွေ့တော့ သူ့အနေဖြင့်

ယန်ယဲ့ကိုသတ်ဖို့က

အချိန်တစ်ခုသာလိုမည်ကို
ယုံကြည်နေသည်။

အမှန်တော့ ယန်ယဲ့၏
အမှောင်တာအိုဥပဒေသ သည်
အာကာသတွင်းနက်၏
အရွယ်အစားပေါ်တွင်
မူတည်သည်။အာကာသတွင်းနက်ကြီး
လေလေ အမှောင်ထုနှင့်
အမှောင်စွမ်းအင်ကို

ထိန်းချုပ်နိုင်လေလေပါ။

တစ်နည်းအားဖြင့်

အမျှောင်တာအိုဥပဒေသက ပို၍

အားကောင်းလာပေမည်။

အစပိုင်းတွင် ယန်ယွဲ့ သည်

အာကာသတွင်းနက်ကို အသုံးချကာ

ဆံပင်ဖြူအဘိုးအိုကို တိုက်ခိုက်ရန်

ရည်ရွယ်ထားခဲ့သည်။ကံမကောင်းစွာပဲ

ဆံပင်ဖြူအဘိုးအိုက

အခွင့်အရေးမပေးဘဲ အာကာသပြင်ကို
အဆက်မပြတ်ပြုပြင်နေခဲ့၏။
ဒီအချိန်မှာတိုက်ပွဲသည် ယန်ယဲ့အတွက်
လုံးဝကိုစိတ်ပျက်စရာပင်။

တစ်ချိန်တည်းတွင် ယန်ယဲ့ သည်
တဖြည်းဖြည်းနှင့် အရေးနိမ့်လာပါသည်။
သို့မဟုတ်
တစ်ဖက်သက်ဖိနှိပ်ခံနေရသည်ဟုပင်
ပြောရပေမည်။

သို့သော် လက်ရှိအခြေအနေက ပုံမှန်ပင်။ ဆံပင်ဖြူအဘိုးအို၏ ခွန်အားနှင့် ကျင့်ကြံမှုအဆင့်ဟာ သူ့ထက် ၂ ဆ သာနေခဲ့လို့ပါ။

အုန်း...

ထိုအတောအတွင်း ပေါက်ကွဲသံ

ရုတ်ချည်း ထွက်ပေါ်လာပြီးနောက်

ပုံရိပ်တစ်ခု လွင့်ပျံလာခဲ့သည်။

ထိုပုံရိပ်က ယန်ယွဲ့ ပင်။

ဆံပင်ဖြူအဘိုးအို က နောက်ထပ်

မတိုက်ခိုက်တော့ဘဲ သူ၏အရှိန်အဝါဖြင့်

ယန်ယွဲ့ပေါ်ကို ဖိနှိပ်ထားပြီး "မင်းရဲ့

ခွန်အားက မဆိုးပါဘူး။ ဒါပေမဲ့ မင်းမှာ

ဒီလောက်လေးနဲ့

ငါ့စည်းကမ်းထိန်းသိမ်းရေးခန်းမကို

စိန်ခေါ်ချင်တာလား။

ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ"

ဟုလှောင်ပြောင်လိုက်သည်။

ယန်ယဲ့ သည် ဆံပင်ဖြူ အဘိုးအိုကို

စိုက်ကြည့်ကာ ငြိမ်သွားသည်။

ထိုအတောအတွင်း ဆံပင်ဖြူအဘိုးအိုက

“ဒါပေမဲ့ ငါတကယ်ကို သိချင်နေတယ်။

ဘာလို့လဲဆိုတော့ ငါသိတဲ့

သခင်ငယ်တွေအကုန်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ၊ စားစိတ်ဆန္ဒ နဲ့

အမှောင်တာအိုဥပဒေသတွေကို

ဘယ်သူမှ မပိုင်ဆိုင်ထားဘူး။ မင်းက

သခင်ငယ် ၉ ယောက်ထဲက ဘယ်သူလဲ

သိချင်မိတယ်"ဟူ၍ ဆက်ပြောခဲ့သည်။

ထိုအချိန်တွင် သူက ယန်ယဲ့ကို
စိုက်ကြည့်ပြီးနောက်
“ဒီအနက်ရောင်ဝတ်ရုံကို မင်းကိုယ်တိုင်
ဖယ်ပေးမှာလား ဒါမှမဟုတ်
ငါလုပ်ပေးရမလား” ဟု ပြောလိုက်၏။

ယန်ယဲ့ က စကားမပြောဘဲ နတ်ဆားကို
မြှောက်လိုက်သည်။ နတ်ဓားက
အနည်းငယ်တုန်ခါသွားပြီးနောက်
အလင်းတန်းများ

တဖျပ်ဖျပ်ခတ်လာသည်။

တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်ထဲမှ

ကြောက်မက်ဖွယ်ရာ စိတ်ဆန္ဒလှိုင်းတစ်ခု

ထွက်ပေါ်လာသည်။ ထို့နောက်

ချက်ချင်းဆိုသလိုပဲ ရှေးဟောင်းစားအိမ်

ထဲကို တိုးဝင်သွားသည်။

ဒီအချိန်မှာ ဆံပင်ဖြူအဘိုးအို၏

မျက်နှာက တဖြည်းဖြည်း

အေးစက်သွားသည်။

သူ၏ညာဖက်လက်သီးကို ဖြည်းညှင်းစွာ
ဆုပ်လိုက်သည်နှင့် လေလှိုင်းများ
တဖျပ်ဖျပ်ခတ်လာသည်။

တိုက်ခိုက်မှုကို
မထုတ်ဖော်သေးသော်လည်း
ပတ်ပတ်လည်ရှိ ကီလိုမီတာရာချီသော
အာကာသပြင်ဟာ ပြင်းထန်စွာ
တုန်လှုပ်သွားခဲ့သည်။

အခြားသော ထာဝရတန်ခိုးရှင် ၃ ပါးလုံး

သိသိသာသာ

တုန်လှုပ်သွားကြသည်။အကြောင်းမှာ

ယန်ယွဲ့ သည်

အစွမ်းထက်တိုက်ခိုက်မှုတစ်ခုအား

ထုတ်ဖော်တော့မည်ကို သတိပြုမိလို့ပါ။

ထိုအချိန်တွင် ယန်ယွဲ့၏ အော်ရာက

အားကောင်းသည်ထက်

အားကောင်းလာပါသည်။

ခဏအကြာတွင်တော့ ယန်ယဲ့သည်

ရုတ်တရက် လှုပ်ရှားသွားသည်။

နတ်ဓားကို ရှေးဟောင်းဓားအိမ်ထဲမှ

ဆတ်ခနဲဆွဲထုတ်ပြီး သူ့ရှေ့မှ

အာကာသပြင်ကို ပိုင်းချလိုက်၏။

ထို့နောက် အာကာသအက်ကြောင်းထဲကို

ခုန်ဝင်သွားတော့သည်။

သူထွက်ပြေးတာလား ။

ထိုမြင်ကွင်းကြောင့် အားလုံး
အံ့သြသွားကြလေသည်။

ဒီသခင်ငယ်က ထွက်ပြေးသွားတာလား ။

လူတိုင်း က
အစောပိုင်းဖြစ်ပျက်သွားသည့်မြင်ကွင်း
အား ပြန်မှတ်မိနေတုန်းပင်။
နောက်ဆုံးတွင် ထိုသခင်ငယ်က
ဆံပင်ဖြူအဘိုးအို နှင့် သေသည်အထိ

တိုက်ခိုက်ဖို့တောင်

ပြင်နေသည်မဟုတ်ပါလား။ လက်ရှိတွင်

ရုတ်တရက်ကြီး ထွက်ပြေးသွား၏။

ဆံပင်ဖြူအဘိုးအို၏ မျက်နှာက

အတော်လေးကို ကြည့်ရဆိုးလာသည်။

မမျှော်လင့်ဘဲ သူက ထိုသခင်ငယ်၏

ကစားကွက်ထဲဝင်သွားမည်ဟု

မထင်ထားပေ။ ထို့နောက်တွင်

စကားတစ်ခွန်းမှ မပြောဘဲ နေရာမှာပင် ပျောက်သွားခဲ့သည်။

အခြားသော ထာဝရတန်ခိုးရှင်များက ဆံပင်ဖြူ အဘိုးအိုနောက်သို့ လိုက်ရန် ပြင်ကြသည်။ ထိုအချိန်တွင် အဝေးတစ်နေရာမှ အဘိုးအို၏အသံ ရုတ်တရက် ထွက်ပေါ်လာသည် “ငါတစ်ယောက်တည်း လုံလောက်တယ်။

သခင်ငယ် (၉) ယောက်ကို သွားစုံစမ်းပါ။
အားလုံးကို သေချာပြန်စုံစမ်းပါ"

ထာဝရတန်ခိုးရှင်များအားလုံး ခဏမျှ
တုံ့ဆိုင်းသွားပြီးနောက် အသီးသီး
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ဆံပင်ဖြူအဘိုးအိုပြောသလိုပဲ
အားလုံးက ယန်ယွဲ့၏ပုံရိပ်မှန်ကို
သိချင်နေကြသည်။

...

ထွက်ပြေးခြင်း...

ယန်ယဲ့ သည် သဘာဝအတိုင်း

ထွက်ပြေးရန်သာ ရွေးချယ်ခဲ့သည်။

သူသည် လူမိုက်မဟုတ်ပေ။

ဆံပင်ဖြူအဘိုးအိုကို

အသေအကြေတိုက်ခိုက်ဖို့က သူ့အတွက်

လုံးဝအဓိပ္ပါယ်မရှိပေ။ သူ၏ပစ်မှတ်က

ယန်ယန် ပါ။ ထို့အပြင် လက်ရှိက

ဆံပင်ဖြူအဘိုးအိုအပြင် အခြားသော

ထာဝရတန်ခိုးရှင် ၄ ပါးပင် ရှိနေ၏။

အဆုံးသတ်တွင် သူသည်

မည်သည့်အရာမှ

ရယူနိုင်မည်မဟုတ်သောကြောင့်

တိုက်ပွဲအနိုင်ရသည်မရသည်ကို

ဂရုမစိုက်တော့ပေ။

ထိုကဲ့သို့အခြေအနေဟာ

ထွက်ပြေးဖို့သာအရေးကြီး၏။
မည်သို့ပင်ဆိုစေ ဆံပင်ဖြူအဘိုးအိုနှင့်
အခြား ထာဝရတန်ခိုးရှင်များက သူ့အား
မသိကြပေ။

ကံမကောင်းစွာပဲ လက်တွေ့မှာတော့
သူက ဆံပင်ဖြူအဘိုးအို၏ အရှိန်နှင့်
ခွန်အားနှစ်ခုလုံးကို လျှော့တွက်မိခဲ့သည်။

၁၀ မိနစ်ခန့်အကြာတွင် ယန်ယဲ့ သည်
ရုတ်တရက် ရပ်သွားသည်။
အကြောင်းကတော့ ဆံပင်ဖြူအဘိုးအို
ဟာ သူနှင့်သိပ်မဝေးလှသောနေရာမှ
ပေါ်လာသောကြောင့်ပင်။ သူက
ဆက်ပြီးထွက်မပြေးတော့ဘဲ
ရပ်နေလိုက်သည်။ တစ်ချိန်တည်းမှာပင်
၃ ကီလိုမီတာ အကွာရှိ အာကာသပြင်ထဲမှ

ပြင်းထန်သော အော်ရာတစ်ခု ချက်ချင်း

ထွက်ပေါ်လာသည်။

"ထွက်ပြေးနေတာလား"

ဆံပင်ဖြူအဘိုးအိုက

လှောင်ပြောင်ရယ်မောရင်း “မင်းအရင်က

အရမ်းမောက်မာနေတာမဟုတ်ဘူးလား။

မင်းက ငါ့ရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

စိန်ခေါ်ဝံ့တဲ့ ပထမဆုံးမဖြစ်ချင်ဘူးလား။
ဘာလဲ၊ မင်း အခုထွက်ပြေးတော့မှာလား"

ယန်ယဲ့ က ခဏမျှ နှုတ်ဆိတ်နေပြီးမှ
"အဘိုးကြီး၊ မင်းတစ်ယောက်တည်း
လာတာလား"ဟု ပြန်မေးလိုက်၏။

ဆံပင်ဖြူအဘိုးအိုက “ငါ
မလုံလောက်ဘူးလား” ဟု ဂရုမစိုက်ဘဲ
ပြောလိုက်သည်။

"မင်းတစ်ယောက်တည်းလား..." ယန်ယွဲ့
က ခေါင်းညိတ်ပြီး ဆက်ပြောသည်
"ဒါဆို ငါ မထိန်းထားတော့ဘူး"

စကားပြောပြီးသည်နှင့် ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ အဘိုးအို၏
ရှေ့နှင့်နောက်မှ
သွေးရုပ်သေးတစ်ကောင်စီပေါ်လာသည်။

သွေးရုပ်သေးနှစ်ကောင် ကို

မြင်သောအခါ ဆံပင်ဖြူအဘိုးအိုက

ချက်ချင်း မျက်နှာပျက်သွား၏။

သူက ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"မင်းငါ့ကို

တစ်ယောက်ချင်းတိုက်ခိုက်မယ်လို့

ငါထင်နေတာ"ဟုပြောပါသည်။

"တစ်ယောက်ချင်းတိုက်ခိုက်ရမလား"

ယန်ယဲ့ က ခေါင်းခါလိုက်သည်

“အဘိုးကြီး၊ မင်းက

အိပ်မက်မက်နေတာပဲဖြစ်ရမယ်။ ငါက

အခွင့်အရေးရရင်

တစ်ယောက်ချင်းတိုက်ခိုက်မယ်။

မဟုတ်ရင်တော့ မင်းကိုသတ်ဖို့

အုပ်စုဖွဲ့သင့်ရင်ဖွဲ့ရမယ်”

တစ်ယောက်ချင်းတိုက်ပွဲလား...

ယန်ယဲ့ ဟာ ထိုအခြေအနေကို တစ်ခါမှ

မစဉ်းစားခဲ့ပေ။ အနည်းဆုံးတော့

သူ့ရှေ့မှ ဆံပင်ဖြူအဘိုးအို ကို

တစ်ယောက်ချင်းတိုက်ခိုက်ဖို့

မစဉ်းစားမိပေ။

တစ်ယောက်ချင်းတိုက်ပွဲဟူသည်

ပြိုင်ဖက်နှင့်ရင်ဆိုင်ရသူအပေါ်

မူတည်ပါသည်။ အကယ်၍ သူဟာ

ပြိုင်ဖက်ထက် အားနည်းနေလျှင်

တစ်ယောက်ချင်းတိုက်ခိုက်သည့်အထိ

ကိုယ့်သေတွင်းကိုတူးမည်မဟုတ်ပေ။

ယန်ယဲ့က တိုက်ခိုက်ရန်ပြင်လိုက်စဥ်

ဆံပင်ဖြူအဘိုးအိုက

ရုတ်တရက်ပြောလိုက်သည်

“ငါတို့ယန်ကလန်ရဲ့

ဆက်ခံသူနေရာလုတိုက်ပွဲမှာ ပါဝင်မယ့်

သခင်ငယ် ၉ ယောက်ရှိတယ်။ ငါသူတို့ကို

ကောင်းကောင်းမသိပေမဲ့

သူတို့အားလုံးအကြောင်းကို နည်းနည်းသိထားတယ်။ ဒါပေမဲ့ မင်းဟာ သူတို့ထဲက တစ်ယောက်မဟုတ်တာ ငါသေချာတယ်”

ယန်ယဲ့က မျက်လုံးများကို အနည်းငယ် မှိတ်ထားပြီး "မင်းဘာပြောဖို့ ကြိုးစားနေတာလဲ"ဟု မေးလိုက်လေသည်။

ဆံပင်ဖြူအဘိုးအို က ယန်ယဲ့ကို တည့်တည့်စိုက်ကြည့်ကာ "မင်းဟာ ယန်မျိုးနွယ်ဝင် မဟုတ်ဘူးလို့ ငါ သံသယရှိတယ်"ဟုပြောလိုက်သည်။

လက်ရှိတွင် ယန်ယဲ့ သည် ဓားနယ်မြေကိုသုံး၍ သူ့ကိုယ်သူ ဖုံးကွယ်ထား၏။ ဆံပင်ဖြူအဘိုးအိုက သူ၏သွေးမျိုးဆက်ကို အာရုံခံနိုင်စွမ်းမရှိပေ။

ယန်ယဲ့ က "ဒါက ထူးထူးခြားခြားဖြစ်သလား"ဟုပြန်ပြော လိုက်၏။

ဆံပင်ဖြူအဘိုးအိုက အေးစက်စွာ ရယ်မောကာ “ဟုတ်ပါတယ်။ မင်းက ယန်မျိုးနွယ်ဝင် ဖြစ်ရင်တော့ ယန်တုံချင်း မဲ့ ယန်ခုံးကို သတ်တာက ငါတို့ယန်ကလန်ရဲ့အတွင်းပိုင်း

ကိစ္စဖြစ်သွားပြီ။ ဒါဆိုရင် ငါတို့က ဒါကို ဖြေရှင်းဖို့ ကလန်ရဲ့အတွင်းပိုင်း နည်းလမ်းတွေကို သုံးမယ်။ ဒါပေမဲ့ မင်း ယန်မျိုးနွယ်ဝင် မဟုတ်ရင် အဲဒါက အတွင်းရေးမဟုတ်တော့ဘူး။ ငါတို့ယန်ကလန်ရဲ့ အဖွဲ့ဝင်ကို သတ်တဲ့ ပြင်ပလူတစ်ယောက်ရဲ့ အကျိုးဆက်က ဘာလဲ မင်းသိလား"ဟူ၍

သတ်ဖြတ်ချင်စိတ်အပြည့်ဖြင့်ပြောခဲ့သ
ည်။

ထို့နောက် သူက စကားခဏရပ်ပြီး
“မင်းမှာ တခြားဝှက်ဖဲတွေ ရှိတယ်ဆိုတာ
ငါသိတယ်။ ဒါပေမဲ့ မင်း ယန်ကလန်ရဲ့
အဖွဲ့ဝင်မဟုတ်ရင်တော့
မနက်ဖြန်နေထွက်တာကို
မြင်နိုင်မှာမဟုတ်ဘူးလို့
အာမခံပါရစေ"ဟုထပ်ပြောပါသည်။

ယန်ယဲ့ က ခဏမျှ တိတ်ဆိတ်သွားပြီး ဆံပင်ဖြူအဘိုးအို ထံ သွေးတစ်စက် ပစ်ပေးလိုက်သည်။

လက်ရှိတွင် သူက ယန်ကလန်တစ်ခုလုံး နှင့် ရန်သူမဖြစ်လိုပေ။ အကယ်၍ သူသာ ယန်ကလန် ကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ပါက အကျိုးဆက်အနေဖြင့် ကောင်းကင်ငယ်ကို မကယ်နိုင်ဘဲ

သူကိုယ်တိုင်ပါ အသတ်ခံရပေမည်။

ဆံပင်ဖြူ အဘိုးအိုက သူ့လက်ဝါးပေါ်မှ သွေးစက်ကို အချိန်အတော်ကြာ စေ့စေ့ကြည့်ကာ "မင်းဟာ ယန်မျိုးနွယ်" ဟူ၍ အံ့အားသင့်နေသံဖြင့် ပြောခဲ့သည်။

ယန်ယဲ့ က "ပြီးတော့...."

ဆံပင်ဖြူအဘိုးအိုက ယန်ယဲ့ကို စိုက်ကြည့်ရင်း “မင်း ဘယ်သခင်ငယ်မှန်း

ငါမသိပေမယ့် မကြာခင်မှာ သိလာမှာ

သေချာတယ်။ကလေး၊ မင်း

ခဏစောင့်ပါ။

ငါ့စည်းကမ်းထိန်းသိမ်းရေးခန်းမက

မကြာခင်ပြန်လာလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့်

ဆံပင်ဖြူအဘိုးအို၏ခန္ဓာကိုယ်သည်

တဖြည်းဖြည်း မှုန်ဝါးလာသည်။

ဆံပင်ဖြူအဘိုးအိုက သဘာဝအတိုင်း

ထွက်သွားဖို့သာ ရွေးချယ်လိုက်သည်။

သူ့ကိုယ်သူ ယုံကြည်သည့်တိုင် ယန်ယွဲ့

နှင့် သွေးရုပ်သေးနှစ်ကောင်ကို

တိုက်ခိုက်နိုင်သည်ထိတော့ မဟုတ်ပေ။

အကယ်၍ ထွက်မသွားဘဲ

ဆက်ပြီးတိုက်ခိုက်ပါက

နောက်ဆုံးအသတ်ခံရသူဟာ

သူကိုယ်ပင်ဖြစ်သွားပေမည်။ သူက

ထိုအချက်ကို

ကောင်းကောင်းနားလည်ထားပြီး

ထွက်သွားဖို့သော ပြတ်ပြတ်သားသား

ရွေးချယ်လိုက်သည်။

ယန်ယဲ့ သည် ဆံပင်ဖြူအဘိုးအို

နောက်ကို လိုက်မသွားပေ။ ထိုအဆင့်

ကျင့်ကြံသူဟာ

ထွက်ပြေးဖို့ရည်ရွယ်ထားလျှင်

သူ့အနေဖြင့် ဘာမှမတတ်နိုင်ပေ။

ထို့အပြင် သူသည် ညှိနှိုင်းမရသော

အရာများကို မပြုလုပ်ချင်ပေ။

ဆံပင်ဖြူအဘိုးအိုကို

သတ်လိုက်နိုင်သော်လည်း သူ့လုပ်ရပ်က

အစွန်းရောက်သွားနိုင်၏။

မည်သို့ပင်ဖြစ်စေကာမူ

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

သေသည်အထိ တိုက်ခိုက်ဖို့မလိုပါ။

ပြောရလျှင် ပြန်ရမည့်အရာက မတန်ပေ။

May Be:

၁၉၆၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၈ -

လျှို့ဝှက်ဆန်းကြယ်သောအနက်ရောင်အ

ရိပ်

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး ထွက်သွားရန် ပြင်လိုက်၏။ သို့သော် သူ့ညာဖက်ကို ရုတ်တရက်ကြည့်ကာ "ကိုယ့်ကိုယ်ကို ပြမလား"ဟုပြောလိုက်သည်။

ခဏမျှ တိတ်ဆိတ်သွားကာ ထိုနေရာက တုန်လှုပ်သွားပြီး အတွင်းကနေ ပုံရိပ်တစ်ခု

ထွက်လာသည်။

ယန်ရှမ် လား....

ယန်ရှမ် က

"နင်တကယ်အသက်ရှင်နေတာပဲ"

ယန်ယွဲ့ က ခေါင်းခါလိုက်သည် "ငါ

ကံကောင်းသွားတာပါ"

ယန်ရှမ် က ယန်ယဲ့ ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒါကို

နောက်မှပြောရအောင်။

ငါနဲ့အတူပြန်လိုက်ခဲ့။

နောက်ထပ်လုပ်စရာတွေ

အများကြီးရှိသေးတယ်”

ယန်ယဲ့ က အံ့သြသွားပြီး

"ငါတို့လုပ်မှာလား"

သူမက “ဆက်ခံသူတိုက်ပွဲက

ဘာကိုကိုယ်စားပြုတယ်ဆိုတာ သိလား။

ရိုးရိုးရှင်းရှင်းပြောရရင် ဒါဟာ

သေမျိုးကမ္ဘာက ထီးနန်းလုတိုက်ပွဲလိုပဲ။

ငါတို့ယန်ကလန်မှာ ရှုံးတဲ့ဖက်က

ပျက်စီးမသွားရင်တောင်

ပင်မျိုးနွယ်ကနေ အဝေးကို

ပို့ခံရမှာပဲ။အနိုင်ရတဲ့ဖက်ကတော့

မျိုးနွယ်စုမှာ

ဩဇာအာဏာရှိရုံတင်မကဘူး၊

သူတို့နောက်လိုက်တွေကလည်း

အဆင့်အတန်းနဲ့ ချမ်းသာကြွယ်ဝတာကို

ခံစားရလိမ့်မယ်”ဟုထပ်ပြောပါသည်။

ယန်ယဲ့ က

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

ယန်ရှမ် က "ဆက်ခံသူဖြစ်လာရင်

သေချာပေါက်အကျိုးရှိတယ်။

ဘာအကျိုးကျေးဇူးတွေလဲသိလား။

အနာဂတ်အကျိုးခံစားခွင့်တွေကို အခုပဲ

ကျော်လိုက်ကြရအောင်။ နင်က

ဆက်ခံသူဖြစ်လာသရွေ့ ယန်ကလန်ရဲ့

အရင်းအမြစ်တွေအားလုံးကို

ဦးစားပေးသုံးလို့ရမယ်။

ကျင့်ကြံရေးနည်းစနစ်တွေ၊

တိုက်ခိုက်ရေးနည်းစနစ်တွေ၊

လက်နက်တွေ… … အကုန်လုံး

ယန်ကလန်မှာ ရှိနေရင်တော့

နင်သေချာပေါက် ယူနိုင်တယ်။

ဘာလို့လဲဆိုတော့ နင်က

နောင်မျိုးဆက်ရဲ့ ဘိုးဘေးဖြစ်လာဖို့

မွေးဖွားလာလို့ပဲ။ ရိုးရိုးရှင်းရှင်းပြောရရင်

နင်သာ ဆက်ခံသူဖြစ်လာသရွေ့

တခြားသခင်ငယ်တွေကို

ထည့်တွက်နေစရာမလိုတော့ဘူး"

သူမက စကားကိုခဏရပ်ပြီး

“နင်တစ်ယောက်တည်း

အကျိုးရှိမှာမဟုတ်ဘူး။

နင့်ဖက်ကရပ်တည်ပေးမယ့်သူတိုင်းပါ

ဦးစားပေးစာရင်းမှာ ပါပါတယ်။ နင်

ဆက်ခံသူဖြစ်လာရင် ငါသေချာပေါက်

နောက်ထပ်တစ်လှမ်းတိုးပြီး ဒီထက်ပိုပြီး

အခွင့်အာဏာကို ရယူနိုင်မှာပါ"

ယန်ယဲ့ က ခေါင်းညိတ်ပြီး "နားလည်ပါတယ်" ဟုသာ ပြန်ပြောသည်။ ယန်ရှမ် ပြောသည့်အတိုင်း အမှန်ပါ။ သူသာ အာဏာရလာသည်နှင့် သူ့ဘေးနားမှ လူတိုင်းက အကျိုးများပေမည်။

ယန်ရှမ် က ခေါင်းညိတ်ပြီး "လာ။ နင်နဲ့တွေ့ချင်တဲ့လူနှစ်ယောက်ရှိတယ်"ဟု ပြောခဲ့သည်။

ယန်ယဲ့ က "ဘယ်သူလဲ"

ယန်ရှမ် က ခဏတိတ်ဆိတ်နေပြီး

"နင့်အဖေရဲ့

လက်အောက်ငယ်သားဟောင်းတွေနဲ့

လက်ရှိ တပ်မှူး ၇ ယောက်ထဲက

နှစ်ယောက်။ သူတို့နဲ့တွေ့ရင်

လေးစားမှုရှိပါ”ဟု ပြောပြီးသည်နှင့်

နေရာတွင်ပင် ပျောက်သွားသည်။

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး ယန်ရှမ် နောက်ကို လိုက်သွားခဲ့သည်။

သူသည် ယန်ကလန် အကြောင်းကို များများစားစား မသိပေ။ ထို့ကြောင့် သွားနေရင်းဖြင့် ယန်ရှမ် ကို အထပ်ထပ်မေးလိုက်သည်။

ဤအခိုက်အတန့်မှာ ယန်ယဲ့ သည်
ယန်ကလန် အကြောင်းကို အကြမ်းဖျင်း
နားလည်လာခဲ့သည်။

သဘာဝအတိုင်း
ယန်ကလန်၏ဘိုးဘေးက
အကြီးကျယ်ဆုံး အာဏာရှိသူပင်။
ယန်ဘိုးဘေး၏အမည်က ယန်ဝူတျန်
ဖြစ်သည်။ ၎င်းက ယန်ကလန်၏
အစွမ်းထက်ဆုံးကျင့်ကြံသူ ဖြစ်သလို

နဂါးငွေ့တန်းကြယ်စင်စု၏

အလယ်စကြာဝဠာရှိ

အစွန်းထက်ဆုံးတစ်ယောက်ပါ။

ယန်ဘိုးဘေး၏ အောက်က

အကြီးအကဲများအဖွဲ့ ဟူ၍

အခြားအဖွဲ့တစ်ခုလည်း ရှိခဲ့သည်။

အကြီးအကဲများအဖွဲ့ကို ယန်ကလန်၏

ပင်မမျိုးဆက် နှင့် မျိုးနွယ်ခွဲများမှ

ကျင့်ကြံသူများဖြင့် ဖွဲ့စည်းထားသည်။

အားလုံးက

ထိပ်တန်းအဆင့်ကျင့်ကြံသူများချည်း

သာ။ ထို့အပြင် ၎င်းတို့၏

အဆင့်အတန်းဟာ ယန်ဘိုးဘေး

ထက်တောင်မှ သာလွန်နေသေးသည်။

ထို့အပြင် အကြီးအကဲများအဖွဲ့ဟာ

အထူးအာဏာတစ်ခုပါ ပိုင်ဆိုင်ထား၏။

ထိုအရာက ကလန်၏ဘိုးဘေးကို

အရေးယူနိုင်ခြင်းပင်။ ဘိုးဘေးသည်

မျိုးနွယ်စု၏ အကျိုးစီးပွား

ထိခိုက်စေသော တစ်စုံတစ်ရာကို

ပြုလုပ်မိလျှင် အကြီးအကဲများအဖွဲ့ဟာ

ရာထူးမှ ထုတ်ပယ်ပစ်နိုင်သည်။

မှန်သည်၊ ကြိုတင်သတ်မှတ်ချက်က

အကြီးအကဲများအဖွဲ့၏ ၈၀

ရာခိုင်နှုန်းကျော်က

သဘောတူရပေမည်။

အကြီးအကဲများအဖွဲ့၏ လက်အောက်၌

စည်းကမ်းထိန်းသိမ်းရေးခန်းမ

ရှိနေခဲ့၏။ ၎င်းသည် ယန်မျိုးနွယ်စုမှ

ထိပ်သီးကျင့်ကြံသူများဖြင့်

အဆင့်ဆင့်ဖွဲ့စည်းထားခဲ့သည်။

သဘာဝအတိုင်း နိုင်ငံတစ်ခုတွင်

ပြဌာန်းထားသည့် ဥပဒေများရှိသလို

မိသားစုတစ်ခုမှာလည်း

ကိုယ်ပိုင်စည်းမျဉ်းများရှိကြသည်။

အလားတူပါဘဲ၊ ယန်ကလန်ဟာ

ကိုယ်ပိုင်စည်းမျဉ်းများ
သတ်မှတ်ထား၏။ သို့သော်လည်း
လူတိုင်းဟာ ထိုစည်းမျဉ်းများကို
လိုက်နာဖို့ မလွယ်လှပေ။

ထို့နောက်တွင် ယန်ကလန်၏
အာဏာပိုင်များ စုဝေးကာ
စည်းကမ်းထိန်းသိမ်းရေးခန်းမကို
ဖန်တီးလိုက်ကြသည်။

အထူးခွင့်ပြုချက်အနေနှင့်

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ

စည်းမျဉ်းချိုးဖောက်သူကို

စစ်ဆေးမေးမြန်းခြင်းမပြုဘဲ

ချက်ချင်းသတ်ပစ်နိုင်၏။

တစ်နည်းဆိုရသော်

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ

ယန်ကလန်၏

အာဏာအရှိဆုံးဟုပင်ဆိုနိုင်လေသည်။

စည်းကမ်းထိန်းသိမ်းရေးခန်းမ
အောက်တစ်ဆင့်က စစ်သူကြီး (၇) ဦး
ရှိခဲ့သည်။ စစ်သူကြီး (၇) ဦးက
ယန်ကလန်၏ အင်အား ၇၀ ရာခိုင်နှုန်းကို
ထိန်းချုပ်ထားသည်။ ထိုမျှမကဘဲ
ယန်ကလန်၏လက်အောက်မှ
ကမ္ဘာအားလုံးကို စောင့်ကြပ်ခဲ့ကြသည်။
ထို့အပြင် စစ်သူကြီး (၇) ဦးက
ဘိုးဘေး၏ အမိန့်ကို နာခံရုံသာ။

အကြီးအကဲများကောင်စီ နှင့်

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ

၎င်းတို့အပေါ် အမိန့်ပေးနိုင်ခွင့်မရှိပေ။

စစ်သူကြီး (၇)ဦး အောက်၌တော့

နတ်စစ်သည်တော် ၇၂ ပါး ရှိလေသည်။

နတ်စစ်သည်တော် ၇၂ ပါးက

ယန်ကလန်၏အဓိကအင်အားပင်။

အားလုံးက အထွတ်အထိပ်အဆင့်

ထာဝရတန်ခိုးရှင်များပါ။ သာမာန်

ထာဝရတန်ခိုးရှင်တစ်ပါးဟာ

နတ်စစ်သည်တော်

ဖြစ်လာဖို့အရည်အချင်းမရှိပေ။

နတ်စစ်သည် ၇၂ ယောက်အပြင် တပ်မ

(၄) ခုလည်း ရှိနေပြန်သည်။

ထိုတပ်မများက

အင်မော်တယ်ဖီးနစ်စစ်တပ်၊

နတ်နဂါးစစ်တပ်၊ လိပ်နက်စစ်တပ် နှင့်

ကျားဖြူစစ်တပ် ဟူ၍ပင်။

အင်မော်တယ်ဖီးနစ်စစ်တပ်၏

တပ်မှူးချုပ် ကတော့ ယန်ယဲ့၏

ဒေါ်လေးဖြစ်သူ ယန်ရှမ် ပါ။

တပ်မ (၄)ခုနှင့် နတ်စစ်သည်တော် ၇၂

ဦး၏ အဓိကတာဝန်ကား ယန်ကလန်၏

ပင်မဌာနချုပ်ဖြစ်သည့်

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီးအား

ကာကွယ်ရန်ပင်။

ထို့အပြင် အခြားသော

တပ်ဖွဲ့တစ်ခုလည်းရှိနေသေး၏။

ထိုတပ်ဖွဲ့က ယန်ကလန်၏

လျို့ဝှက်ဆန်းကြယ်ဆုံးတပ်ဖွဲ့ဖြစ်သည်။

သို့သော် ကလန်၏ ဘိုးဘေးသာလျှင်

သိပိုင်ခွင့်ရှိသည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့ သည် ယန်ရှမ် နှင့်အတူ

ငြိမ်သက်ခြင်းမြို့တော် သို့
ရောက်လာခဲ့သည်။

...

အင်မော်တယ်ဖီးနစ်ခန်းမ ။

ယန်ရှမ် က ယန်ယဲ့အား
အင်မော်တယ်ဖီးနစ်ခန်းမ၏

မြေအောက်ကျင့်ကြံရေးအခန်းဆီသို့ ခေါ်ဆောင်လာသည်။

သူတို့ ဝင်လာပြီးနောက် အခန်းထဲ၌ အမျိုးသားတစ်ယောက် နှင့် အမျိုးသမီးတစ်ယောက်ရှိနေသည်ကို မြင်လိုက်ရသည်။ အမျိုးသားက အသက် ၃၀ ကျော်ခန့်သာ ရှိပုံရသည်။ ထူးဆန်းသောဝတ်စုံကို ဝတ်ဆင်ထားပြီး လက်နှစ်ဖက် နောက်ပစ်လျက်

တည်ငြိမ်သောရုပ်ရည်သွင်ပြင်ပိုင်ဆိုင်ထား၏။

၎င်း၏နံဘေးမှ အမျိုးသမီး ကတော့ မျက်နှာကို ဇာပုဝါနှင့်အုပ်ထားလေရာ ယန်ယဲ့ဟာ ရှင်းရှင်းလင်းလင်းမမြင်ခဲ့ပေ။ အမျိုးသမီး၏မျက်နှာကို ဖုံးကွယ်ထားသော်လည်း သူမ၏ လုံးကြီးပေါက်လှသော

ခန္ဓာကိုယ်အသွင်အပြင်က

အတော်လေးကိုဆွဲဆောင်လှသည်။

တစ်ချိန်တည်းတွင် ယန်ယွဲ့ သည်

အမျိုးသား နှင့် အမျိုးသမီး ကို

မြင်သောအခါ မျက်နှာပေါ်၌

လေးနက်သောအမူအရာတစ်ခု

ချက်ချင်းပေါ်လာခဲ့သည်။

အကြောင်းကတော့ သူက
ထိုနှစ်ယောက်၏ အော်ရာကို
နားမလည်နိုင်လို့ပါ။

သချာသည်မှာ ထိုစုံတွဲက
စည်းကမ်းထိန်းသိမ်းရေးခန်းမ၏
ဆံပင်ဖြူအကြီးအကဲ ထက်ပင်
ပိုပြီးသန်မာခဲ့သည်။

ထိုခံစားချက်က သူ့ပင်ကိုယ်အရပါ။

ထာဝရတန်ခိုးရှင်အဆင့်ရဲ့
အထက်ဆင့်တွေလား...

ယန်ယဲ့ ဝင်လာသောအခါ
သက်လတ်ပိုင်းအမျိုးသားနှင့်
အမျိုးသမီးက မျက်တောင်မခတ်ဘဲ
စိုက်ကြည့်နေသည်။

ခဏအကြာတွင်

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ကို

စိုက်ကြည့်နေရာမှ "ဓားနယ်မြေ လား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သက်လတ်ပိုင်းအမျိုးသား က

အနည်းငယ် ခေါင်းညိတ်ကာ

“ငါ့တိုက်ခိုက်စမ်း” ဟုပြောလိုက်သည်။

တိုက်ခိုက်ရမလား...

ယန်ယဲ့က အနည်းငယ်

အံ့အားသင့်သွားသော်လည်း

သက်လတ်ပိုင်းအမျိုးသား၏ ဆိုလိုရင်း

နားလည်လိုက်သည်။ ၎င်းက

သူ့ခွန်အားကို

လက်တွေ့စမ်းသပ်နေခြင်းပါ။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့

သည် နေရာမှာပဲ ဖျတ်ခနဲ

ပျောက်သွားသည်။ ထို့နောက်

သက်လတ်ပိုင်းအမျိုးသား ရှေ့မှ

ပြန်ပေါ်လာပြီး နတ်ဓားဖြင့် ဆတ်ခနဲ

ထိုးသွင်းလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက

တည်ငြိမ်စွာဖြင့်ပင်

လက်ညှိုးတစ်ချောင်းဆန့်ထုတ်ကာ
နတ်ဓားကို အသာပုတ်လိုက်၏။

အောင်း...

ဘမ်း...

နတ်ဓားက ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် တိုးဝင်လာသော
တန်ပြန်အားလှိုင်းက ယန်ယွဲ့အား ၃

ကီလိုမီတာအကွာကို

ပြန်ဆုတ်သွားစေသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သက်လတ်ပိုင်းအမျိုးသားက

ဆံပင်ဖြူအဘိုးအို ထက် အနည်းငယ်သာ

သန်မာနေသည်မဟုတ်ပေ။

လုံးဝကိုသန်မာနေ၏။

ထိုအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက

"အားထည့်တိုက်ခိုက်ပါ” ဟု

ထပ်ပြောသည်။

ယန်ယဲ့ သည် အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ ခဏအကြာတွင်

သူက

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင်

ခါးစွမ်းအင်အလင်းတန်းမြောက်များစွာ

ဖြာထွက်လာပြီး ရှေ့သို့

လင်းလက်သွားသည်။ ထိုအချိန်တွင်

အာကာသပြင်က ချက်ချင်းဆိုသလို

အပိုင်းပိုင်းကွဲသွားကာ

ဧရာမအက်ကြောင်းကြီး ပေါ်လာသည်။

ခါးစွမ်းအင်အလင်းတန်းများက

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

သယ်ဆောင်လာပြီး

သက်လတ်ပိုင်းအမျိုးသားထံ

မရောက်ခင်

ဓားအလင်းတန်းတစ်ခုတည်း

ပေါင်းစပ်သွားသည်။

သို့သော် သက်လတ်ပိုင်းအမျိုးသား၏

အမူအရာက တည်ငြိမ်နေဆဲပင်။

ဓားအလင်းတန်းက

စင်တီမီတာအနည်းငယ်အကွာ

ရောက်လာသည်နှင့် သူ့လက်ချောင်းကို

ရှေ့သို့ ပုတ်လိုက်သည်။

ဘမ်း....

ယန်ယွဲ့၏ ဓားစွမ်းအင် က

ချက်ချင်းဆိုသလို ကွဲထွက်သွားသည်။

သို့သော် သက်လတ်ပိုင်းအမျိုးသား၏

မျက်လုံးများက ရုတ်တရက်

ကျဉ်းသွား၏။ အကြောင်းကတော့

ယန်ယွဲ့ ဟာ သူ့နောက်ကွယ်မှ
ပေါ်လာသောကြောင့်ပါ။
တစ်ချိန်တည်းမှာပင် ဓားတစ်ချောင်းက
သူ့နောက်ကျောကို ထိုးသွင်းလာသည်။

ဆူး...

နတ်ဓားက သက်လတ်ပိုင်းအမျိုးသား ကို
ဖြတ်သွားသော်လည်း ယန်ယွဲ့ သည်
ထိတ်လန့်သွားသည်။ အကြောင်းမှာ

နတ်ဆားကို ထိုးသွင်းလိုက်သည်နှင့်
သက်လတ်ပိုင်းအမျိုးသားက ၃
ကီလိုမီတာအကွာ၌ ရှိနေလို့ပါ။

ထိုအချိန်တွင် အမျိုးသမီးက ယန်ယဲ့ကို
စိုက်ကြည့်ရင်း မျက်လုံးထဲ၌ အံ့ဩသော
အရိပ်အယောင်များ ရှိနေသည်။

နတ်ဆား က သက်လတ်ပိုင်းအမျိုးသား၏
ကျောရိုးတစ်လျှောက် ထိုးခွဲသွားခဲ့လို့ပါ။

ဒဏ်ရာက သိပ်တော့မနက်ဘဲ ၂

စင်တီမီတာလောက်သာ ရှိသည်။

သက်လတ်ပိုင်းအမျိုးသား က ယန်ယဲ့ ကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့

အမှောင်တာအိုဥပဒေသက

တော်တော်ကောင်းတယ်။ မင်းက

တကယ်ကို အသံမထွက်ဘဲ

လှုပ်ရှားနိုင်တာပဲ။ သာမန်

ထာဝရတန်ခိုးရှင်တွေက ဒီဓားချက်ကို ခုခံနိုင်မှာမဟုတ်ဘူး”ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "ကံမကောင်းစွာပဲ၊ မင်းရှောင်ထွက်သွားနိုင်တယ်လေ။ ဒါနဲ့ ငါတို့ ဆက်တိုက်ခိုက်ဦးမလား"ဟုပြန်ပြောလိုက်၏။

သက်လတ်ပိုင်းအမျိုးသားက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "မလိုအပ်တော့ဘူး"ဟုပြောပါသည်။

ထိုအချိန်တွင် လှပသော အမျိုးသမီးက ရုတ်တရက် "ငါ့ကို လှည့်ကြည့်စမ်း၊ အဆင်ပြေလား"

ယန်ယဲ့ က အမျိုးသမီးကို လှည့်ကြည့်လိုက်၏။

သူစကားပြောရန်ပြင်လိုက်စဉ်

အမျိုးသမီးက သူ့ရှေ့မှာ

ရုတ်တရက်ပေါ်လာသည်။ ထို့နောက်တွင်

သူမ၏မျက်လုံးများက ထူးထူးခြားခြား

လှည့်ပတ်လာသည်။ ထိုခဏလေးမှာပဲ

ယန်ယဲ့၏မျက်လုံးများက

အသက်ဝိညာဉ်ကင်းမဲ့သွားလိုပင်။

လှုပ်ရှားမှုမရှိတော့ဘဲ

နေရာမှာပင်ငြိမ်သက်သွားခဲ့၏။

အမျိုးသမီးက ခြေလှမ်းနှစ်လှမ်းဆုတ်ပြီး “ပြီးပြီ” ဟု လျစ်လျူရှုကာ ပြောလိုက်သည်။

သက်လတ်ပိုင်းအမျိုးသားက “သူက ညာဏ်အလင်းရခြားနှလုံးသားကို ပိုင်ဆိုင်တယ်” ဟုဆိုသည်။

“သူ့ရဲ့ ကျင့်ကြံမှုအဆင့်က နိမ့်ကျသေးတယ်။

ညကျော်အလင်းရဓားနှလုံးသားတောင်

အသုံးမဝင်ဘူး။ နင်ငါ့ကိုမယုံရင်

စောင့်ကြည့်ပါ" စကားပြောနေစဉ်

သူမ၏လက်မှ စွမ်းအင်ကြိုးတစ်ချောင်း

ပစ်လွှတ်လိုက်သည်။

ဆူး...

ယန်ယွဲ့၏ ရင်ဘတ်မှ

သွေးကြိုးတစ်ချောင်း

ပန်းထွက်လာသည်။ သို့သော်
ယန်ယွဲ၏မျက်လုံးများက
လွတ်ထွက်နေခဲ့သည်။
လုံးဝတုံ့ပြန်ခြင်းမရှိပေ။

"သတိထားပါ။ သူ့စိတ်ကို မဖျက်ဆီးနဲ့"
ထိုအချိန်တွင် အခန်းထောင့်မှ
အနက်ရောင် အရိပ်တစ်ခု
ရုတ်တရက်ပေါ်လာပြီး

“ညာဏ်ကောင်းတဲ့သူက ငါတို့အတွက် အသုံးမဝင်ပေဘူး”ဟုပြောလာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား၊ လုပသောအမျိုးသမီး နှင့် ယန်ရှမ် တို့သုံးယောက်စလုံး အနက်ရောင်အရိပ်ကိုမြင်သောအခါ အနည်းငယ် ဦးညွှတ်ကြသည်။

အနက်ရောင်အရိပ်က

ထောင့်နေရာရှိအစိတ်အပိုင်းတစ်ခုကဲ့သို့

ပင် ရှိနေ၏။ ၎င်း၏အသွင်အပြင်ကို

မမြင်နိုင်ပေ။

လှပသောအမျိုးသမီးက

အနက်ရောင်အရိပ်ကို

အနည်းငယ်ဦးညွှတ်ကာ “စိတ်မပူပါနဲ့။

ဘယ်လောက်ဝေးဝေးသွားရမယ် ဆိုတာ

ငါသိပါတယ်"ဟုပြန်ပြောလိုက်သည်။

အနက်ရောင်အရိပ်က ခဏမျှ
တိတ်ဆိတ်သွားပြီး "သူ မာနကြီးပြီး
အလျှော့မပေးတတ်ဘူး။ သူ့ကို
စိတ်လိုလက်ရ
ရုပ်သေးဖြစ်အောင်လုပ်ဖို့ဆိုတာ
မဖြစ်နိုင်ပါဘူး"ဟု
ရုတ်တရက်ပြောခဲ့သည်။

လှပသော အမျိုးသမီးက ခေါင်းညိတ်ကာ

“ဒါဆို ငါတို့ သူ့ကို ဘာလို့

မသတ်သေးတာလဲ”

အရိပ်က ခေါင်းယမ်းလိုက်ပြီး

“မဟုတ်ဘူး၊ သူ့ကို

နယ်ရုပ်လိုမထားနိုင်လို့

အစီအစဉ်ပြောင်းလိုက်မယ်။

နင်တို့အားလုံးက

တခြားသခင်ငယ်တွေကို မသတ်နိုင်သလို

ငါလည်းမသတ်နိုင်ဘူး။ ဒါပေမဲ့
သူကတော့ ပြောင်ပြောင်တင်းတင်း
သတ်နိုင်တယ်"

လှပသောအမျိုးသမီးက
ခဏတုံ့ဆိုင်းသွားပြီး "ဒါဆို
နင့်ရည်ရွယ်ချက်တွေကို ငါနားလည်ပြီ။
ဒါပေမဲ့ သူ့ရဲ့ စွမ်းအား ဒါမှမဟုတ်
ပင်ကိုယ်အရည်အချင်းတွေ
ဘယ်လိုပဲဖြစ်ဖြစ် နှစ်ခုလုံးက

မဆိုးပါဘူး။ သူအင်အားကြီးလာရင် ငါကြောက်တယ်...”

"အဆင်ပြေပါတယ်" အရိပ်က ဆက်ပြောသည် “သဘာဝစွမ်းရည်နဲ့ အလားအလာအရဆိုရင် သူက ငါ့အတွက် ဘာမှမဖြစ်ဘူး။ အားလုံးက သူ့ကို အခုကတည်းက ထောက်ခံရမယ်။ သူ့စိတ်ကြိုက် လုပ်ခွင့်ပေးလိုက်ပါ။ နားလည်လား"

“ကောင်းပါပြီ” သုံးယောက်စလုံး မြန်မြန်

ခေါင်းညိတ်လိုက်ကြသည်။

ထိုအချိန်တွင် အရိပ်က "ယန်ရှမ်၊

နင့်အစ်ကိုရဲ့ အဲဒီရတနာက

သူ့လက်ထဲမှာ ရှိနေတာ သေချာရဲ့လား"

ဟု မေးလိုက်သည်။

ယန်ရှမ် က ခေါင်းညိတ်လိုက်သည်

“ဒါဖြစ်သင့်တယ်။ ဒီလိုမှမဟုတ်ရင်

ဒီလိုအဆင့်နိမ့်ကမ္ဘာမှာ သူကြီးပြင်းလာဖို့

မဖြစ်နိုင်ပါဘူး”

သူမ ခဏရပ်ပြီး “ဆရာသခင်က

လိုချင်လား” ဟု ဆက်ပြောသည်။

"နည်းနည်းတော့ သိချင်နေတယ်"

အရိပ်က ဆက်ပြောလိုက်သည် “ဒါပေမဲ့

အခုချက်ချင်း သူ့ဆီက ယူဖို့ မလိုဘူး။

သူ့ကို အပြည့်အဝ

ကာကွယ်ပေးလိုက်ကြ"

အနက်ရောင်အရိပ်က ခဏကြာ

လေးလေးနက်နက် စဉ်းစားရင်း

“နင့်အစ်ကို သေပြီလား ဒါမှမဟုတ်

အသက်ရှင်နေသေးလား”

ယန်ရှမ် က ခေါင်းခါလိုက်ပြီး

"ငါမသိဘူး"ဟုပြန်ပြောလိုက်သည်။

"သနားစရာပဲ" အရိပ်က ဆက်ပြောသည်

“ငါတို့ယန်ကလန်ရဲ့

အတိတ်ကာလသမိုင်းတစ်လျှောက်မှာ

တည်ထောင်သူဘိုးဘေး နဲ့နင့်ရဲ့အစ်ကိုပဲ

ထူးခြားတယ်။ ကျန်တာတွေနဲ့

အထူးသဖြင့် အခုလက်ရှိ

သခင်လေးတွေ... ဟမ့်၊

အကုန်လုံးအမှိုက်တွေချည်းပဲ။အကြီးအ

ကဲကောင်စီက

ခေါင်းမာတဲ့သက်ကြားအိုကြီးတွေက

လူမိုက်တွေပဲ။ မကြာခင်မှာ

သူတို့အားလုံးကို ငရဲပြည်ပို့လိုက်တဲ့နေ့

ရောက်လာလိမ့်မယ်”

ယန်ရှမ် နှင့် အခြားနှစ်ယောက်လုံး

ခေါင်းငုံ့ထားက ဘာမှ မပြောဝံ့ကြပေ။

ထိုအတောအတွင်း အနက်ရောင်အရိပ်က

“သူက

တော်တော်အားနည်းနေသေးတယ်။

သတိထားပါ။ သူ့ကို အသတ်မခံရစေနဲ့။

အထူးသဖြင့်တော့ ယန်ခိုးရဲ့မျိုးနွယ်ခွဲက

ဒီကိစ္စကို ငြိမ်ခံမှာမဟုတ်ဘူးဆိုတာ

သေချာတယ်။ ယန်ခိုးရဲ့ အဖေဖြစ်တဲ့

ယန်ရှူက အပြင်ကမ္ဘာကနေ

ပြန်ထွက်လာပြီလို့ငါကြားတယ်။

ဒါကြောင့် ဒီအချိန်မှာ သူ့ကို
ပစ်မထားကြနဲ့”

ထိုစကားပြောပြီးသည်နှင့် အနက်ရောင်
အရိပ်က တုန်လှုပ်သွားပြီး နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

အရိပ် ပျောက်ကွယ်သွားသည်နှင့်
တပြိုင်နက် လှပသောအမျိုးသမီးက
ယန်ယဲ့ ထံ လျှောက်သွားခဲ့သည်။

သူမ၏လက်ကို ဖွေ့ယမ်းလိုက်သည်နှင့်
ပန်းရောင်အလင်းတန်းတစ်ခု
လင်းလက်လာသည်။ထိုခဏလေးမှာပဲ
ယန်ယဲ့၏တစ်ကိုယ်လုံး တုန်လှုပ်သွားပြီး
သူ့အကြည့်များက တဖြည်းဖြည်း
ကြည်လင်လာသည်။

ယန်ယဲ့က ခေါင်းယမ်းပြပြီး သူတို့ရှေ့မှာ
ခဏလောက်ကြာအောင် စိုက်ကြည့်ရင်း
"ဘာဖြစ်တာလဲ"ဟုမေးလိုက်သည်။

May Be:

၁၉၆၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆၉ - လှည့်စားခြင်း

လှပသောအမျိုးသမီးက ယန်ယဲ့ကို

အချိန်အတော်ကြာ စိုက်ကြည့်ကာ

“ဘာမှမဖြစ်ပါဘူး။

နင့်ရဲ့စိတ်အခြေအနေကို

ငါစမ်းသပ်နေတာပဲ။

တော်တော်အားနည်းနေသေးတယ်။

စိတ်ဝိညာဉ်အခြေအနေကို

ပိုပြီးလေ့ကျင့်ဖို့ သတိရပါ" ဟုပြောပြီး

ဘေးနားကို ရွှေ့လိုက်သည်။

ထိုအချိန်တွင်

သက်လတ်ပိုင်းအမျိုးသားက  "ငါက

ဂူရှဲ့၊ သူက ချန်းဟု ပါ။ ငါတို့က

မင်းအဖေရဲ့ လက်အောက်ငယ်သားတွေ ဖြစ်ခဲ့ဖူးတယ်။ အခု မင်းက ဆက်ခံသူရာထူးအတွက် တိုက်ပွဲဝင်ဖို့ ပြန်လာနေပြီဆိုတော့ အဲဒါကို ငါတို့ ကူညီမယ်”ဟုပြောပါသည်။

ယန်ယွဲ့ က လက်သီးနှစ်ဖက်စုကာ "ဒါဆို ကျေးဇူးတင်ပါတယ်"ဟုပြန်ပြောလိုက်သည်။

ဂူရှဲ့ က ခေါင်းညိတ်လိုက်ပြီး

"ယန်ခုံးရဲ့အဖေ ယန်ရှူက အပြင်ကနေ

ပြန်ရောက်လာနေပြီလို့

ငါတို့သတင်းရထားတယ်။ သူက

အရမ်းသန်မာတယ်။ အခုလက်ရှိ

မင်းရင်ဆိုင်နိုင်တာမဟုတ်ဘူး။ ယန်ရှူ

အပြင်

စည်းကမ်းထိန်းသိမ်းရေးခန်းမကလည်း

မင်းကို လိုက်ရှာနေတယ်။ ဒါကြောင့်

လောလောဆယ် ဒီနေရာက

ထွက်မသွားတာအကောင်းဆုံးပဲ။

ဆက်ခံသူတိုက်ပွဲစတာနဲ့ သူတို့က မင်းကို

ပွင့်ပွင့်လင်းလင်း တိုက်ခိုက်နိုင်မှာ

မဟုတ်ဘူး”

ယန်ယဲ့ က “ငါနားလည်ပြီ။ ဒီအချိန်မှာ

ငါဘာမှဒုက္ခမပေးပါဘူး။ ဒါပေမဲ့

လူတစ်ယောက်ရဲ့ တည်နေရာကို

ငါသိချင်တယ်"ဟု ပြောလိုက်ပါသည်။

ဂူရှဲ့ က "ယန်ယန်လား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်

“မှန်တယ်”

ဂူရှဲ့ က ခဏလောက် နှုတ်ဆိတ်သွားပြီး "မင်း သူ့ကို မသတ်နိုင်သေးဘူး" ဟု ပြန်ဖြေလိုက်သည်။

ယန်ယဲ့ က "သူက

အရမ်းသန်မာနေသလား"

ဂူရှဲ့ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"အင်အားအရဆိုရင်တော့ သူက

မင်းထက် ညံ့နေလိမ့်မယ်။ ဒါပေမဲ့ မင်း

ယန်တုံချင်း ကို သတ်ပစ်လိုက်တော့

စည်းကမ်းထိန်းသိမ်းရေးခန်းမက

သခင်ငယ်တွေကို ကာကွယ်ပေးဖို့

အာရုံစိုက်နေတယ်။ သူ့ကို ကာကွယ်ဖို့

စည်းကမ်းထိန်းသိမ်းရေးခန်းမက

အစွမ်းထက်ကျင့်ကြံသူတွေ

အထပ်ထပ်ချထားတယ်။ ဒါဆို

သူ့ကိုသတ်ဖို့က မင်းအတွက်

အရမ်းခက်ခဲလိမ့်မယ်။ ဒါ့ပြင် ယန်ယန်

ကိုယ်တိုင်က

ထင်သလောက်အားမနည်းဘူး။

သူ့အဖိုးပါ ပြန်လာပြီ ဆိုတော့

အခုချက်ချင်း သတ်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။ နားလည်လား"

ယန်ယဲ့ က ခဏမျှ တိတ်ဆိတ်သွားပြီး "စည်းကမ်းထိန်းသိမ်းရေးခန်းမ က ငါ့ကို ဘာလို့ မကာကွယ်တာလဲ" ဟု မေးလိုက်သည်။

ဂူရှဲ့ က မျက်ခွံများ လှုပ်ယမ်းသွားပြီး

"သူတို့က မင်းကို ဒုက္ခမပေးရင်တောင်

မင်းပျော်နေသင့်တယ်"

ယန်ယဲ့ က

စကားမပြောနိုင်တော့သလိုပင်။

တစ်ချိန်တည်းမှာပဲ ဂူရှဲ့ က

ဆက်ပြောလိုက်သည်

“ဆက်ခံသူတိုက်ပွဲစပြီဆိုတာနဲ့ ငါတို့

မင်းကို မကူညီနိုင်တော့ဘူး။

အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကို

အားကိုးရလိမ့်မယ်။ ဒါကြောင့်

ဒီအခွင့်အရေးကို ဆုပ်ကိုင်ပြီး

ခွန်အားတွေ ပိုတိုးလာဖို့ ကြိုးစားပါ”

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး “ငါ

ငယ်ငယ်ကတည်းက

အဝေးမှာနေလာတာ အားလုံးသိကြမှာ

သေချာပါတယ်။ နည်းစနစ်ပဲဖြစ်ဖြစ်

ရတနာပဲဖြစ်ဖြစ် ဒီကမ္ဘာကြီးမှာရှိတဲ့

အရာအားလုံးဟာ အဆင့်နိမ့်တွေပဲလေ။

ဒါပေမဲ့ ယန်ကလန်ရဲ့

သခင်ငယ်တွေကတော့

အကောင်းဆုံးနည်းစနစ်နဲ့ ရတနာတွေ

သေချာပေါက်

ပိုင်ဆိုင်ထားပါတယ်။ဒါကို

မင်းသိလား…”

ဂူရှဲ့ က ခေါင်းခါလိုက်သည် " ငါတို့မှာ

ဓားနည်းစနစ် မရှိဘူး။ ရတနာလက်နက်

နဲ့ပတ်သက်ရင် ငါ့မှာ ဓားကောင်းတွေ

မရှိဘူး…”ဟုပြန်ပြောလေသည်။

ယန်ယဲ့ က "တခြားအရာတွေက

အဆင်ပြေပါတယ်"

ဂူရှဲ့ က စကားမပြောနိုင်ဘဲ

အံ့သြသွားသည်။

ယန်ရှမ် နှင့် လှပသော အမျိုးသမီး

ကတော့ မျက်နှာပေါ်တွင် ထူးဆန်းသော

အမူအရာများ ရှိနေကြသည်။ ထိုယန်ယဲ့

က အတော်လေးကို

အရည်ထူနေသည်မဟုတ်ပါလား။

ဂူရှဲ့ က ခဏမျှ တုံ့ဆိုင်းသွားပြီး

လက်ဝါးကို လှန်လိုက်သည်။

ယန်ယဲ့ရှေ့၌

အနက်ရောင်ဘွတ်ဖိနပ်တစ်ရံ

ပေါ်လာသည်။ သူက “အလင်းဖိနပ်တွေ၊

ဒါတွေက မင်းကို တစ်ချက်ခုန်လိုက်တာနဲ့

၃ ကီလိုမီတာအထိ

ချက်ချင်းရောက်သွားနိုင်တယ်။

ဒီနေရာမှာ အလင်းဖိနပ်ရဲ့ အမြန်နှုန်းက

အချိန်ရဲ့ ဆယ်ပုံတစ်ပုံရှိတယ်။

ခုနလေးတုန်းက ငါဒါကိုသုံးပြီးတော့

မင်းရဲ့တိုက်ခိုက်မှုကိုရှောင်လိုက်တာပဲ"

လှပသောအမျိုးသမီးက ဂူရှဲ့ ကို
စိုက်ကြည့်ကာ
တစ်ခုခုပြောချင်နေပုံရသော်လည်း
ခဏမျှ တုံ့ဆိုင်းသွားပြီး အဆုံးတွင်
ဘာမှမပြောခဲ့ပေ။

ထိုစကားကိုကြားသောအခါ ယန်ယဲ့၏
မျက်လုံးများက
တောက်ပလာသည်။လက်ရှိတွင်
သူအလိုအပ်ဆုံးက

အလျှင်မြန်ဆုံးအရှိန်ပါ။ အကယ်၍ သူသာ အလင်းဘွတ်ဖိနပ်များကို စီးထားပါက ထာဝရတန်ခိုးရှင် ကို ချက်ချင်းသတ်ပစ်နိုင်ပါသည်။

ဂူရှဲ့ က ရုတ်တရက်ပြောခဲ့သည် "ဒါပေမဲ့ တစ်နေ့ကို တစ်ကြိမ်ပဲ သုံးလို့ရတယ်"

ယန်ယဲ့ က အနည်းငယ်

ထိတ်လန့်သွားသည်။ သူက “ဘာလို့လဲ”

ဟု မေးလိုက်သည်။

ဂူရှဲ့ က “ဒီဘွတ်ဖိနပ်တွေက ပြင်းထန်တဲ့

စွမ်းအင်ပမာဏကို

ကုန်ဆုံးစေတယ်လေ။

ငါ့ရဲ့ချီစွမ်းအင်တောင်မှ

တစ်ကြိမ်သုံးဖို့မလောက်ဘူး။ ဒါကြောင့်

အရေးကြီးတဲ့အခိုက်အတန့်မှာ

သုံးနိုင်အောင် ချီစွမ်းအင်ကို ဖိနပ်ထဲမှာ

ကြိုပြီးထည့်ထားရတာပဲ ”

ယန်ယဲ့က ခေါင်းညိတ်ပြီး

“နားလည်ပါတယ်။ ဒါနဲ့

ဘယ်အဆင့်လဲ"ဟုထပ်မေးလိုက်၏။

ဂူရှဲ့ က "ထာဝရအဆင့် ။

အဆင့်သတ်မှတ်ချက်ထက် ကျော်နေတဲ့

ရတနာတွေကို ထာဝရအဆင့်လို့

ခေါ်တယ်။ ထာဝရတန်ခိုးရှင်တွေလိုပဲ

သူတို့က

အထွတ်အမြတ်အဆင့်ကိုရောက်သွားပြီ

လို့ပြောနိုင်တယ်။

ပြန်လည်မွေးဖွားခြင်းအဆင့် နဲ့

ထာဝရတန်ခိုးရှင်အဆင့် ကြားက

ခြားနားကို ဥပမာအနေနဲ့ပြောရရင်

ထာဝရတန်ခိုးရှင်တွေက အရာရာတိုင်းမှာ

အကန့်အသတ်ထိရောက်နေခဲ့ပြီ။

လူတစ်ယောက်က

အကန့်အသတ်ထိရောက်သွားရင်

အမြင့်ဆုံးကိုရောက်သွားပြီလို့ပြောကြတ

ယ်။ ဒီလိုပဲ ရတနာလက်နက်တွေနဲ့

နည်းစနစ်တွေလည်းအတူတူပါပဲ။

ဒါ့အပြင် မင်းထုတ်သုံးလိုက်တဲ့

အမှောင်တာအိုဥပဒေသကို

နည်းစနစ်တစ်ခုလို သဘောထားရင်

ဒါဟာ

ထာဝရအဆင့်မှာရှိနေလိမ့်မယ်။

ဘာလို့လဲဆိုတော့

မင်းရဲ့အမှောင်တာအိုဥပဒေသက

မူလအကန့်အသတ်ကို

ရောက်နေပြီမဟုတ်လား "

"ထာဝရအဆင့်... " ယန်ယွဲ့က

အနည်းငယ် ခေါင်းညိတ်လိုက်ပြီး

"အကန့်အသတ်ကို ရောက်တဲ့အခါ

ထာဝရအဆင့် စိတ်ဆန္ဒတွေတောင်

ရှိနေတယ်လို့ ပြောချင်တာလား"

ဂူရှဲ့ က ခေါင်းညိတ်လိုက်ပြီး

"မင်းရဲ့ဓားစိတ်ဆန္ဒ နဲ့

သတ်ဖြတ်ခြင်းစိတ်ဆန္ဒက

ပိုမြင့်လာတယ်ဆိုရင် နှစ်ခုလုံး

ထာဝရအဆင့် မှာ ရှိနေလိမ့်မယ်။ ဒါပေမဲ့

အဲဒါကို ပြီးမြောက်ဖို့က

တော်တော်ခက်တယ်။ ဘာပဲဖြစ်ဖြစ်

စိတ်ဆန္ဒတစ်ခုကို ထာဝရအဆင့်
ရောက်အောင် လုပ်နိုင်တဲ့သူက
အရမ်းရှားတယ်”ဟု ပြောခဲ့သည်။

ယန်ယဲ့ က "ထာဝရအဆင့်ရဲ့ အထက်မှာ
ဘာရှိလဲ" ဟု မေးလိုက်သည်။

ဂူရှဲ့ က အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီး “နောင်မှာ မင်း
သိလာမှာပါ” ဟုသာ ပြန်ဖြေသည်။

ယန်ယွဲ့က ဂူရှဲ့ကို စိုက်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ ထို့နောက်တွင် သူက ယန်ရှမ် အား စိုက်ကြည့်ကာ "သီးသန့်ကျင့်ကြံတဲ့အခန်းတစ်ခု ရနိုင်မလား"ဟုမေးလိုက်သည်။

ယန်ရှမ် က ခေါင်းညိတ်လိုက်ပြသည်

"ငါနဲ့လိုက်ခဲ့"

စကားပြောပြီးသည်နှင့်

လှည့်ထွက်သွားသည်။

ယန်ယဲ့ က ဂူရှဲ့ နှင့် ချန်းဟု ကို

လက်သီးဆုပ်ကာ “နှုတ်ဆက်ပါတယ်

အကြီးအကဲ တို့ "

.......

ယန်ယဲ့ နှင့် ယန်ရှမ် ထွက်သွားသည်နှင့်
လှပသောအမျိုးသမီး က
သက်လတ်ပိုင်းအမျိုးသား ကို
လှည့်ကြည့်ကာ “ဝိုး၊ ငါမမှားရင် ဒါ
နင့်မှာတစ်ခုပဲရှိတဲ့ ထာဝရအဆင့်
ရတနာပဲမဟုတ်လား" ဟုမေးလိုက်သည်။

ဂူရှဲ့ က "မင်းက မြင်းကိုပြေးစေချင်ရင်
မြက်ကျွေးရမယ်။ ဟုတ်တယ်ဟုတ်။
ဒါ့အပြင် ငါတို့ကြားမှာ

ဆက်ဆံရေးကောင်းရှိသင့်တယ်

မဟုတ်လား”

လှပသောအမျိုးသမီး က သိသိသာသာ

အံ့အားသင့်သွားသည်

"ဒီဘွတ်ဖိနပ်တွေကို နင်

တစ်ခုခုလုပ်လိုက်တာလား"

ဂူရှဲ့ က မသိချင်ယောင်ဆောင်ပြီး

"မင်းဘယ်လိုထင်လဲ"ဟုပြန်မေးသည်။

အမျိုးသမီး က ဂူရှဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "နင်က
အရမ်းစိတ်မြန်လက်မြန်ရှိတယ်။ ဒါပေမဲ့
ဒီတစ်ခါတော့
နင်ကတကယ်ကိုပါးပါးနပ်နပ်လုပ်လိုက်
တာပဲ"ဟုပြောပါသည်။

ဂူရှဲ့ က သူမကို တစ်ချက်ကြည့်လိုက်ပြီး
"မင်းကရော..."

...

မြေအောက် ကျင့်ကြံရေးအခန်းထဲတွင် ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
မူလစေတီ ထဲကို ဝင်သွားလိုက်သည်။

ဒီအချိန်မှာ သူ့အကြည့်များ
ရေခဲကမ္ဘာထဲရောက်နေသည့်အလား

အေးခဲနေခဲ့သည်။ ထို့အပြင်
သူ့မျက်လုံးထဲမှ လူသတ်လိုစိတ်များ
တဖျပ်ဖျပ်လက်နေခဲ့သည်။

အကြောင်းမှာ သူက ဖြစ်ပျက်ခဲ့သမျှကို
အကုန်အစင် သိနေလို့ပါ။ လှပသော
အမျိုးသမီး၏ နည်းစနစ်က
အမှန်တကယ်ပင် အစွမ်းထက်လှသည်။
သို့သော် အမျိုးသမီးက သူ့အား
လျှော့တွက်ထားခဲ့သည်။ သူ့တွင်

ညာဏ်အလင်းရစေးနှလုံးသား အပြင်

ချုန်းချီ၊ နတ်ယင်မီးတောက် နှင့်

မူလစေတီပါရှိနေခဲ့သည်။

ထိုသို့ဆိုလျှင် သူ၏အသိစိတ်ကို

ထိခိုက်စေနိုင်မည်လော။

မည်သို့ပင်ဖြစ်စေ ယန်ရှမ်

နှင့်ပြန်လိုက်လာကတည်းက သူ့အပေါ်

ကောင်းမွန်သောရည်ရွယ်ချက်များ

ရှိမနေကြောင်း သတိပြုမိနေခဲ့သည်။

သူထင်ထားသည့်အတိုင်းပါပဲ၊ ယန်ရှမ်က

သူ့ကို အသုံးချနေသည်မဟုတ်ပါလား။

ထို့ပြင် မူလစေတီကိုပါ လုယူဖို့

ကြံစည်ထား၏။ ကံကောင်းထောက်မစွာ

ယန်ရှမ် သာမကဘဲ

လျှို့ဝှက်ဆန်းကြယ်သော ပညာရှင်ကပါ

မူလစေတီကို မသိကြပေ။

နှစ်ယောက်လုံးက

ရတနာတစ်ခုဟုသာသိထားကြ၏။

အကယ်၍သာ မူလစေတီဖြစ်ကြောင်း

သိသွားလျှင်တော့ သူဟာ

ငရဲရောက်ဖို့သေချာသလောက်ပင်။

အကြောင်းကတော့

ထိုလှျို့ဝှက်ဆန်းကြယ်သောပုံရိပ်က

သူ့အတွက် အလွန်အန္တရာယ်များသည်ဟု

ခံစားမိသောကြောင့်ပါ။

"ငါ့ကိုသုံးဖို့ကြိုးစားနေတာလား"

ယန်ယဲ့၏ ပါးစပ်ထောင့်မှ အေးစက်သော

အပြုံးတစ်ခုပေါ်လာသည်

“အိပ်မက်ပဲမက်နေလိုက်”

ထို့နောက် သူ့လက်ထဲမှ

ဘွတ်ဖိနပ်တစ်ရံကို ငုံ့ကြည့်ကာ

ခဏတိတ်ဆိတ်သွားပြီးနောက်

အေးစက်စွာ ရယ်မောလိုက်သည်

“မင်းတို့က ငါ့ကို လှည့်စားဖို့ ကြိုးစားနေတာလား။ဘယ်သူက လှည့်စားနေသလဲ ကြည့်ရအောင်"

စကားပြောပြီးသည်နှင့် သူ့စိတ်ထဲမှ စိတ်ဆန္ဒတစ်ခုထုတ်ဖော်လိုက်ရာ ဘွတ်ဖိနပ်များက သူ့ခြေထောက်အောက်မှာ စီးနင်းထားလျက်သားဖြစ်လာသည်။

ထို့နောက် သူ၏ချီစွမ်းအင်အချို့ကို
ဘွတ်ဖိနပ်ထဲသို့ ပို့လွှတ်လိုက်သည်။
ခဏအကြာတွင်တော့ ယန်ယဲ့ သည်
နေရာမှာပင် ပျောက်သွားသည်။

ထိုခဏလေးအတွင်းမှာပဲ ယန်ယဲ့၏ပုံရိပ်
၁၀,၀၀၀ ကျော်ဟာ
အခန်းအပြည့်ပေါ်လာပါတော့သည်။
ယန်ယဲ့၏မူလခန္ဓာကိုယ်အဲင်
ကျန်ပုံရိပ်များက ပုံရိပ်ယောင်များသာ။

သို့သော် အားလုံးက

အစစ်အမှန်ခန္ဓာကိုယ်လိုထင်ရလေသည်

။

အကြောင်းမှာ လက်ရှိတွင် သူ၏အရှိန်က

အလွန်လျင်မြန်နေသောကြောင့်ပင်။

မြန်လိုက်တာ။

တကယ်ကို ကြောက်စရာကောင်းတယ် ။

နောက်ဆုံးတွင် ယန်ယဲ့ သည်

ထာဝရအဆင့် ရတနာများ မည်မျှ

အစွမ်းထက်သည်ကို

နားလည်လိုက်သည်။ အကြောင်းကတော့

သူ၏အရှိန်ဟာ ယခုမှသာ

အကန့်အသတ်ထိ ရောက်သွားလို့ပါ။

အကယ်၍ သူသည် ဘွတ်ဖိနပ်များကို

အသက်သွင်းလိုက်သည်နှင့် သာမန်

ထာဝရတန်ခိုးရှင်များကို

ဂရုစိုက်နေစရာမလိုတော့ပေ။

ထာဝရတန်ခိုးရှင်အဆင့်ကို

တက်လှမ်းနိုင်ခဲ့သူတိုင်းဟာ

အရာအရာတိုင်းကို

အကန့်အသတ်ထိရောက်ရှိနိုင်ခဲ့သည်။

သို့သော် ထာဝရတန်ခိုးရှင်များကြား

ခွန်အားကွာဟချက်များရှိခဲ့သည်။

ထိုသို့ဆိုလျှင် ထာဝရတန်ခိုးရှင်များက

အရာအားလုံးကို အကန့်အသတ်ထိ
မရောက်နိုင်ကြောင်းဆိုလိုပေသည်။

ဥပမာအနေနှင့် ကျားနှစ်ကောင်ကဲ့သို့ပင်။
တစ်ကောင်က တောထဲတောင်ထဲမှာသာ
ကြီးပြင်းခဲ့သည်။
အခြားတစ်ကောင်ကတော့
ကန့်သတ်ချုပ်နှောင်ထားခံရသည်။
အဆိုပါ ကျားနှစ်ကောင်

ကြီးပြင်းလာသည်နှင့် တိုက်ခိုက်ပါက ဘယ်ကျားကအနိုင်ရမည်နည်း။

အဖြေက သိသာပါသည်။

လက်ရှိ သူစီးထားသော ဘွတ်ဖိနပ်များက ထာဝရအဆင့်ရတနာများပါ။ အကယ်၍ အစစ်အမှန်စွမ်းအား ကန့်သတ်ချက်သို့မရောက်သည့် ထာဝရတန်ခိုးရှင်နှင့်ရင်ဆိုင်မတွေ့လျှင်

သူ့အရှိန်က

အခြားသူများကိုဂရုစိုက်စရာမလိုတော့

ပေ။ တစ်ခုတည်းသော

ဝမ်းနည်းစရာကား သူဟာ ဘွတ်ဖိနပ်ကို

တစ်နေ့မှတစ်ကြိမ်သာသုံးနိုင်၏။

သို့သော် ယန်ယွဲ့ သည်

အတော်လေးကျေနပ်သွားသည်။

.

May Be:

၁၉၇၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၀ - ထာဝရသက်တမ်း

ထို့နောက်တွင် ယန်ယွဲ့ သည်

ကုန်ဆုံးသွားသည့်

ဆန်းကြယ်ချီစွမ်းအင်ကို

ပြန်ဖြည့်တင်းလိုက်သည်။

ခဏအကြာတွင် သူ၏ချီစွမ်းအင်ဟာ

နဂိုအတိုင်းပြန်ပြည့်သွားခဲ့သည်။

ထို့နောက် နှင်းပွင့်လေး နှင့်

ဇီအာကိုသွားတွေ့လိုက်သည်။ ဒီအချိန်မှာ

နှင်းပွင့်လေးက

သစ်သားဓားပျံကိုစီးနင်းနေလေသည်။

ဇီအာ ကတော့ ကျင့်ကြံနေခဲ့သည်။

ဇီအာ၊ ရှောင်ယု ရှီ၊ ကျွမ်းဝေယန်၊

စုချင်းရှီ ပင်ဖြစ်စေ အားလုံးက

သူတို့ကိုယ်တိုင်အပြင်းအထန်ကြိုးစားနေ

ခဲ့သည်။ သူတို့က ယန်ယွဲ့အား

မကူညီနိုင်သည့်တိုင်အောင်

ကျင့်ကြံခြင်းမရှိလျှင်

ထာဝရအသက်ရှင်နေနိုင်မည်မဟုတ်ပေ။

ဘဝသက်တမ်း...

သူတို့တင်မဟုတ်ပေ၊

လောကရှိလူတိုင်းဟာ ထာဝရအသက်ကို

လိုချင်ကြသည်။ သို့သော်

သက်တမ်းကုန်ဆုံးပြီး သေဆုံးခြင်းကို

မလိုချင်ပါက် အဆင့်တစ်ခုပြီးတစ်ခု

ဆက်တက်ပြီး

ထာဝရသက်တမ်းပိုင်ဆိုင်သည်အထိ

ကြိုးစားရပေမည်။

ထိုအချိန်တွင် နှင်းပွင့်လေးက ယန်ယဲ့ကို မြင်သောအခါ သူမ၏ခြေသည်းကို ငှေ့ယမ်းလိုက်သည်။ သစ်သားဓားက နှင်းပွင့်လေးအား ယန်ယဲ့ထံ ချက်ချင်းဆောင်သွားခဲ့သည်။ ထို့နောက် သူမက ယန်ယဲ့ဆီကို ခုန်တက်ကာ သူမ၏လက်သည်းလေးများဖြင့် မျက်နှာအနှံ့ပွတ်သပ်နေလေသည်။

ယန်ယွဲ့က နှင်းပွင့်၏ခေါင်းလေးကို

ညင်သာစွာပွတ်သပ်လိုက်ပြီး သူနှင့်

မလှမ်းမကမ်းမှာ လွင့်မျောနေသော

သစ်သားဓားကို

စိုက်ကြည့်လိုက်သည်။သစ်သားဓားက

ယန်ယွဲ့အကြည့်ကို

သတိထားမိသည့်အလား ဆတ်ခနဲ

တုန်ခါလာပြီး အလင်းတန်းများ

လင်းလက်သွားသည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့ ဟာ

မျက်ခွံများလှုပ်ယမ်းသွားပြီး

သူ၏ဆန်းကြယ်ချီစွမ်းအင်ကို

ထုတ်ဖော်ကာ

အရှိန်မြှင့်လိုက်တော့သည်။

ထိုအတောအတွင်း နှင်းပွင့်လေးက

သစ်သားဓားပေါ်တွင် ပေါ်လာပြီး

လက်သည်းနှစ်ဖက်ဖြင့် ညင်သာစွာ

ပုတ်လိုက်သည်။

သစ်သားခေါ်ထားးက ဖြည်းညှင်းစွာ ငြိမ်သက်သွားသည်။

ယန်ယဲ့ က နှင်းပွင့်လေးကို တစ်ချက်ကြည့်လိုက်ပြီး "နှင်းလေး၊ ဒီခေါ်ထားကဘာလို့ ငါ့ကို ဒီလောက် ရန်လိုနေတာလဲ"ဟုမေးလိုက်ပါသည်။

သစ်သားခေါ်ထား က သူ့အား မြင်မြင်ချင်း ရိုက်နှက်ချင်နေသည့် အကြောင်း

အရင်းကို

အခုအချိန်ထိနားမလည်နိုင်သေးပါ။

နှင်းပွင့်လေးက ယန်ယွဲ့ ဆီသို့

ပျံသန်းလာပြီး သူမ၏ ခြေသည်းများကို

စတင်ဝှေ့ယမ်းလိုက်သည်။

အနည်းငယ်ကြာပြီးနောက်

ယန်ယွဲ့၏မျက်နှာက

မမြင်နိုင်လောက်အောင်ပင်

ဖြစ်သွားသည်။ အကြောင်းမှာ

သူ၏သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကြောင့်ပါ

။ သစ်သားဓားက

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

သဘောမကျသဖြင့် သူ့အပေါ်

ရန်လိုနေခြင်းပင်။

သောက်ကျိုးနည်းပေါ့....

ယန်ယဲ့ သည် စိတ်ထဲမှာ
ကျိန်ဆဲလိုက်၏။ "မင်း ဖြောင့်မတ်ဖို့
ကြိုးစားနေတာလား"

ထို့နောက် သစ်သားဓားကို
တစ်ချက်ကြည့်လိုက်ပြီး နှင်းပွင့်လေးကို
စိုက်ကြည့်ကာ "ငါ့ကို သဘောမကျရင်
ဘာလို့ရွေးချယ်ခဲ့တာလဲ မေးစမ်းပါ"

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး

သစ်သားဓား ဆီကို ပြန်ပြေးသွားသည် ။

အချိန်အနည်းငယ်ကြာပြီးမှ

ယန်ယဲ့ဆီကိုပြန်ရောက်လာကာ

သူမ၏ခြေသည်းများကို

ထပ်မံဖော့ယမ်းလိုက်ပြန်သည်။

ခဏကြာပြီးနောက် ယန်ယဲ့ ၏

မျက်နှာသည် ပို၍ပင်

မမြင်နိုင်လောက်အောင်ဖြစ်လာသည်။

သစ်သားဓား က ထိုနေ့က

သူပြောခဲ့သောစကားကြောင့် သူနှင့်အတူ

ပါလာသည်ဟု သာ ထင်နေခဲ့၏။ သို့သော်

လက်တွေ့က ထိုသို့ မဟုတ်ခဲ့ပါ။

သစ်သားဓား က မူလစေတီကို

သတိထားမိသောကြောင့်

သူနှင့်အတူလိုက်ဖို့ရွေးချယ်ခဲ့ရုံပါ။

"ဒီသစ်သားဓားက

မူလစေတီကြောင့်လိုက်လာတာလား"

ယန်ယဲ့ သည် သစ်သားဓားကို

တစ်ချက်ကြည့်လိုက်သည်။ ၎င်းက

မူလစေတီကို အာရုံခံနိုင်မည်ဟု သူ

မမျှော်လင့်ခဲ့ပေ။

"ဒီသစ်သားဓားက ဘယ်ကလာတာလဲ"

လက်နက်အဆင့်က

ဘယ်အဆင့်မှာရှိနေလဲ။ ထာဝရအဆင့်

ထက်ကျော်နေတာများလား ။

ယန်ယွဲ့က ခေါင်းယမ်းလိုက်ပြီး

အတွေးများကို ထိန်းလိုက်သည်။

ထိုအကြောင်းကို ဆက်မတွေးတော့ပါ။
အခိပ္ပါယ်မရှိလို့ပါ။

သူက သစ်သားဓား အတွက်နှင့်
အချိန်မဖြုန်းချင်ပေ။ သစ်သားဓားကို
ထိန်းချုပ်နိုင်ရင်တော့ သူ၏ခွန်အားက
သိသိသာသာ မြင့်တက်လာပေမည်။
ပြဿနာကတော့ လက်ရှိတွင် သူက
သစ်သားဓားကို ထိန်းချုပ်နိုင်စွမ်းမရှိပေ။

သူက နတ်ဆိုးသားရဲများအပေါ်

အင်အားသုံးနိုင်သော်လည်း ဓား

နှင့်ပတ်သက်၍တော့

အင်အားမသုံးချင်ပါ။ သို့တည်းမဟုတ်

မူလစေတီမပါဘဲ

သူ့ကိုယ်ပိုင်ခွန်အားကိုသာ

ထုတ်သုံးလို၏။ ဓားများက

နတ်ဆိုးသားရဲများနှင့် မတူပါ။

ဓားကောင်းတစ်လက်ဟာ

ကွေးခြင်းထက် ကျိုးပဲ့သွားမှသာ။

ထို့နောက်တွင် ယန်ယွဲ့ သည် နှင်းပွင့်လေး

နှင့် အချိန်အတော်ကြာ ကစားခဲ့ပြီးမှ

အပြင်ပြန်ထွက်သွားကာ

မတွေ့တာကြာပြီဖြစ်သော ချုန်းချီ ကို

သွားတွေ့လိုက်သည်။

"ကလေး၊ မင်း သန်မာလာပြန်ပြီ"

ထိုစကားက ယန်ယဲ့ ကို

တွေ့လိုက်သည်နှင့် ချုန်းချီ

ပထမဆုံးပြောခဲ့သော စကားများပင်။

ယန်ယဲ့က ချုန်းချီကို

တစ်ချက်ကြည့်လိုက်ပြီး "မင်းရဲ့ ခွန်အား

ဘယ်လောက်ပြန်ကောင်းသွားပြီလဲ"ဟု

မေးလိုက်ပါသည်။

ချျန်းချီ က "၉၀ ရာခိုင်နှုန်းလောက်"

ယန်ယဲ့ က နှုတ်ခမ်းသပ်တင်ပြလိုက်ရင်း

“အစ်ကိုချျန်းချီ၊

ပွင့်ပွင့်လင်းလင်းပြောတာကို

အပြစ်မတင်ပါနဲ့။ မင်းရဲ့ခွန်အား ၉၀

ရာခိုင်နှုန်းလောက်

ပြန်ကောင်းလာပေမယ့်

ငါစိုးရိမ်မိသလောက်

မင်းရဲ့လက်ရှိခွန်အားက သာမန်

ထာဝရတန်ခိုးရှင်တစ်ပါးနဲ့ညီမျှရုံလော

က်ပါပဲ။ ဒါကြောင့်

မင်းရဲ့ခွန်အားအပြည့်ပြန်ရခဲ့ရင်တောင်

အထွတ်အထိပ်အဆင့်

ထာဝရတန်ခိုးရှင်တစ်ပါးနဲ့ ယှဉ်ဖို့က

ခဲယဉ်းလိမ့်ဦးမယ်။

အထက်စကြာဝဠာက ကျင့်ကြံသူတွေရဲ့

အဆင့်အတန်းက နိမ့်သလား၊ မင်းက

အားနည်းနေတာလား…”

“မင်းက လူမိုက်လား…” ချုန်းချီ က ဒေါသတကြီးအော်ငေါက်လိုက်သည်

"မင်းဘာသိလဲ။ ငါ့ရဲ့ ခွန်အားကို အပြည့်အဝ ပြန်ရလာတယ်ဆိုတာ မင်းသိလား"

ယန်ယွဲ့က “ဒါက ဘာကိုဆိုလိုတာလဲ” ဟုထပ်မေးလိုက်သည်။

"ဒါက ငါ့ရဲ့နတ်ဘုရားစွမ်းရည်ကို

အသုံးချနိုင်တယ်လို့ ဆိုလိုတာပါ"

ချုန်းချီ က ဒေါသတကြီးပြောသည်

“အစွမ်းထက်တဲ့ နတ်ဆိုးသားရဲတိုင်း မှာ

သက်ဆိုင်ရာနတ်ဘုရားစွမ်းရည်တွေ

ရှိပါတယ်။ ငါ့မှာလည်းအတူတူပဲ၊ ဒါကို

မင်းသိလား"

ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး “ငါ မသိပါဘူး။ ငါ့ကိုပြောပါ။ အားကောင်းသလား ကြည့်ရအောင်”

"သားရဲပုံစံပြောင်းမှရမယ်..." သို့သော် ချုန်းချီက အေးစက်စက်ပြောလိုက်သည် "ငါ့ရဲ့ နတ်ဘုရားစွမ်းရည်က သားရဲပုံစံပဲ။ ငါပြောင်းလဲပြီးရင် ငါ့ခန္ဓာကိုယ်က ဆယ်ဆ ပိုကြီးလာမယ်။ ဒါ့အပြင် ငါ့ရဲ့အကာအကွယ်စွမ်းရည်နဲ့

အရှိန်ကလည်း သိသိသာသာ မြင့်တက်လာမှာပါ။ အဲဒီအချိန်မှာ ထာသရတန်ခိုးရှင်တွေလို အမှိုက်တွေက ငါတစ်ချက်ကိုက်တာကို ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ ပြီးတော့ တခြားနတ်ဘုရားစွမ်းရည်ပါရှိသေးတယ်
”

ယန်ယဲ့ က အလျင်အမြန်မေးလိုက်သည်

"ဒါကဘာလဲ"

ချုန်းချီ က အေးစက်စွာ ညည်းညူရင်း

“မင်းကို ငါပြောမှာမဟုတ်ဘူး။ အဲဒါ

ငါ့ရဲ့ဝှက်ဖဲပဲ။ ငါ အဲဒါကို

လျှို့ဝှက်ထားရမယ်။

ငါတို့ရန်သူဖြစ်သွားရင် ငါ့မှာ

ဝှက်ဖဲကတ်တောင် ရှိမှာမဟုတ်ဘူး။

မင်းကိုငါသတိထားရမယ်"

ယန်ယဲ့ က အံ့အားသင့်သွားပြီး “ချန်းချီ၊ ဒီစကားက ငါ့ကို

တော်တော်နာကျင်စေတယ်။

ကြည့်လိုက်စမ်း၊ ငါတို့တွေ့တဲ့နေ့ကစပြီး ငါတို့တွေ အခက်အခဲတိုင်းကို

အတူတူရင်ဆိုင်ခဲ့တယ်လို့

ယူဆလို့ရပါတယ်။ ဒါဆို...”

"အပိုစကားတွေရပ်လိုက်တော့ " ချန်းချီ

က

သူ့လက်သည်းကို ငုံ့ယမ်းပြပြီး "မင်းက

တော်တော် အရှက်ကင်းမဲ့တယ်။

မင်းငါ့ကို အချိန်မရွေး

သတ္တာဖောက်နိုင်တယ်။ ဒါကြောင့်

ငါသတိထားရမယ်"ဟုထပ်ပြောပါသည်။

ယန်ယဲ့ သည်

ဘာဆက်ပြောရမှန်းမသိတော့ပေ။

ထိုအချိန်တွင် ချုန်းချီ က

ဆက်ပြောသည် "မင်း ဒီကို စကားပြောဖို့

လာတာမဟုတ်ဘူး။

မင်းဒီကိုဘာလို့ရောက်နေတာလဲ

ငါ့ကိုပြောပါ"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး

“ဆက်ခံသူတိုက်ပွဲက

မကြာခင်စတော့မယ်ဆိုတာ မင်းသိတာ

သေချာပါတယ်။ ဒါကြောင့်

မင်းရဲ့အကူအညီကို ငါလိုနိုင်တယ်"

ချုန်းချီ က ခဏတိတ်ဆိတ်သွားပြီး

"ကလေး၊ မင်းသတိထားရမယ်။

ဒီနေရာကလူတွေဟာ

အထက်စကြာဝဠာကိုမယှဉ်နိုင်ပေမယ်လို့

သူတို့က

အားနည်းနေတာတော့မဟုတ်ဘူး။

ငါ့ရဲ့နဂိုခွန်အားရှိနေတဲ့အချိန်မှာတောင်

ဒီနေရာက တချို့လူတွေကို

လျှော့မတွက်ရဲဘူး။ ဥပမာအနေနဲ့

ဝူကလန်ရဲ့ သိုင်းပညာဘိုးဘေး ဝူမူ ။

ဒီလူသာ အထက်စကြာဝဠာကို

တက်သွားနိုင်ရင် သေချာပေါက်

ထိပ်တန်းပညာရှင်ဖြစ်လာမှာ

သေချာတယ်”

ယန်ယွဲ့က ခေါင်းညိတ်ပြပြီး “သိပါတယ်။

ငါက အတော်လေး

အားနည်းနေသေးတယ်။ ငါ့အဒေါ်နဲ့
သူ့အနောက်မှာ ရပ်နေတဲ့ လူတွေက ငါ့ကို
မကောင်းကြံချင်နေကြတယ်။ ဒါကြောင့်
အစ်ကိုချုန်းချီ၊ ငါက တော်တော်
အန္တရာယ်များတဲ့ အခြေအနေမှာ
ရှိနေတယ်”ဟုပြောလိုက်သည်။

ချုန်းချီ က ယန်ယဲ့ကို ကြည့်လိုက်ပြီး
"ဒါက ငါနဲ့
ဘာဆိုင်လို့လဲ"ဟုပြန်ပြောလိုက်သည်။

ယန်ယဲ့က ဘာပြန်ပြောရမှန်းမသိပေ။

တစ်ချိန်တည်းမှာပင် ချုန်းချီ က

ဆက်ပြောလိုက်သည် "ကလေး၊ မင်းက

တကယ်မသန်မာပေမယ့်

မင်းရဲ့ဒုက္ခရှာနိုင်တဲ့စွမ်းရည်က

တကယ့်ကို ကြောက်စရာကောင်းတယ်။

မင်းကို ကြိုသတိပေးပါရစေ၊

မင်းလုပ်လိုက်တဲ့ဒုက္ခက
အရမ်းပြင်းထန်ရင် ငါထွက်ပြေးမယ်"

ယန်ယဲ့ က အကူအညီမဲ့စွာသာ
ရယ်မောရင်း “အစ်ကိုချုန်းချီ၊ မင်းက
ငါအားကိုးနိုင်တဲ့ တစ်ဦးတည်းပါ။
မင်းထွက်ပြေးရင် ငါသေလိမ့်မယ်"

ချုန်းချီ က ဒေါသတကြီးပြောသည် “မင်း
သိပ်သနားစရာကောင်းတဲ့ အကျင့်ကို

မလုပ်နဲ့။ မင်းက

အရမ်းအသက်ပြင်းတယ်။

ငါသေသွားရင်တောင်

မင်းအသက်ရှင်နေလိမ့်မယ်"

ယန်ယဲ့၏ မျက်နှာက ရှုံ့မဲ့သွား၏။

ချုန်းချီက သူ့လက်သည်းကို

ဝှေ့ယမ်းပြရင်း "မင်းကိုတွေ့တိုင်း ငါ

ကံဆိုးသလို ခံစားရတယ်။ ငါ့ဆီက

ဝေးဝေး ရှောင်ပါ"

ယန်ယဲ့၏မျက်နှာက လုံးဝ

မည်းမှောင်နေ၏။ သို့သော်

သူစဉ်းစားကြည့်မှသာ

အမှန်ဖြစ်နေကြောင်း

သိလိုက်ရသည်။ချုန်းချီက

သူ့အတွက်ကြောင့် အကြိမ်ကြိမ်

အသတ်ခံရလုနီးပါးပင်။

ယန်ယဲ့ က ထိုအကြောင်းကို
တွေးမိလိုက်သည့်အခါ အတော်လေး
အပြစ်ရှိသလိုခံစားလိုက်ရသည်
“အစ်ကိုချုန်းချီ၊ တောင်းပန်ပါတယ်။ ငါနဲ့
အတူနေရတာ တကယ်ပဲ..."

ချုန်းချီ က ရုတ်တရက်ဆိုသလို
ပြန်ပြောခဲ့သည် "ငါ့ကို
စိတ်ခံစားချက်တွေ ဖွင့်ဟပြဖို့

မကြိုးစားနဲ့။ မင်းထွက်မသွားသေးရင် ငါတိုက်ခိုက်မယ်"

ယန်ယဲ့ က

စကားမပြောနိုင်လောက်အောင်

ခံစားလိုက်ရသည်။

ထိုအချိန်တွင် သူ၏အမူအရာက

ပြောင်းသွားပြီး ချက်ချင်းဆိုသလို

နေရာမှာပင်ပျောက်သွားသည်။

အပြင်ကမ္ဘာ ။

အပြင်ကို ပြန်ထွက်လာသည်နှင့် ယန်ရှမ်က သူ့ရှေ့တွင် ပေါ်လာသည်။

ယန်ယဲ့က

"ဒါကဘာကိစ္စရှိလို့လဲ"ဟုမေးလိုက်သည်

။

ယန်ရှမ် က  "ယန်ယန် နဲ့ တခြားသူတွေက နင့်ရဲ့ ပုံရိပ်အမှန်ကို သိသွားကြပြီ"ဟုပြောပါသည်။

ယန်ယဲ့၏ မျက်လုံးများက မှေးမှိန်သွားကာ "သူတို့ ဘယ်လို သိသွားတာလဲ"

ယန်ရှမ် က ခေါင်းခါလိုက်သည် "ဒါတော့ ငါလည်းမသိဘူး"

ယန်ယွဲ့က "သူတို့သိရင်လည်း သိသွားပါစေ" ဟု လျစ်လျူရှုကာ ပြောလိုက်သည်။

ယန်ရှမ်က ခဏတုံ့ဆိုင်းသွားပြီး "နောက်တစ်ခုရှိသေးတယ်..."ဟု ထပ်ပြောခဲ့သည်။

ယန်ယွဲ့က "ဘာလဲ"

ယန်ရှမ် က ခဏတိတ်ဆိတ်နေပြီး "နင်
စိတ်ကိုတည်ငြိမ်အောင်ထားမှရမယ် "

ယန်ယဲ့၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားသည်။
ထို့နောက်တွင် သူ၏နှလုံးသားထဲမှ
ဆိုးရွားသော ခံစားချက်တစ်ခု
ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ ယန်ရှမ် က

ဆက်ပြောလိုက်သည် "ယန်ယန်က

ငြိမ်သက်ခြင်းမြို့အပြင်ဖက်မှာ

ကောင်းကင်ငယ်ရဲ့ဝိညာဉ်ကို

ချိတ်ဆွဲထားတယ်။ နင့်ကိုယ်နင် မပြရင်

သူမကို သေတဲ့အထိ ဖျက်ဆီး

ပစ်မယ်လို့ပြောတယ်”

ယန်ယဲ့ က ယန်ရှမ်ကို အချိန်အတော်ကြာ
ကြည့်ပြီးနောက် ရုတ်တရက်
လှည့်ထွက်သွားသည်။

သို့သော် ယန်ရှမ် က သူ့လမ်းကို
ရုတ်တရက် ပိတ်ရပ်ကာ
"နင်သွားလို့မရဘူး။ သူတို့က နင့်ကို
ရည်ရွယ်ချက်ရှိရှိ ဆွဲထုတ်နေတာ။
ငြိမ်သက်ခြင်းမြို့ရဲ့အပြင်ဖက်မှာ
အဆင့်မြင့်ကျင့်ကြံသူတွေ အများကြီး

ရောက်နေပြီ။ နင်သွားယရင် သူတို့က
နင့်ကို ဝိုင်းသတ်ပစ်မှာ သေချာတယ်။
ဒါကြောင့် အခြေအနေတစ်ခုလုံးကို
ဦးစားပေးပါ”

စကားပြောပြီးသည်နှင့်
သူမ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
ထာဝရတန်ခိုးရှင် ၅ ပါးက
ယန်ယဲ့၏ပတ်ပတ်လည်၌
ချက်ချင်းပေါ်လာသည်။

ယန်ယွဲ့ က ယန်ရှမ် ဆီကို

လျှောက်သွားပြီး "ဘေးနားကို

ရွှေ့လိုက်..."

ယန်ရှမ် က

မျက်လုံးချင်းတည့်တည့်ကြည့်ကာ

"မဟုတ်ဘူး၊ နင်သွားလို့မရဘူး"

အုန်း...

ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ ပြင်းထန်သော

စိတ်ဆန္ဒဖိအားလှိုင်းကြီးတစ်ခု

လွင့်ပျံလာပြီး ယန်ရှမ်အား

နောက်ပြန်ဆုတ်သွားစေသည်။

သို့သော်လည်း ယန်ရှမ်က

ရှေ့ပြန်တိုးလာပြီး လက်သီးကို

ရှေ့ဆောင့်ထိုးကာ စိတ်ဆန္ဒဖိအားကို

ချေဖျက်လိုက်သည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခု ဖျတ်ခနဲလက်သွားပြီး ယန်ရှမ် ရှေ့ကို ရောက်လာသည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

ယန်ရှမ်က မျက်ခွံများ လှုပ်ယမ်းသွားသည်။ သူမက ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း မရှိပေ။ သူမ၏လက်နှစ်ဖက်ကို ရှေ့ဆန့်ထုတ်ကာ

ပူးကပ်လျက်

ထူးဆန်းသောတံဆိပ်တစ်ခုဖန်တီးလိုက်

သည်။ တစ်ချိန်တည်းမှာပင်

သူမ၏ဆန်းကြယ်ချီစွမ်းအင်ကို

လက်ဝါးနှစ်ဖက် ဆီသို့

ပို့လွှတ်လိုက်သည်။ ထို့နောက် ရှေ့ကို

ပြိုင်တူတွန်းထုတ်လိုက်သည်။

အုန်း....

ယန်ရှမ်၏ ရှေ့တည့်တည့်

အာကာသပြင်က လှိုင်းထလာကာ

မမြင်နိုင်သော စွမ်းအင်လှိုင်းလုံးကြီးနှင့်

တိုက်မိသွားလေသည်။

ဘမ်း...

အင်မော်တယ်ဖီးနစ်ခန်းမ ထဲမှ

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

မြေအောက်အခန်းတစ်ခုလုံးဟာ

ချက်ချင်းပြိုကျသွားသည်။ထို့နောက်မှာ

တော့ ခန်းမကြီးတစ်ခုလုံးပင်

လျှောင်လှူပ်ခတ်သလို

လှုပ်ခါသွားပါတော့သည်။

May Be:

၁၉၇၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၁ - ထာဝရအဆင့် စိတ်ဆန္ဒ

အောင်း...

အင်မော်တယ်ခန်းမထဲမှ

ဓားအူသံကြီးတစ်သံ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက်

မြေအောက်ကနေ အလင်းတန်းတစ်ခု

ထိုးထွက်လာပြီး လေထဲသို့

ပျံတက်သွားသည်။

သို့သော် အနီရောင်အလင်းတန်းတစ်ခု
ရုတ်ချည်းပေါ်လာပြီးနောက်
ပထမပြေးထွက်သွားသည့်အလင်းတန်း
ကို ပိတ်ဆို့ထားလိုက်ပါသည်။

အလင်းတန်းများ ပြန့်ကျဲသွားသည့်အခါ
ယန်ယဲ့ နှင့် ယန်ရှမ်
တို့၏ပုံရိပ်များပေါ်လာကြသည်။

ယန်ရှမ်က ယန်ယဲ့ ကို အေးစက်စွာ

ကြည့်ပြီး "ယန်ရှူ ဘယ်လောက်

သန်မာတယ်ဆိုတာ နင်သိလား။

သူ့ရဲ့ခွန်အားက ဂူရှဲ့ နဲ့ချန်းဟု

တို့ထက်တောင်မှ သန်မာနေသေးတယ်။

ဒါ့အပြင် သူ့လက်အောက်မှာ

ထာဝရတန်ခိုးရှင် ၂၀

ကျော်ပါရှိသေးတယ်။ အခုသွားရင်

နင့်အသက်ကိုစွန့်ရုံဘဲ"ဟု
ပြောလိုက်သည်။

ယန်ယဲ့က မျက်လုံးမှိတ်ထားလျက်နှင့်
"ယန်ရှမ်၊ မင်း ငါ့ကိုကူညီဖို့
အတင်းအကြပ်မတောင်းဆိုဘူး။
နောက်ဆုံးတော့ မင်းငါ့ကို ဘာမှ
အကြွေးတင်မထားဘူးလေ။ ဒါပေမဲ့
မင်းငါ့ကိုတားဖို့ကြိုးစားရဲရင်..." ရုတ်
တရက် မျက်လုံးပြန်ဖွင့်လိုက်ပြီး

"ငါပြောတာကိုယုံပါ။ မင်းရဲ့
ခေါင်းကိုယူမယ်"

ယန်ရှမ် က "ငါက နင့်အဒေါ်ပဲလေ..."

ယန်ယဲ့က “မင်းငါ့ကို မင်းရဲ့တူလေးလို
သဘောထားဖူးသလား”
ဟုပြန်မေးလိုက်၏။

ယန်ယဲ့က စကားပြန်မစောင့်ဘဲ

ခေါင်းခါပြီး “ငါ

မင်းနဲ့အပိုစကားတွေမပြောချင်ဘူး။

ငါနောက်ဆုံးတစ်ခါထပ်ပြောမယ်

ငါ့ကိုမတားနဲ့"

ထိုစကားပြောပြီးသည်နှင့် ညာခြေကို

တစ်ချက်ဆောင့်ကာ

အလင်းတန်းတစ်ခုသဖွယ်ပြောင်းကာ

ကောင်းကင်ထက်သို့

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးသည်နှင့် ယန်ရှမ်၏

နံဘေးကနေ ဂူရှဲ့ နှင့် ချန်းဟု

တို့နှစ်ယောက်ပေါ်လာကြသည်။

ချန်းဟု က "တချို့အရာတွေ လက်ထဲက

လွတ်သွားမှာလား"ဟုပြောလိုက်သည်။

ဂူရှဲ့ က ခေါင်းခါရင်း ပြောလိုက်၏

"ဒါမပြည့်စုံဘူးလား။ ဆရာသခင်က

အရာရာတိုင်းကို ထိန်းမနိုင်သိမ်းမရ

ဖြစ်စေချင်တယ်။ပြောရရင် သခင်က

ယန်ယွဲ့ကို တခြားသခင်ငယ်တွေနဲ့

ပြဿနာတက်စေချင်နေတာ။

အဲဒါမှမဟုတ်ရင် ငါတို့က ယန်ယွဲ့ရဲ့

ပုံရိပ်မှန်ကို ဘာကြောင့်

ထုတ်ဖော်ရမှာလဲ"

ချန်းဟု က ခေါင်းခါလိုက်သည် “အဲဒီ ဆယ်ယောက်မြောက် သခင်လေးက ဆက်ဆံရတာ မလွယ်ဘူး။ ငါတို့အစီအစဉ်ပျက်သွားမှာကို စိုးမိတယ်"

"သူ့မှာ ဒီအရည်အချင်းမရှိဘူး" ဂူရှဲ့ က ပြန်ပြောသည်  “ဆရာကြီးရဲ့ စွမ်းရည်က သူ့ထက်သာတယ်။ ဆရာကြီးရဲ့ သဘာဝစွမ်းရည်က သူ့ထက်

အများကြီးသာတယ်။သူ ဘယ်လောက်ပဲ
ကြီးကျယ်ခမ်းနားနေပါစေ ဆရာကြီးနဲ့
မယှဉ်နိုင်ဘူး မဟုတ်လား"

ချန်းဟု က ခေါင်းညိတ်ပြပြီး "ဆရာကြီး
သနားစရာပဲ..." ဟုပြောရင်း
ခေါင်းခါယမ်းလိုက်လေသည်။

ဂူရှဲ့ က ခေါင်းခါလိုက်ပြီး
"သွားကြည့်ရအောင်။ သူ့ရဲ့ စစ်မှန်တဲ့

တိုက်ခိုက်ရေးစွမ်းအားက

ဘယ်လိုမျိုးလဲဆိုတာ ကြည့်ရအောင်”

ထိုစကားပြောပြီးနောက် အဝေးဆီသို့

ပျောက်ကွယ်သွားတော့သည်။

ထိုအချိန်တွင် ချန်းဟု က တစ်ချိန်လုံး

တိတ်ဆိတ်နေသော ယန်ရှမ် ကို

ရုတ်တရက် ကြည့်လိုက်ပြီး "ဖီးနစ်

ဗိုလ်ချုပ်၊ နင့်အစ်ကိုနဲ့

အရမ်းရင်းနှီးနေတယ်ဆိုတာ

ငါကြားတယ်"

ယန်ရှမ် က ချန်းဟု ကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ့တူလေးရဲ့

ပင်ကိုယ်စွမ်းရည်နဲ့ စွမ်းရည်က

ဆရာကြီးထက်သာလွန်နေတယ်ဆိုရင်

သူ့ကို ငါရွေးချယ်မှာ သေချာပါတယ်။

ကံမကောင်းစွာပဲ၊ သူမဟုတ်ပါဘူး။

ယန်မျိုးနွယ်မှာ

သန်မာတဲ့သူတွေပဲအသက်ရှင်မယ်။
အားနည်းသူတွေက
ဖယ်ရှားခံရတာသဘာဝပဲလေ။
ဟုတ်တယ်မလား"

ချန်းဟု က ခေါင်းညိတ်ပြီး "ဒါက
အရမ်းကျိုးကြောင်းဆီလျော်တယ်"
ဟုပြောပြီးသည်နှင့် သူမ၏ပုံရိပ်က
ကောင်းကင်သို့ ပျောက်ကွယ်သွားသည်။

ယန်ရှမ် က ထိုနေရာတွင်

အချိန်အတော်ကြာ

တိတ်ဆိတ်နေခဲ့သည်။ ထို့နောက်

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

...

ငြိမ်သက်ခြင်းမြို့တော် အပြင်ဖက် ။

မြို့တံခါးအလယ်၌

မိန်းမငယ်လေးတစ်ဦးအား

အမက်ရောင်သံကြိုးနှင့်

ချိတ်ဆွဲထားလေသည်။

သူမ၏ပုံသဏ္ဍာန်က

ကောင်းကင်ပြာနှင့်ဆင်တူပြီး

မျက်လုံးများကိုမှိတ်ထားကာ

အိပ်သက်နေသယောင်ထင်ရသည်။

ထိုမိန်းမငယ်လေးက ယန်ယဲ့
လိုက်ရှာနေသော ကောင်းကင်ငယ် ပင်။

မြို့အဝင်ဝ၌ အမျိုးသားတစ်ဦးက
တင်ပျဉ်ခွေထိုင်နေခဲ့သည်။ ၎င်းက
အသက် ၂၀ ကျော်သာရှိပုံရပြီး
ထည်ဝါသော ဝတ်ရုံကို
ဝတ်ဆင်ထားသည်။

ထိုလူငယ်က ယန်ယဲ့ လိုက်ရှာနေသော

ယန်ကလန်၏ ဒုတိယမြောက်သခင်ငယ်
ယန်ယန် ပါ။

ယန်ယန်က ခြေချိတ်ထိုင်နေရာမှ
မျက်လုံးကို ရုတ်တရက်ဖွင့်ပြီး
ကောင်းကင်ကို မော့ကြည့်လိုက်သည်။
ထိုအချိန်တွင် အလင်းတန်းတစ်ခုက
မြေပြင်ပေါ်သို့ ဆင်းသက်လာသည်။
ပြန့်ကျဲသွားသည်နှင့် ယန်ယဲ့၏ပုံရိပ်က

ယန်ယန်နှင့် မလှမ်းမကမ်း၌
ပေါ်လာသည်။

ယန်ယဲ့ ရောက်လာသည်နှင့်
ကောင်းကင်ငယ်က ရုတ်တရက်
မျက်လုံးပွင့်လာပြီး သူ့အား
စိုက်ကြည့်လိုက်သည်။ ယန်ယဲ့ ကလည်း
ကောင်းကင်ငယ် ကို ကြည့်နေသည်။

မျက်လုံးချင်းဆုံပြီး ခဏအကြာတွင်

ကောင်းကင်ငယ် က

ဖြူဖျော့ဖျော့မျက်နှာထားနှင့်

အားယူပြုံးလိုက်ပြီး

"အခုချက်ချင်း ထွက်သွားတော့။

ငါကရပါတယ်"ဟုပြောခဲ့သည်။

ယန်ယွဲ့၏ ပါးစပ်ထောင့်မှ ထူးဆန်းသော

အပြုံးတစ်ခု ပေါ်လာပါသည်။ သူက

"ယောက်ျားတစ်ယောက်အတွက်
အနာကျင်ဆုံးအရာက ဘာလဲ
မင်းသိလား။ သူ့မိတ်ဆွေတွေနဲ့
အမျိုးသမီးတွေက သူ့ကို
အလိုအပ်ဆုံးအချိန်မှာ
အကူအညီမဲ့ဖြစ်နေတာပဲ။ မင်းကို
ဖမ်းသွားတာကို ကြည့်ပြီး ငါ့အတွက်
အနာကျင်ရဆုံး အခိုက်အတန့်ပဲ”

ကောင်းကင်ငယ် က ခေါင်းခါရင်း

ပြောလိုင်သည် “လူမိုက်ပဲ။ သူတို့က

နင့်ကို ရည်ရွယ်ချက်ရှိရှိ

ဆွဲထုတ်သွားတာသဘောပေါက်လား။

နင်မထွက်သွားရင် မင်းသေလိမ့်မယ်။

အခုထွက်သွား ကောင်းပြီ..."

ထိုအချိန်တွင် လေအေးတစ်ချက်က

ကောင်းကင်ငယ်ကို ထိမှန်သွားသည်။

ဆူး…

ကောင်းကင်ငယ်၏ ခန္ဓာကိုယ်မှ

မီးပွားများ လွင့်စင်လာပြီး

သူမ၏မျက်နှာလေးဟာ နာကျင်သော

အရိပ်အယောင်များ ဖုံးလွှမ်းနေသည်။

"ဝိဉာဉ် ဓားတစ်ချောင်း…" ယန်ယန် က

မတ်တပ်ထရပ်ပြီး သူ့လက်နှစ်ဖက်ကို

ခါလိုက်ရင်းပြောလိုက်သည်။ထို့နောက်

ယန်ယဲ့ကို စိုက်ကြည့်ကာ ဆက်ပြောသည်

“ဒါဟာ ဝိညာဉ်တွေကို နှိပ်စက်ဖို့

အထူးပြုလုပ်ထားတာပါ။ ဒါဟာ

မူလစိတ်ဝိညာဉ်ကို သေချာပေါက်

ပျက်စီးစေနိုင်တယ်။ မင်းရဲ့

မူလစိတ်ဝိညာဉ်ထဲကလာတဲ့နာကျင်မှုကို

ခံစားဖူးသလား။ မင်းဒါကိုမသိရင်

ငါမင်းကို

နောက်မှခံစားခွင့်ပေးလိုက်မယ်..."

ယန်ယဲ့ သည် စကားမပြောဘဲ
နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

ပြန်လည်မွေးဖွားခြင်း၏ဓား....။

အလင်းတန်းတစ်ခုက ရှေ့သို့
လင်းလက်လာသည်။

ဘမ်း...

သို့သော်လည်း ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့၏ပုံရိပ်က ၆ ကီလိုမီတာအကွာသို့ လွင့်ပျံသွားသည်။

ထိုအချိန်တွင် ယန်ယဲ့ရှေ့၌ အနက်ရောင်ဝတ်ရုံအဘိုးအိုတစ်ဦး ပေါ်လာသည်။

ထိုအဘိုးအိုက ယန်ခုံး၏ အဖေဖြစ်သူ ယန်ရှူ ပါ။

တစ်ချိန်တည်းမှာပင် ယန်ရှူ နှင့် ယန်ယန်၏ နောက်ကွယ်မှ အဘိုးကြီး ၁၀ ယောက် ပေါ်လာခဲ့သည်။

အားလုံးက ထာဝရတန်ခိုးရှင် များပါ။

ယန်ရှူ က ယန်ယဲ့ကို အေးစက်စွာ ကြည့်လိုက်ပြီး "စိတ်မပူပါနဲ့။ မင်းကို ဒီလောက်မြန်မြန်သေစေမှာ မဟုတ်ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ငါ့မြေးမနဲ့

ငါ့သားရဲ့ဘဝအတွက် မင်းဘဝက

ပေးဆပ်ဖို့ မလုံလောက်လို့။ ဒီနေရာနဲ့

ဝေးတဲ့ အဆင့်နိမ့်ကမ္ဘာမှာ မင်းရဲ့

ဇနီးမယားတွေ ကျန်ခဲ့တယ်လို့

ငါကြားတယ်။ စိတ်မပူပါနဲ့၊

ငါကိုယ်တိုင်သွားပြီး ဖမ်းမယ်။

အဲဒါပြီးရင် သူတို့ကို သေတဲ့အထိ

နှိပ်စက်နေတာကို မင်းကို ငါကြည့်ခိုင်းမယ်”

ထိုစကားပြောပြီးနောက် ကောင်းကင်ငယ်ကို ရုတ်တရက် လက်ညှိုးထိုးပြပြီး "ငါ သူမနဲ့ အရင်စလိုက်မယ်"

ယန်ယန်၏ မျက်နှာပေါ်မှာလည်း အေးစက်သော အပြုံးတစ်ခု ရောက်ရှိလာသည်။

ထို့နောက် သူ့လက်ကိုဝှေ့ယမ်းပြီး

စိတ်ဝိညာဉ်ဓားကို

ကောင်းကင်ငယ်အားပစ်ခတ်လိုက်သည်။

ဆူး...

ကောင်းကင်ငယ်၏ ခန္ဓာကိုယ်မှ

မီးပွားများ လွင့်လာပြန်သည်။

သူမ၏ပုံစံက

နာကျင်နေပုံပေါက်သော်လည်း
အသံတစ်ချက်ပင်မထွက်ခဲ့ပေ။

ယန်ယဲ့၏ မျက်လုံးများက
ရက်စက်ကြမ်းကြုတ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့ထံမှ
သတ်ဖြတ်ခြင်းစားစိတ်ဆန္ဒ တဟုန်ထိုး
ထွက်ပေါ်လာသည်။ ထို့နောက်

နတ်ဓားကို လက်နှစ်ဖက်ဖြင့်

ဆုပ်ကိုင်လိုက်ပြီး ရှေ့သို့ ထိုးလိုက်သည်။

အုန်း...

သူ့ရှေ့မှ အာကာသပြင်က

ကွဲထွက်သွားပြီး

တန်ပြန်အားလှိုင်းကြောင့် ယန်ယွဲ့ဟာ

နောက်ပြန်ဆုတ်သွားစေသည်။

နောက်ဆုံးတွင် ၁၀ ကီလိုမီတာအထိ

ရောက်မှသာ

ရပ်တန့်လိုက်နိုင်တော့သည်။

ယန်ရှူက ပါးစပ်ထောင့်မှ

လှောင်ပြောင်သရော်မှုတစ်ခုနှင့်

“မင်းအခု ဘယ်လောက်ထိ

အားနည်းနေသလဲဆိုတာ သိလား”

ယန်ယဲ့ က ပါးစပ်ထောင့်က

စီးကျနေသော သွေးများကို

သုတ်လိုက်ပြီး အဝေးကို
မျှော်ကြည့်လိုက်သည်။ ထိုအချိန်တွင်
ယန်ယန်က သူ့လက်ကောက်ဝတ်ကို
ထပ်မံ လှန်လိုက်သည်။ ထိုအခါ
ကြာပွတ်ရှည်တစ်ချောင်းက
ကောင်းကင်ငယ် ပေါ်သို့
ကျဆင်းသွားပြန်သည်။

ဆူး....

မီးပွားများ ဖြာခနဲထွက်လာပြန်သည်။

သို့သော်လည်း ယန်ယန်က မရပ်တန့်ဘဲ အရှိန်ပြင်းပြင်းဖြင့် ဆက်ရိုက်နေခဲ့သည်။

ထို့နောက် ယန်ယန်က  ခပ်ကြမ်းကြမ်း ပြုံးပြပြီး "မင်း စိတ်ပျက်အားငယ်နေပြီလား"

ကောင်းကင်ငယ်က မျက်လုံးဖွင့်ပြီး

ယန်ယဲ့ ကို စူးစိုက်ကြည့်ကာ "ကောင်းပြီ။

နင် ထွက်သွားတော့။

ငါ့ကိုဒီလိုမမြင်စေချင်ဘူး"

ယန်ယဲ့က ကောင်းကင်ငယ်ကို

စိုက်ကြည့်ပြီးနောက် မျက်လုံးအစုံမှ

သွေးမျက်ရည်များ တဖြည်းဖြည်း

စိမ့်ထွက်လာသည်။

သွေးမျက်ရည်များ ပါ....

"စိတ်ဓာတ်ကျနေသလား" ယန်ယန်က ယန်ယဲ့ကို လှည့်ကြည့်ပြီး "မင်းငါ့ကို ရှာနေတာမဟုတ်ဘူးလား။ အခုမင်းငါ့ကိုရှာတွေ့ပြီ...”

ထိုအချိန်တွင် ယန်ရှူ က မျက်မှောင်ကြုတ်ရင်း မျက်လုံးများ ရုတ်တရက် ကျဉ်းမြောင်းသွားသည်။

ဤအခိုက်အတန့်မှာ

ယန်ယဲ့၏ခန္ဓာကိုယ်ဟာ ရုတ်တရက်

တဖြည်းဖြည်း နီရဲလာသည်။ ပထမဆုံး

သူ၏မျက်လုံးအစုံက

သွေးရောင်သမ်းနေရာမှ

သွေးမျက်လုံးများအဖြစ်ပြောင်းလဲသွားခဲ့

သည်။ ထို့နောက် သူ၏ခန္ဓာကိုယ်က

သွေးချီများဖန်တီးထားသည့်အလား

နီရဲလာသည်။ နောက်ဆုံးတွင်တော့

သွေ့ခေါင်းထက်မှ ဆံပင်များပါ
သွေးဆံပင်များဖြစ်သွားခဲ့လေပြီ။

အောင်း....

ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ စူးရှသော
သွေးရောင်အလင်းတန်းများ
ဖြာထွက်လာသည်။

သတ်ဖြတ်ခြင်းဓားစိတ်ဆန္ဒ ။

သို့သော်လည်း သူ့ထံမှ

ခုန်ထွက်လာသည်နှင့် တပြိုင်နက်

ဓားစိတ်ဆန္ဒဟာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြောင့်

အထဲပြန်ဝင်သွားသည်။

ထိုခဏလေးမှာပဲ ဓားစိတ်ဆန္ဒဟာ

ရုတ်ချည်းပင်ပျောက်ကွယ်သွားသည်။

ဘောင်း...

သွေးနီရောင်အလင်းတန်းမြောက်များစွာ

ကောင်းကင်ထက်သို့

လွင့်ပျံလာသည်။ထိုအချိန်တွင်

ငြိမ်သက်ခြင်းမြို့အထက်

ကောင်းကင်ယံဟာ

သွေးနီရောင်ပြောင်းသွားခဲ့ပြီး

သွေးပိုက်ကွန်ကြီးတစ်ခု

ဖုံးအုပ်ထားပုံရသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏

ခန္ဓာကိုယ်မှ ထွက်ပေါ်နေသော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

အားကောင်းသည်ထက်

အားကောင်းလာနေခဲ့သည်...

ထို့နောက်တွင်တော့...

အောင်း....... ဘောင်း......ဘောင်း.....

ကြောက်မက်ဖွယ်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒလှိုင်းလုံးကြီးတ

စ်ခုဟာ ကောင်းကင်သို့ လွင့်ပျံလာပြီး

ငြိမ်သက်ခြင်းမြို့တော်အား ချက်ချင်း

လွှမ်းခြုံသွားသည်။ ထို့အပြင်

တဖြည်းဖြည်းနှင့်

ပို၍သိပ်သည်းလာခဲ့သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြောင့်

ငြိမ်သက်ခြင်းမြို့အထက်

ကောင်းကင်ပြင်ဟာ

သွေးရောင်ကောင်းကင်ပြင်ကြီးအဖြစ်

ပြောင်းလဲသွားသည်။

ဘမ်း....

ထိုအချိန်မှာပဲ ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ

ကြောက်မက်ဖွယ်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒလှိုင်းတစ်ခု

ထပ်မံ ထွက်ပေါ်လာခဲ့လေသည်။

ထိုစိတ်ဆန္ဒဖိအားလှိုင်း ပေါ်လာသည်နှင့်

ယန်ရှူ၏ နောက်ကွယ်မှ ထာဝရတန်ခိုးရှင်

၁၀ ယောက်လုံး မျက်လုံးများ

နီရဲလာသည်။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ...

ဒီအချိန်မှာ ယန်ယဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

အကန့်အသတ်သို့ရောက်သွားခဲ့ပါပြီ။

တစ်နည်းအားဖြင့် သူက ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

နားလည်သွားခဲ့လေပြီ။

ယန်ကလန်တစ်ခုလုံးလည်း

အကြီးအကျယ် ထိတ်လန့်သွားသည်။

ထိုခဏလေးမှာပဲ

ငြိမ်သက်ခြင်းမြို့တော်မှ

အစွမ်းထက်အော်ရာ အများအပြား

ပျံ့လွင့်လာကာ မြို့အပြင်ဖက်ဆီသို့

ဦးတည်လာကြသည်။

ဂူရှဲ့ နှင့် အခြားသူများလည်း

အဝေးမှာရပ်နေသည့်

ယန်ယဲ့ကိုလှမ်းကြည့်ရင်း ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

ခံစားမိသောအခါ

မျက်နှာပျက်သွားခဲ့ကြသည်။

သူတို့သုံးယောက်လုံး ယန်ယဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ထာဝရအဆင့် ကို ရောက်သွားဖို့

မမျှော်လင့်ထားခဲ့ပေ။

ပြန်လာအဆင့် စိတ်ဆန္ဒများဟာ

ထာဝရတန်ခိုးရှင်များ အတွက်

ခြိမ်းခြောက်မှုမရှိပေ။ သို့ပါသော်လည်း

ထာဝရအဆင့် စိတ်ဆန္ဒဟာ

ထာဝရတန်ခိုးရှင်များအတွက်

ကြီးမားသောခြိမ်းခြောက်မှုပါ။အထူးသ

ဖြင့် အထွတ်အထိပ်သို့

တက်လှမ်းနိုင်သည့် ယန်ယွဲ့၏

ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ ထိုကဲ့သို့ပင်။

အကြောင်းကတော့ သူသည်

ပြင်ပအကူအညီမယူဘဲ ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

နားလည်ထားလို့ပါ။

ထို့အပြင် ယန်ယဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

အကန့်အသတ်ရောက်သွားပြီး

ထာဝရအဆင့် ဖြစ်နေလေရာ

သူ့နှလုံးသားထဲမှ

သတ်ဖြတ်လိုစိတ်ကိုမှန်းဆကြည့်နိုင်လေ

သည်။

ယန်ရှမ်၊ ဂူရှဲ့ ၊ ချန်းဟု ပင်ဖြစ်စေ

သုံးယောက်စလုံး၏မျက်နှာက

လေးနက်တည်ကြည်နေခဲ့သည်။ သို့သော်

ယန်ရှမ်၏ မျက်လုံးထဲ၌ အနည်းငယ်

ထူးဆန်းသော အမူအရာ ပေါ်လာသည်။

ထိုအချိန်တွင်

မီးခိုးရောင်ဝတ်ရုံလူငယ်တစ်ဦး ကလည်း

အခြားထောင့်နေရာမှ

စောင့်ကြည့်နေခဲ့သည်။ သူက

ထိုမြင်ကွင်းကို ကြည့်နေရင်း

ပါးစပ်ထောင့်မှာ

ထူးဆန်းသောအပြုံးတစ်ခုနှင့်
“ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ
လား။ ငါ့ဝမ်းကွဲညီက သာမန်မဟုတ်ဘူး။
ဒါက
တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်”ဟူ
၍ ပြောလိုက်သည်။

ထိုအချိန်တွင် သူ့နောက်ကွယ်မှ
အနက်ရောင်ဝတ်ရုံအဘိုးအိုက

“အကြီးဆုံးသခင်လေး၊ မင်း သူ့ကို ဘယ်လိုထင်လဲ” ဟု မေးခဲ့သည်။

မီးခိုးရောင်ဝတ်ရုံဝတ်လူငယ်က ယန်ကလန်၏ ပထမမြောက်သခင်လေး ယန်ကျန်း ပင်။

ယန်ကျန်း က အဝေးရှိ ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "သူ့ရဲ့ခွန်အားက မဆိုးပါဘူး။ ဒါပေမဲ့ သူက

စိတ်မြန်လွန်းတယ်..." ဟုပြောရင်း
ခဏာရပ်လိုက်ပြီး "ငါ့အထင်တော့ သူ့မှာ
ဝှက်ဖဲတစ်မျိုးတော့ ရှိလောက်တယ်။
အခုတော့ ဆက်ပြီးစောင့်ကြည့်ရအောင်"

အနက်ရောင်ဝတ်ရုံအဘိုးအိုက
ခေါင်းညိတ်ပြကာ ပတ်ဝန်းကျင်ကို
စိုက်ကြည့်လိုက်ရင်း
"တခြားသခင်ငယ်တွေလည်း ဒီမှာပါ"
ဟုပြောလိုက်သည်။

ယန်ကျန်း က အဝေးသို့

တစ်ချက်ကြည့်လိုက်ပြီး “ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။ ဟား ဟား၊

အဲဒီအမှိုက်တွေကို မပြောနဲ့၊

အကြီးအကဲကောင်စီက

အရှူးအိုကြီးတွေတောင်မှ

ရောက်လာပြီ”ဟုပြောလိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ထာဝရအဆင့် သို့ ရောက်သွားသဖြင့်

ယန်ယန် နှင့် ယန်ရှူ တို့ နှစ်ဦးစလုံး

မျက်နှာပျက်သွားကြသည်။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

May Be:

၁၉၇၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန် သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၂ - စည်းကမ်းထိန်းသိမ်းရေးခန်းမ ရောက်လာခြင်း

ဒါ.... ဒါက ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ လား ။

ယန်ယှဲ့ သည် မမျှော်လင့်ထားဘဲ

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ကို နားလည်သွားလေပြီ။

မတူညီသောစိတ်ဆန္ဒအမျိုးမျိုးအနက်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

အဆင့်တက်ဖို့ ခက်ခဲလှသည်။

အကြောင်းကတော့ အဆင့်တက်နိုင်ဖို့
လိုအပ်သောအရေအတွက်ထိ
သတ်ဖြတ်ရမှာဖြစ်လို့ပါ။

ထို့အပြင် ထိုလူ၏
သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ
လုံလုံလောက်လောက် ပြင်းပြစွာ
ပိုင်ဆိုင်ထားရပါမည်။

ရုတ်စွအဆုံး အကြွင်းမဲ့
ကန့်သတ်ချက်အထိ ခိုင်မာနေရပေမည်။

သတ်ဖြတ်ခြင်းက
ကြောက်စရာမဟုတ်ပေ။
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကသာ
ကြောက်စရာကောင်း၏။ လူ ၁ သန်းမှ
တစ်ယောက်သာလျှင် ၎င်း၏သ
တ်ဖြတ်ခြင်းစိတ်ဆန္ဒကို

အကန့်အသတ်ထိ

သယ်ဆောင်လာနိုင်သည်။

အခိုက်အတန့် တိတ်ဆိတ်သွားပြီးနောက်

ယန်ရှူက အေးစက်စွာ ရယ်မောလိုက်ပြီး

"ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

။ တကယ့်ကိုအံ့သြစရာပါလား။ ဒါပေမဲ့

ဘာဖြစ်မလဲ။ မင်းဟာ

ပုရွက်ဆိတ်ပဲရှိသေးတာ”

စကားပြောပြီးသည်နှင့်

တိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော်လည်း ယန်ယဲ့ က သူ့ထံ

ရုတ်တရက် ဖြည်းညှင်းစွာ

လျှောက်လာခဲ့သည်။ ယန်ယဲ့၏

ခြေလှမ်းတိုင်းဟာ မြေကြီးပေါ်

သွေးခြေရာများ ချန်နေခဲ့သည်။ သူက

သွေးရောင်ပြောင်းနေသောမျက်လုံးဖြင့်

ယန်ရှူကို တည့်တည့်စိုက်ကြည့်ကာ

"ယန်ရှု... ဟုတ်လား။ မင်းရဲ့ မျိုးနွယ်ခွဲတစ်ခုလုံးကို ငါဖျက်ဆီးပစ်မယ်။ သူတို့ထဲက တစ်ယောက်ချင်းစီကို ဖြည်းဖြည်းချင်း သတ်ပေးလိုက်မယ်”

ထိုစကားပြောပြီးနောက် ယန်ယဲ့ဟာ သွေးနီရောင်အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲပြီး နေရာမှာပင် ဖျတ်ခနဲ ပျောက်သွားသည်။ ခဏအကြာတွင်

ယန်ရှု၏ ရှေ့မှာ ပေါ်လာသည်။

တစ်ဆက်တည်း

သွေးစားအလင်းတန်းတစ်ခုက

ရှေ့ပြေးထွက်လာပြီး

ယန်ရှုထံတည့်တည့်တိုးဝင်သွားသည်။

ယန်ရှု၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားပြီး

သူ့လက်ကိုမြှောက်ပြီး လက်ဝါးတစ်ဖက်

ရှေ့သို့ ပုတ်လိုက်သည်။

အုန်း....

ပေါက်ကွဲသံ ပွဲတင်ထပ်လာပြီး

သွေးနီရောင်အလင်းတန်းများ နှင့်

စွမ်းအင်လှိုင်းလုံးများ ဖြာထွက်လာ၏။

သို့သော် ချက်ချင်းဆိုသလိုပဲ

သွေးနီရောင်အလင်းတန်းဟာ

စွမ်းအင်လှိုင်းလုံးကို ဝါးမျိုသွားသည်။

ထို့နောက်

ရှေ့သို့တောက်လျှောက်ပြေးထွက်လာပြီး
ယန်ရှူကို ထိမှန်သွားသည်။

အုန်း....

ယန်ရှူ၏ပုံရိပ်က ၁ ကီလိုမီတာ နီးပါး
အနောက်သို့ ဆုတ်သွားလိုက်ရသည်။
ယန်ယွဲ့ က ဆက်ပြီးမတိုက်ခိုက်ခဲ့ပေ။
ထိုအစား
သွေးအလင်းတန်းတစ်ခုသဖွယ်ပြောင်း

ကာ ယန်ယန်ဆီကို

ရုတ်တရက်ခုန်ဝင်လိုက်သည်။

ယန်ယဲ့ သူ့ဆီ ပြေးဝင်လာသဖြင့် ယန်ယန်

ဟာ ချက်ချင်း မျက်နှာပျက်သွားသည်။

သူက ကြာပွတ်ရှည်ကို

ချက်ချင်းမြှောက်ကာ ခုန်ဝင်လာသည့်

ယန်ယဲ့ကို တရကြမ်းရိုက်ချလိုက်သည်။

ခွမ်း....

ကြာပွတ်ရှည်က

အပိုင်းပိုင်းဖြတ်ထွက်သွားပြီးနောက်

ယန်ယန် ကိုယ်တိုင်ပါ နောက် ၃

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

ယန်ယဲ့က ယန်ယန်နောက်ကို

ဆက်မလိုက်ခဲ့ပေ။

ညာခြေတစ်ချက်ဆောင့်ကာ

ကောင်းကင်ငယ်ရှိရာသို့

ခုန်ဝင်လိုက်သည်။

သူက ကောင်းကင်ငယ်ကို အရင်ဦးဆုံး

ကယ်တင်ပြီးမှသာ

ယန်သားအဖကိုဖြေရှင်းဖို့ရည်ရွယ်ထား

သည်။

သို့သော် ယန်ရှူက သူ့ရှေ့တွင်

ရုတ်တရက်ပေါ်လာသဖြင့်

ကောင်းကင်ငယ်

ဆီကိုပင်မရောက်လိုက်ပေ။

ထိုအချိန်တွင် ယန်ရှူက

ညာဖက်လက်သီးကို တင်းတင်းဆုပ်ကာ

ယန်ယဲ့၏ရင်ဘတ်တည့်တည့်

ထိုးချလိုက်သည်။ လက်သီးတစ်ဝိုက်မှ

အာကာသပြင်ဟာ ချက်ချင်း

ပေါက်ထွက်သွားသည် ။

ဘုန်း....

အာကာသပေါက်ကွဲရာမှ

ရိုက်ခတ်လာသည့်အားလှိုင်းက

သွေးနီရောင်အလင်းတန်းများကို

ချက်ချင်းကွဲအက်သွားစေခဲ့သည်။

သို့သော်လည်း သွေးဆားစွမ်းအင်မှ

တန်ပြန်အားက ယန်ရှူကို ၁

ကီလိုမီတာအကွာထိ

ရိုက်ထုတ်ပစ်လိုက်သည်။ အလားတူပင်

ယန်ယွဲ့လည်း ၁ ကီလိုမီတာအထိ

နောက်ပြန်ဆုတ်သွားရသည်။

ယန်ရှူ၏ မျက်နှာက

အေးစက်ခက်ထန်လာပြီး

မျက်လုံးများပင် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ ယန်ယဲ့ဟာ

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ

ကိုနားလည်သွားသည်နှင့်

ထိုမျှကြောက်စရာကောင်းလာမည်ဟု

သူ့စိတ်ထဲ၌ မမျှော်လင့်ထားခဲ့ပေ။

ယန်ယဲ့ က

သူ့ထက်အဆင့်နိမ့်နေသည့်တိုင်

ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ခွန်အားဟွာကချက်ကိုထိန်းထားနိုင်၏။

အကြောင်းမူကား

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ဟာ

ယန်ယွဲ့၏ကိုယ်ပိုင် စိတ်ဆန္ဒဖြစ်လေရာ

၎င်းသည် ခွန်အားတစ်မျိုးပင်။

ယန်ယွဲ့ သည် ထပ်မတိုက်ခိုက်ဘဲ

နတ်ဓားကိုကိုင်လျက် နေရာတွင်

ရုပ်နေသည်။ အမှန်တော့
သွေးဆားဟုသာခေါ်သင့်၏။

လက်ရှိတွင် သူ့လက်ထဲမှ ဆားဟာ
သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြောင့်
သွေးရောင်ပြောင်းနေခဲ့လေပြီ။ ထို့အပြင်
သူ့ထံမှ သွေးနီရောင်အလင်းများ၊
သွေးညှီနံ့များ အဆက်မပြတ်
ထွက်ပေါ်နေသည်။

ယန်ရှူ က ယန်ယွဲ့ ကို အချိန်အကြာကြီး စိုက်ကြည့်နေရင်း ညာလက်ကို ရုတ်တရက် ဝှေ့ယမ်းလိုက်ပြီး "သတ်လိုက်ကြစမ်း"ဟုအမိန့်ပေးလိုက်သည်။

ထို့နောက် ခပ်လှမ်းလှမ်းမှာရပ်နေသည့် ထာဝရတန်ခိုးရှင် ၁၀ ပါးက ယန်ယွဲ့ဆီကို ချက်ချင်းပင် ခုန်ဝင်လိုက်သည်။ ယန်ရှူ

ကိုယ်တိုင်လည်း

ရှေ့ကိုခုန်ထွက်လာပါတော့သည်။

ထာဝရတန်ခိုးရှင် ၁၁ ပါး ။

ထိုအချိန်တွင် ယန်ယန် က ပြင်းထန်စွာ

ရယ်မောလိုက်သည် "ယန်ယွဲ့၊

မင်းစောင့်နေပါ။ ဒီကောင်းကင်ဘုံရှင်ကို

ငါ အခုချက်ချင်းသတ်ပစ်မယ်"

ထိုစကားပြောပြီးသည်နှင့် ခုန်ထကာ ကောင်းကင်ငယ် ဆီသို့ ပြေးဝင်သွားလိုက်သည်။

ယန်ယဲ့၏မျက်နှာကား ရက်စက်ကြမ်းကြုတ်သော အမူအရာတစ်ခု ချက်ချင်းဖုံးလွှမ်းသွားသည်။ သူက အမှောင်တာအိုဥပဒေသကို အသက်သွင်းဖို့ပြင်လိုက်၏။ သို့သော်

ထိုအချိန်တွင် ထာဝရတန်ခိုးရှင် ၁၁

ပါး၏ ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ အထပ်ထပ်

ကျဆင်းလာပြီး သူ့ပတ်ဝန်းကျင်ရှိ

အာကာသပြင်

ပိတ်လှောင်ထားခဲ့လေသည်။

ယန်ယွဲ့၏ပတ်ပတ်လည်

အာကာသပြင်ဟာ

ဖန်လုံအိမ်ကြီးသဖွယ်ဖြစ်သွားလေတော့သည်။

ထိုအချိန်တွင် ယန်ယန် က ကောင်းကင်ငယ်ရှေ့ကို ရောက်လာပြီး အပေါ်ကနေ လက်ဝါးဖြင့် ပုတ်ချလိုက်သည်။

ဘမ်း...

လက်ဝါးမှ

ကြောက်မက်ဖွယ်အားလှိုင်းများ

ထွက်ပေါ်လာပြီး

ကောင်းကင်ငယ်ဆီသို့ကျဆင်းသွားသည်

။ ထိုလက်ဝါးချက်သာ

ကောင်းကင်ငယ်ပေါ်ရိုက်ချသွားပါက

ခြွင်းချက်မရှိ အသတ်ခံရပေမည်။

ယန်ယဲ့၏ မျက်လုံးများက ဒေါသကြောင့်

ကွဲထွက်လုမတတ် ဖြစ်နေသည်။

သူလှူပ်ရှားရန် ပြင်လိုက်စဉ်မှာပဲ ဓားစွမ်းအင်အလင်းတန်းတစ်ခုက ယန် ယန်ရှေ့တွင် ပေါ်လာခဲ့သည်။

ဘမ်း...

ယန်ယန်က

သတိလက်လွှတ်ဖြစ်နေလေရာ

မရှောင်နိုင်ဘဲ

တည့်တည့်ထိမှန်သွားခဲ့သည်။

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး ယန်ယန်၏ပုံရိပ်က မီတာ ၃၀၀ အကွာသို့ လွင့်ထွက်သွားသည်။

ထိုအချိန်တွင် လက်ထဲမှာ ဓားတစ်ချောင်းကိုင်ထားသော လူငယ်တစ်ဦးက ကောင်းကင်ငယ်ရှေ့မှာ ပေါ်လာသည်။

လုလီကူး...

ဒီကောင် ဘယ်လိုရောက်လာတာလဲ....

လုလီကူး ရောက်လာမှန်း

မြင်လိုက်သဖြင့် ယန်ယဲ့၏အမူအရာက

သိသိသာသာ သက်သာရာရသွားသည်။

ထို့နောက် သူ့ ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ အနားတွင်

သွေးရုပ်သေးနှစ်ကောင် ပေါ်လာသည်။

ဘမ်း....ဘမ်း...

သွေးရုပ်သေးနှစ်ကောင် ပေါ်လာသည်နှင့် တပြိုင်နက် အလွန်အားကောင်းသော အော်ရာနှစ်ခု နှင့် ကြောက်မက်ဖွယ်ရာ သတ်ဖြတ်ခြင်းစိတ်ဆန္ဒလှိုင်းလုံးကြီးတစ်ခုပါ ထွက်ပေါ်လာသည်။

သွေးရုပ်ရုပ်နှစ်ကောင်၏ သွေးအော်ရာနှင့် ယန်ယဲ့၏

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ထာဝရတန်ခိုးရှင် ၁၁ ပါး၏

ပူးပေါင်းအော်ရာကို ချက်ချင်း

ချေဖျက်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့၏

ပတ်ပတ်လည်ရှိ  အာကာသပြင်ဟာ

ကွဲအက်သွားသည်။ ထို့အပြင် ယန်ရှူ နှင့်

ထာဝရတန်ခိုးရှင် ၁၀ ပါးလုံး ၁

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားကြသည်။

ယန်ယဲ့ သည် ထိုနေရာတွင်
နောက်ထပ်ရပ်တန့်မနေခဲ့ပေ။ သူ့ပုံရိပ်က
ကောင်းကင်ငယ် ဆီသို့
ချက်ချင်းရောက်သွားသည်။ သို့သော်
ယန်ရှူက ယန်ယဲ့၏နောက်ကနေ
ပေါ်လာပြီး လက်ဝါးဖြင့်
အားကုန်ရိုက်ချလိုက်သည်။

ဤအတောအတွင်း အခြားသော
ထာဝရတန်ခိုးရှင် ၁၀ ပါးက

သွေးရုပ်သေးနှစ်ကောင် ကို
တိုက်ခိုက်နေကြသည်။

"ယန်ယဲ့..... သတိထား...." လုလီကူး က
အလျင်အမြန် အော်ဟစ်လိုက်သည်။

ယန်ယဲ့ က ရုတ်တရက်ရပ်သွားပြီး
နတ်ဓားကို ဆွဲထုတ်ကာ နောက်ပင်လှည့်
မကြည့်ဘဲ ပြန်ပိုင်းချလိုက်သည်။

ဘုန်း…

ယန်ရှု က မီတာ ၃၀၀ လောက်အကွာထိ လွင့်ပျံသွားသည်။ ယန်ယဲ့လည်း တန်ပြန်အားကြောင့် မီတာ ၃၀၀ အကွာထိ ပြန်ဆုတ်သွားရသည်။ သို့သော် ယန်ရှုက ချက်ချင်းဆိုသလိုပင် ခုန်ထလာပြီး ယန်ယဲ့ဆီကိုခုန်ဝင်လိုက်ပြန်သည်။ တစ်ချိန်တည်းမှာပဲ သူ့အသံက

“တိုက်ခိုက်ကြ။ အဲဒီမိန်းမကို
အရင်သတ်လိုက်”

သူ အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက်
ငြိမ်သက်ခြင်းမြို့တော် အတွင်းပိုင်းမှ
အစွမ်းထက်အော်ရာအများအပြား
ရုတ်တရက် ပျံ့လွင့်လာသည်။
ငင်းတို့ပစ်မှတ်ကတော့ ကောင်းကင်ငယ်
ကိုပါ။

ထိုအချိန်တွင် ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ

ဆန်းကြယ်ချီစွမ်းအင်များ တက်လာပြီး

သူ့ခြေထောက်အောက်မှ

ဘွတ်ဖိနပ်များထဲကို

စီးဝင်သွားလေသည်။ ထို့နောက်

နေရာမှာပင် ပျောက်သွားခဲ့သည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည့်အခိုက်

ယန်ရှူ၏အမူအရာက

သိသိသာသာပြောင်းလဲသွားသည်

"ယန်အာ၊ သတိထားပါ"

ယန်ယန်၏ အမူအရာသည်

သိသိသာသာပြောင်းလဲသွားသော်လည်း

အချိန်နောက်ကျသွားလေပြီ။

အကြောင်းကတော့

သူ့နောက်ကျောဖက်မှ ဓားတစ်ချောင်း

တိုးဝင်လာပြီး

သူ၏လည်ပင်းကိုလှီးဖြတ်သွားလို့ပါ။

ထိုမြင်ကွင်းကို မြင်သောအခါ ယန်ရှု နှင့် အခြားသော ထာဝရတန်ခိုးရှင် အားလုံး ချက်ချင်းဆိုသလို ရပ်တန့်သွားပါသည်။

ထိုအချိန်တွင် ယန်ယွဲ့ သည် ယန်ရှု ကို ကောင်းကင်ငယ်ဆီသို့ တရွတ်တိုက်ဆွဲသွားသည်။

ယန်ရှူ က ယန်ယဲ့ ကို စိုက်ကြည့်ပြီး

"လွှတ်လိုက်ပါ"

"ဒီကိစ္စကို အဆုံးသတ်ဖို့ အချိန်တန်ပြီ"

ထိုအချိန်တွင်

ပိတ်ချောဝတ်ရုံအဘိုးအိုတစ်ယောက်

ရုတ်တရက်ပေါ်လာခဲ့သည်။

အဘိုးအို၏ရင်ဘတ်၌ '戒' ဟူသော

စာလုံးသေးသေးလေးတစ်ခုပါ

ရေးထိုးထားသည်။

အနှီအဘိုးအိုက

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

အကြီးအကဲတစ်ဦး ဖြစ်မှန်း

သိသာပါသည်။

"အဆုံးသတ်မှာလား" ယန်ယဲ့ က

လူသတ်ချင်စိတ်အပြည့်နှင့် ရယ်မောပြီး

“မဟုတ်ဘူး။

ဒါဟာအစပဲရှိသေးတယ်"ဟုပြန်ပြောခဲ့သ
ည်။

စကားပြောပြီးသည်နှင့် နတ်ဓားကို
ဖြည်းညှင်းစွာ ထိုးသွင်းလိုက်သည်။

ဆူး....

နတ်ဓားက ယန်ယန်၏လည်ပင်းကို
လှီးဖြတ်သွားကာ သွေးများ

ပန်းထွက်လာခဲ့သည်။ သို့သော် ယန်ယဲ့ ကတော့ ယန်ယန်၏လည်ပင်းကို ဖြည်းညှင်းစွာ ဖြတ်တောက်ဆဲ...

"မင်းဘာယ်လိုလုပ်ဝံ့သလဲ" ယန်ရှူက ဒေါသတကြီးအော်ငေါက်ကာ ဖျတ်ခနဲပျောက်သွားသည်။ သို့သော်လည်း သွေးရုပ်သေးတစ်ရုပ်က သူ့ရှေ့ကို ချက်ချင်းပိတ်ရပ်နေခဲ့သည်။

ဘမ်း...

ယန်ရှူက မီတာ ၃၀၀ ကျော်အကွာထိ လွင့်ပျံသွားပြီး သွေးရူပ်သေး ကလည်း နောက်ပြန်ဆုတ်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယွဲ၏လက်ထဲမှ ဓားက ယန်ယန်၏လည်ပင်းကို လုံးလုံးလျားလျား ဖြတ်တောက်သွားသည်။

သို့သော်လည်း ယန်ယဲ့က

ထပ်မထိုးသေးဘဲ ယန်ယန်ကို

အသက်ရှင်လျက်ထားလိုက်သည်။

လုလီကူး က ယန်ယဲ့ ကို

စိုက်ကြည့်ပြီးနောက် သူ့နဖူးပေါ်မှ

အေးစက်သော ချွေးများကို

သုတ်လိုက်သည်။ လက်ရှိအချိန်တွင်

ယန်ယဲ့ သည်

ပြန်သင့်မြတ်ဖို့မလုပ်တော့မှန်းသိသာနေ
ပါသည်။

ယန်ကျန်း၏ ပါးစပ်ထောင့်မှလည်း
အပြုံးတစ်ခုပေါ်လာပါသည်
“ဆယ်ယောက်မြောက်ညီက
တကယ့်ကိုယောကျ်ားကောင်းပဲ။ ဒါပေမဲ့
သိပ်တော့ ဉာဏ်မရှိဘူး”

အနက်ရောင်ဝတ်ရုံအဘိုးအိုက
“သခင်ငယ်၊ သူက မင်းကို
ခြိမ်းခြောက်နေတယ်လို့ မင်းထင်လား”
ဟု မေးလိုက်သည်။

ယန်ကျန်း က တဟားဟားရယ်လိုက်ပြီး
"သူက မျိုးနွယ်စုကို ဆက်ခံဖို့
ရည်ရွယ်ချက်
မရှိပါဘူး"ဟုပြန်ပြောသည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

“ဘာလို့လဲ” ဟု မေးသည်။

"သူ့မှာ ငါတို့နဲ့ မတူကွဲပြားတဲ့စိတ်ဓာတ်

ရှိတယ်" ယန်ကျန်း က ပြုံးပြီး "သူက

ဆက်ခံသူဖြစ်ချင်ရင် အဲဒါကို

လုပ်မှာမဟုတ်ဘူး"

.....

လှပသောအမျိုးသမီး၏

သူ့အကြည့်များက ယန်ယွဲ့ပေါ်ကို

ဆင်းသက်လာပြီး မျက်လုံးထဲမှ

ထူးဆန်းသောအလင်းရောင်တစ်ချက်

တောက်ပလာသည်

“ဆယ်ယောက်မြောက်သခင်လေးက

တကယ်ကို ဒေါသကြီးတာပဲ။ဒါပေမဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမ နဲ့

လူအိုကြီးယန်ရှူက ဆက်ဆံရတာ

မလွယ်ဘူး…”

"ဘယ်လို ဒေါသကြီးတာလဲ" ဂူရှဲ့ က

သူ့ပါးစပ်ထောင့်မှ အနည်းငယ်

ပြုံးပြလိုက်ပြီး

"အချက်အလက်အတိုင်းပဲ။ သူက

အကျိုးဆက်တွေကို

တကယ်ဂရုမစိုက်တဲ့သူပါ"

ချန်းဟု က လျစ်လျူရှုရင်း “ဒါက

ငါတို့လိုချင်တာ အတိအကျပဲ။

မဟုတ်ဘူးလား"

ဂူရှဲ့က မျက်နှာပေါ်မှာ အပြုံးနှင့် “ဒါပေါ့".

May Be:

၁၉၇၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၃ -

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ဒုတိယမြောက်ခန်းမသခင်

ယန်ရှမ် က ယန်ယဲ့ကို စိုက်ကြည့်ကာ

တိတ်ဆိတ်နေ၏။

“လူယုတ်မာ...”

ငြိမ်သက်ခြင်းမြို့တော်၏ မြို့နံရံထက်မှ

လူငယ်တစ်ယောက်ဟာ ဒေါသတကြီး

ကျိန်ဆဲလိုက်သည် "ဒါကြောင့်ကိုး…၊

သွေးရုပ်သေးတွေကို သူခိုးသွားတာပဲ "

ကျိန်ဆဲလိုက်သူက အခြားသူမဟုတ်ပေ၊

ယန်ကလန်၏ သတ္တမမြောက်သခင်လေး

ယန်ရှင်း ပါ။

ယန်ရှင်း က ယန်ယွဲ့ ကို

စူးစိုက်ကြည့်နေသည်။

သူ၏မျက်လုံးထဲ၌

လူသတ်လိုစိတ်များပါ ပေါ်လာသည်။

သို့သော် သူက ဘာမှမလုပ်ခဲ့ပေ။

သူ့အမြင်အရတော့ လက်ရှိအချိန်တွင်

အကောင်းဆုံးရွေးချယ်မှုဟာ သူ့ရှေ့မှ

တိုက်ပွဲကို စောင့်ကြည့်နေရုံသာ။

ထိုအချိန်တွင် ယန်ယွဲ့ သည်

ယန်ယန်၏လည်ပင်းကို

အပြီးတိုင်လှီးဖြတ်ပစ်လိုက်သည်။

ထိုအခါ

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏
အကြီးအကဲဟာ ချက်ချင်း
မျက်နှာပျက်သွားသည်။ သူက
“မင်းဘာလုပ်နေတယ်ဆိုတာ
မင်းသဘောပေါက်လား"

"ငါဘာလုပ်နေတာလဲ... ဟုတ်သလား"
ယန်ယွဲ့က တဟားဟားရယ်မောလိုက်ပြီး
"ဒါပေါ့ ဒါပေါ့။
ငါလုပ်နေတာငါသိတယ်လေ"

စကားပြောနေစဉ်

သူ၏လက်ကောက်ဝတ်ကို

အနည်းငယ်ရွှေ့လိုက်ရာ

ယန်ယန်၏လည်ချောင်းမှ သွေးများ

ဖြန်းခနဲ ထွက်လာပြန်သည်။

သို့သော်လည်း ယခုအချိန်ထိ

မသေသေးဘဲ

အသက်ရှင်နေပါသေးသည်။

နောက်ဆုံးတွင် ယန်ယန် က

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်ပါ။ ယန်ယွဲ့ဟာ

ယန်ယန်၏အသက်စွမ်းအင် သို့မဟုတ်

ခေါင်းကိုဖြတ်လိုက်ခြင်းမရှိသရွေ့

သေဆုံးနိုင်မည်မဟုတ်ပေ။

စည်းကမ်းထိန်းသိမ်းရေးခန်းမမှ

အကြီးအကဲ၏ မျက်လုံးများက

အနည်းငယ် ကျဉ်းမြောင်းသွားကာ

“ဆက်ခံသူတိုက်ပွဲမစသေးဘူးလေ။

ယန်ကလန်ရဲ့

တပည့်တွေအချင်းချင်းသတ်ဖြတ်တာကို

တားမြစ်ထားတယ်။ ဒီစည်းမျဉ်းကို

မင်းသတိမထားမိဘူးလား။ဒါမှမဟုတ်

မင်းငါ့ရဲ့စည်းကမ်းထိန်းသိမ်းရေးခန်းမ

ကို အလေးအနက်မထားဘူးလား"

"စည်းကမ်းထိန်းသိမ်းရေးခန်းမ လား"

ယန်ယဲ့က

ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး

နတ်ဓားကို မြှောက်ကာ

ယန်ယန်၏ခေါင်းကို

တစ်ခါတည်းဖြတ်ပစ်လိုက်တော့သည်။

ဆူး...

နတ်ဓားကိုယ်ထည်မှ

သွေးများတစ်စက်စက်စီးကျလာသည်။

ထိုမြင်ကွင်းကို မြင်သောအခါ

အကြီးအကဲ၏ မျက်လုံးများက

ချက်ချင်းအေးစက်သွားခဲ့သည်။ ယန်ရှူ

ကတော့ ပြောနေစရာပင်မလိုပါ၊

ယန်ယွဲ့ဆီကိုခုန်ဝင်လာပါတော့သည်။

သို့သော်လည်း ယန်ယွဲ့ဟာ

ယန်ယန်၏မူလဝိညာဉ်ကို

ဆွဲထုတ်လိုက်သဖြင့်

သိပ်မကြာဘဲရပ်တန့်သွားသည်။

ထိုအချိန်တွင် ယန်ယန်၏ မျက်လုံးထဲ၌

ထိတ်လန့်မှုများ ပြည့်နှက်နေသည်။

လက်ရှိအချိန်တွင် သူက

မူလဝိညာဉ်သာကျန်ပါတော့သည်။

ယန်ယဲ့ သာ သူ့အား သတ်ချင်ပါက

လက်တစ်ဖက်လှုပ်လိုက်ရုံသာ။

ယန်ယဲ့ သည်

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

အကြီးအကဲကို စိုက်ကြည့်ရင်း

“စည်းကမ်းထိန်းသိမ်းရေးခန်းမ လား။

မင်းငါ့ကိုလာနှောက်နေတာလား။

ယန်ယန် က ငါ့မိတ်ဆွေကို

ဖမ်းဆီးနှိပ်စက်နေတုန်းက

မင်းတို့ဘာလုပ်နေကြတာလဲ။

သောက်လုံးတွေကန်းနေကြသလား။

အခုက ဘာသဘောလဲ၊

ဒီသောက်ရူးမြေးအဖိုးတွေ

အသတ်ခံရတော့မှ ဘာထွက်လုပ်တာလဲ။

ဒါပေမဲ့

ငါသူတို့ကိုသတ်တော့မယ့်အချိန်မှာ

မင်းကိုယ်မင်းပြဖူးလား။ ခွေးအိုကြီး၊

ငါ့မှာ ကျောထောက်နောက်ခံမရှိလို့

အနိုင်ကျင့်ဖို့ လွယ်တယ်လို့

မင်းထင်လား။ ဟမ်…”

လူရှေ့သူရှေ့တွင်

ကျိန်ဆဲခံနေရသောကြောင့်

အကြီးအကဲ၏မျက်နှာက အလွန်အမင်း

ဆိုးရွားသွားခဲ့သည်။ သူ

တိုက်ခိုက်ရန်ပြင်လိုက်သော်လည်း ယန်ရှူ

က သူ့ကို တားလိုက်ပြီး "အစ်ကို

ယန်လင်း၊ သူ့မှာ ငါ့မြေးရှိသေးတယ်" ဟု

ပြောလိုက်ပါသည်။

ယန်လင်း ဟုခေါ်သော အကြီးအကဲ က

သူ့ကို စိုက်ကြည့်ကာ

"သူ့ရဲ့မူလဝိညာဉ်ကို လွှတ်ပေးလိုက်ပါ

ဒါမှမဟုတ် မင်းက

ကြောက်စရာကောင်းတဲ့
သေခြင်းတရားနဲ့ ခံစားရစေမယ်လို့
ငါအာမခံတယ်"ဟု အေးစက်စက်
ပြောခဲ့သည်။

ယန်ယဲ့က အကြီးအကဲယန်လင်း ကို
နတ်ဓားဖြင့် ထိုးချိန်လိုက်ပြီး
"ခွေးအိုကြီး၊ လာစမ်းပါ။
တစ်ယောက်ချင်းတစ်ယောက်
တိုက်ခိုက်ကြရအောင်။ ဘယ်သူ

အသက်ရှင်ပြီး ဘယ်သူသေတယ်ဆိုတာ

ကောင်းကင်ဘုံက ဆုံးဖြတ်ပါစေ။

မင်းလုပ်ဝံ့သလား "

ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသံများ

ကျယ်ကျယ်လောင်လောင်

ထွက်ပေါ်လာသည်။

လက်ရှိအချိန်တွင် မြို့ရိုးတစ်လျှောက်

ယန်ကလန်၏ အစောင့်အကြပ်များဖြင့်

ပြည့်နှက်လာသည်။ နောက်ဆုံးတွင်

မြို့အပြင်ဖက်မှ တိုက်ပွဲနှင့် ယန်ယဲ့၏

ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ရှုန်းရင်းဆန်ခတ်

ဖြစ်သွားစေခဲ့လေသည်။

တစ်နည်းအားဖြင့် ယန်ကလန် တစ်ခုလုံး

ထိတ်လန့်သွားရသည်။

ယန်ယဲ့ သည်

စည်းကမ်းထိမ်းသိမ်းရေးခန်းမ၏

အကြီးအကဲတစ်ဦးအား

စိန်ခေါ်လိုက်သဖြင့် ပတ်ဝန်းကျင်မှ

လူတိုင်းအံ့အားသင့်သွားကြသည်။

အစောင့်အကြပ်များ သာမကဘဲ

ပတ်ဝန်းကျင်မှာ ပုန်းအောင်းနေသော

အခြား သခင်ငယ်များနှင့်

နောက်လိုက်များပင်လျှင်

ထိတ်လန့်သွားကြသည်။

ယန်ကလန်၏

ဆယ်ယောက်မြောက်သခင်ငယ်က

ပေါ်တင်သတ်ဖြတ်နေသည့်အပြင်

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

အကြီးအကဲကိုပင် စိန်ခေါ်ခဲ့သည်လား။

စည်းကမ်းထိန်းသိမ်းရေးခန်းမ သည်

ယန်ကလန်၏ အဆင့်မြင့်ဆုံး

အဖွဲ့အစည်းတစ်ခုပင်။ နောက်ဆုံးတွင်

၎င်းသည် ယန်ကလန်တစ်ခုလုံး၏

စည်းမျဉ်းများနှင့်

အပြစ်ဒဏ်ခတ်ခြင်းကိစ္စများကို

စီမံခန့်ခွဲခဲ့သည်။ လူအနည်းငယ် ကလွဲ၍

ကျန်လူအားလုံးဟာ

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

စည်းမျဉ်းများကို လိုက်နာကြရသည်။

အဆင့်မြင့်အာဏာပိုင်ထားသော

သခင်ငယ်များကို မပြောဘဲ

ကလန်၏အဆင့်မြင့်အာဏာပိုင်များပင်

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

မျက်နှာသာပေးရလေသည်။

လက်ရှိအချိန်တွင်

ဆယ်ယောက်မြောက်သခင်ငယ်က

ဥပဒေထိန်းသိမ်းရေးခန်းမ ကို

တိုက်ရိုက်စိန်ခေါ်နေ၏။ ထို့အပြင်
ယခုမှသာ အပြင်လောကမှ
ပြန်ရောက်လာသူပင်။

လုလီကူး က မျက်နှာပေါ်သို့
အေးစက်သော ချွေးများ စီးကျလာပြီး
အသက်ကိုခပ်ပြင်းပြင်းရှူလိုက်သည်။
သူက တိုးတိုးလေးပြောလိုက်သည် “ငါ
ဒုက္ခရောက်နေပြီထင်တယ်…”

ငြိမ်သက်ခြင်းမြို့အထက်

ကောင်းကင်ယံ ။

ထိုနေရာတွင် အဖြူရောင်ဝတ်ရုံအဘိုးအို

နှစ်ယောက်ရှိနေခဲ့သည်။ နှစ်ယော

က်သားက

ဘေးချင်းကပ်ရပ်နေကြသည်။

သူတို့၏အကြည့်များက ယန်ယဲ့

အပေါ်မှာသာ ကျရောက်နေခဲ့သည်။

လက်ဝဲဖက်မှ  အဘိုးအိုက

လျစ်လျူရှုကာ "ယန်ဂု၊ မင်း သူတို့ကို

တားမှာမဟုတ်ဘူးလား"ဟုပြောလိုက်၏

။

"သူတို့ကို တားရမှာလား" ညာဖက်ရှိ

အဘိုးအိုယန်ဂု က ရယ်မောလိုက်ပြီး

"ဘာလို့လဲ၊ ဒီကလေးရဲ့ စိတ်ဓာတ်က

အရမ်းကောင်းတယ်။ ဟားဟား"

လက်ဝဲဖက်ရှိ အဘိုးအိုက “သူက

ဒီအခြေအနေကို

ကိုင်တွယ်ဖြေရှင်းနိုင်မှာကို

မကြောက်ဘူးလား” ဟု မေးလိုက်သည်။

အဘိုးအိုယန်ဂု က "သူလုပ်နိုင်ရင် သူက

အရည်အချင်းရှိလို့။ မတတ်နိုင်ရင်

သေသင့်တယ်"ဟုသာပြန်ပြောခဲ့သည်။

ဘယ်ဖက်ရှိ အဘိုးအိုက
ခေါင်းညိတ်ပြပြီး “ငါနားလည်ပြီ”

သေချာသည်မှာ ယန်ကလန်၏
အဆင့်မြင့်အာဏာပိုင်များက
ယန်ယဲ့အား
စည်းကမ်းထိမ်းသိမ်းရေးခန်းမ
နှင့်ထိပ်တိုက်တွေ့စေလိုခဲ့သည်။

ဒီအချိန်မှာ အကြီးအကဲယန်လင်း က ယန်ယွဲ့အား စိုက်ကြည့်နေသည်။ ထိုသခင်ငယ်က သူ့အား လူရှေ့သူရှေ့ ပေါ်တင်စိန်ခေါ်ဝံ့မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ငါလက်ခံသင့်သလား၊ လက်မခံသင့်လား။

မဟုတ်ဘူး၊ ငါသေချာပေါက်လက်ခံရမှာ

မဟုတ်လျှင်

စည်းကမ်းထိန်းသိမ်းရေးခန်းမရှိ

သူ့ဂုဏ်သတင်းဟာ သေချာပေါက်

ကျဆင်းသွားပေမည်။ သူသည်

အနာဂတ်တွင် အခြားသူများကို မည်သို့

ဟန့်တားနိုင်မည်နည်း။ ထို့အပြင်

သူငြင်းဆိုလိုက်ပါက

အတွင်းစိတ်နတ်ဆိုးပါ

ပေါ်လာပါလိမ့်မည်။

ပြန်လည်မွေးဖွားခြင်းအဆင့်ကျင့်ကြံသူ

ထံမှ စိန်ခေါ်ခြင်းအား

လက်မခံဘဲငြင်းဆန်ခဲ့သော်

သူ့ကိုယ်သူပင်

အထင်အမြင်သေးရပေမည်။

ထိုထက်ပိုအရေးကြီးသည်မှာ သူက

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူကို ကြောက်ရွံ့ရမည်လော။

အဘိုးအိုယန်လင်း က ယန်ယဲ့ကို

အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး

"ဘယ်သူ အသက်ရှင်ပြီး

ဘယ်သူသေမယ်ဆိုတာ

ကောင်းကင်ဘုံကို

ဆုံးဖြတ်ခွင့်ပေးလိုက်ပါလား။

မင်းသေချာလား"ဟုထပ်မေးလိုက်၏။

"ဒါပေါ့ " ယန်ယဲ့က အေးစက်စွာ

ရယ်မောလိုက်ပြီး ယန်ယန်၏

မူလဝိညာဉ်ကို ဆုပ်ကိုင်ထားရင်း
ကောင်းကင်ငယ်၏ ဝိညာဉ်ဆီသို့
လျှောက်သွားလိုက်သည်။လက်ရှိအချိန်
တွင် ကောင်းကင်ငယ်ဟာ
အတော်လေးကို အားနည်းနေခဲ့သည်။
သူမ၏ဝိညာဉ်ခန္ဓာကိုယ်ဟာ
ထွင်းဖောက်မြင်ရသည်အထိ
ကြည်လင်နေသည်။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှူကာ

သူ့နှလုံးသားထဲမှ ရုန်းကြွလာသော

လူသတ်ချင်စိတ်ကို မျိုသိပ်ပြီး

ညာလက်ကို ဝှေ့ယမ်းလိုက်သည်။ သူက

ကောင်းကင်ငယ်၏မူလဝိညာဉ်ကို

မူလစေတီ ထဲသို့ ဆွဲသွင်းလိုက်သည်။

ထို့နောက် ယန်ယန်၏မူလဝိညာဉ်ကို

နံရံပေါ်ချိတ်ဆွဲထားလိုက်တော့သည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ" ယန်ရှု၏ အမူအရာက ပြောင်းသွားသည်။ သူက ဒေါသတကြီးအော်ဟစ်ပြီး တိုက်ခိုက်ချင်နေပုံပါ။ သို့သော် ယန်ယဲ့က သူ့ကို ရုတ်တရက်စိုက်ကြည့်ကာ "ခွေးအိုကြီး၊ နောက်တစ်လှမ်းတိုးရဲရင်တိုးကြည့်လေ။ ငါ အခုချက်ချင်း ဖျက်ဆီးပစ်လိုက်မယ်"

"မင်း..." ယန်ရှူက သိသိသာသာ
ဒေါသထွက်သွားသည်။ သို့သော်
ယန်ယဲ့ကို ခြိမ်းခြောက်ခြင်း သို့မဟုတ်
ကျိန်ဆဲဝံ့ခြင်းမရှိတော့ပေ။
ယန်ယဲ့၏အမူအရာက
နောက်ပြောင်နေသည်နှင့်မတူလို့ပါ။
သကောင့်သားက ပြောသည့်အတိုင်း
လုပ်တတ်သည်ကို သူ
ကောင်းကောင်းသိသည်။

ယန်ယဲ့ က ယန်ရှု ကို အေးစက်စွာ

စိုက်ကြည့်ပြီးနောက် လုလီကူး ကို

လှည့်ကြည့်ကာ

"သတိထားပါ"ဟုပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

လုလီကူး၏ နံဘေး၌

သွေးရုပ်သေးတစ်ကောင် ပေါ်လာသည်။

အခြား သွေးရုပ်သေးကတော့

ယန်ယန်၏မူလဝိညာဉ်

အနားသို့သွားကာစောင့်ကြပ်နေလေသည်

။

ယန်ယဲ့ သာ အမိန့်ပေးလိုက်ရုံဖြင့်

ယန်ယန်၏မူလဝိညာဉ်ကို

ချက်ချင်းဖျက်ဆီးပစ်နိုင်လေသည်။

လုလီကူး က "သတိထားပါ"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး

ယန်လင်းဖက်သို့ လှည့်၍

“ငါထင်တာမမှားရင် ယန်ရှူက ငါ့ကို

ပွင့်ပွင့်လင်းလင်း ဆွဲထုတ်ရဲတဲ့

အကြောင်းရင်းက မင်းရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

ကြိုပြီးအကြောင်းကြားထားလို့ပဲမဟုတ်

လား။ ဒါပဲဖြစ်ရမှာပေါ့၊

ငါမှန်တယ်မဟုတ်လား"

သူသည် လူမိုက်မဟုတ်ပါ။

မည်သို့ပင်ဖြစ်စေ လက်ရှိတွင် သူက

ယန်ကလန်၏

ဆယ်ယောက်မြောက်သခင်ငယ် ပင်။

နည်းလမ်းအရပြောလျှင်

ဆက်ခံသူတိုက်ပွဲမစခင် ယန်ရှူ နှင့်

ယန်ယန်ဟာ သင့်အား

တိုက်ခိုက်လို့မရပေ။ သို့သော်

နှစ်ယောက်စလုံးက

ပေါ်တင်လုပ်ဆောင်ခဲ့ကြသည်။

အခြေအနေက သိသာပါသည်၊

နောက်ကွယ်တွင်

စည်းကမ်းထိန်းသိမ်းရေးခန်းမ

ရှိနေလို့ပါ။

ယန်လင်းက ဘာမှမထူးခြားဘဲ “ဒါက

ကွာခြားသွားသလား”

ယန်ယဲ့ က ခေါင်းညိတ်ပြီး

"မင်းမှန်ပါတယ်၊ ဘာမှမထူးခြားဘူး"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက်

သွေးနီရောင်အလင်းတန်းအသွင်ပြောင်း

လဲကာ နေရာမှာပင် ပျောက်သွားသည်။

ယန်လင်း၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

ခဏအကြာတွင် သူ့လက်ထဲ၌

လုံတစ်ချောင်းပေါ်လာပြီး ရှေ့ကို
အမြန်ထိုးလိုက်လေသည်။

လုံထိပ်ဖျားက အေးစက်သော
အလင်းတန်းတစ်ခု
ဖျတ်ခနဲလင်းလက်လာသည်။
အလင်းတန်းဟာ
လျှပ်စီးကြောင်းတစ်ခုကဲ့သို့ပင်၊
၎င်းပတ်လည်ရှိ အာကာသပြင်ဟာ
ကွဲအက်သွားတော့သည်။

ထိုအချိန်တွင် ယန်လင်း ရှေ့သို့

ရောက်ခါနီးယန်ယွဲ့၏ပုံရိပ်ဟာ

ရုတ်တရက် ရပ်တန့်သွားပြီး နတ်ဓားကို

အဆက်မပြတ် ဝှေ့ယမ်းလိုက်သည်။

နတ်ဓားက ဆက်တိုက်တုန်ခါပြီး

သွေးနီရောင်ဓားစွမ်းအင်မြောက်များစွာ

ဖြာထွက်လာပါတော့သည်။

ဂျုန်း....

ထိုခဏလေးမှာပဲ ပေါက်ကွဲသံများ
ဆက်တိုက် ထွက်ပေါ်လာပြီး
ကီလိုမီတာရာချီသော အာကာသပြင်ဟာ
အပိုင်းပိုင်းကွဲသွားခဲ့လေသည်။ ထို့အပြင်
ကောင်းကင်အထက် အာကာသပြင်ဟာ
အက်ကြောင်းများ အဆက်မပြတ်
ပြန့်လာခဲ့သည်။

ယန်ရှူ က မျက်မှောင်ကြုတ်သွားရင်း

တစ်ခုခုကို တွေးမိသည့်အလား

ရုတ်တရက်မျက်နှာပျက်သွားကာ

“သတိထားပါ။အာကာသကို

မပျက်စီးစေနဲ့"

ထိုစကားပြောပြီးနောက်

သူ၏လက်ကိုဆန့်ကာ

အာကာသပြင်ကိုပြုပြင်လိုက်လေသည်။

သို့သော် သူ့အထက်မှ ဓားအူသံကြီး

ရုတ်တရက်ထွက်လာသဖြင့်

ယန်ရှူဟာချက်ချင်း

နောက်ပြန်ခုန်ထွက်သွားလေတော့သည်။

အုန်း...

ဓားအူသံကြီး နှင့်အတူ

ကီလိုမီတာရာချီသော အာကာသပြင်ဟာ

တဟုန်ထိုး ပြိုကျသွားသည်။

အာကာသပြိုကျလာသည်နှင့်

တပြိုင်နက် ထိုနေရာမှ

အာကာသတွင်းနက်ဟာ ထူးထူးခြားခြား

ကျုံ့ဝင်လာသည်။တစ်ချိန်တည်းမှာပင်

အာကာသတွင်းနက်ထဲမှ

သွေးနီရောင်အလင်းတန်းတစ်ခုနှင့်

ဓားစွမ်းအင်တစ်စင်း

လင်းလက်လာသည်။

"အား...." အာကာသတွင်းနက်ထဲမှ

စူးစူးဝါးဝါးအော်ဟစ်သံ ရုတ်တရက်

ထွက်ပေါ်လာသည်။

ထိုအခိုက် ငြိမ်သက်ခြင်းမြို့တော်ဆီမှ

“ရပ်လိုက်စမ်း”ဟူသော

ဒေါသတကြီးအော်သံ ရုတ်တရက်

ပျံ့လွင့်လာသည်။

ထိုခဏလေးမှာပဲ

ကောင်းကင်ယံအထက်မှ

ရောမလက်ဝါးကြီးတစ်ဖက် ပေါ်လာပြီး

အာကာသတွင်းနက်ထဲသို့

ရုတ်ချည်းထိုးဆင်းသွားသည်။

ဘောင်း...

အာကာသတွင်းနက်ထဲမှ ပေါက်ကွဲသံ

ထွက်ပေါ်လာပြီး ထိုနေရာသည်

တဖြည်းဖြည်း ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိသွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့နှင့် ယန်လင်းတို့၏ ပုံရိပ်များက လူတိုင်း၏မျက်စိရှေ့မှာ တစ်ဖန်ပေါ်လာသည်။

သို့သော် ယန်လင်း က မြေပြင်ပေါ်တွင် လဲလျောင်းနေ၏။ လက်နှစ်ဖက်လုံး မရှိတော့ပေ။ ယန်ယဲ့၏

ခြေထောက်တစ်ဖက်က သူ့ခေါင်းပေါ်
တက်နင်းထားလေသည်။

သို့သော်လည်း ယန်ယဲ့၏ ရင်ဘတ်ပေါ်မှာ
လက်ဝါးရာကြီးတစ်ခုရှိနေခဲ့သည်။

ထိုဒဏ်ရာဟာ
ငြိမ်သက်ခြင်းမြို့တော်ဆီမှ
ဒေါသတကြီးတားမြစ်လိုက်သော
အာဏာပိုင်၏ တိုက်ခိုက်မှုပါ။

ယန်ယဲ့၏ ရင်ဘတ်ပေါ်ရှိ လက်ဝါးရာက

အလွန်နက်ရှိုင်းလှသည်။

သူ့တစ်ကိုယ်လုံးကို

ဖောက်ထွက်လုနီးပါးပင်။

ယန်ယဲ့က အဝေးကို လှမ်းကြည့်လိုက်ရာ

မျက်ခုံးမွေးများဖြူဖွေးနေသော

အဘိုးအိုတစ်ဦးကို တွေ့လိုက်ရသည်။

၎င်းက စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ဒုတိယမြောက်ခန်းမသခင် ယန်ဝူရန် ပါ။

အဘိုးအိုယန်ဝူရန် က ယန်ယဲ့ကို

အေးစက်စွာ စိုက်ကြည့်ရင်း "သူ့ကို

လွှတ်လိုက်ပါ။ငါ နောက်တစ်ကြိမ်

စကားထပ်မပြောချင်တော့ဘူး။

နားလည်လား"

ယန်ယဲ့က စကားမပြောဘဲ

သူ၏ညာခြေကို

ရုတ်တရက်ဆောင့်နင်းလိုက်သည်။

ဖောင်း...

ယန်လင်း၏ခေါင်းဟာ ချက်ချင်းပင်

ကွဲထွက်သွားပြီး ဦးနှောက် နှင့်

သွေးခဲများ ဖြန်းခနဲလွင့်စင်လာသည်။

M

၁၉၇၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၄ -

အစစ်အမှန်နတ်ဘုရားတစ်ပိုင်းအဆင့်

အသံဗလံများတိတ်ဆိတ်သွား၏။

သေမင်းနယ်မြေအလား
တိတ်ဆိတ်မှုသာကြီးစိုးနေခဲ့သည်။

ယခင်က ယန်ယဲ့၏လုပ်ရပ်ဟာ
စည်းကမ်းထိန်းသိမ်းရေးခန်းမကို
စိန်ခေါ်ခဲ့သည်ဆိုရလျှင် လက်ရှိကတော့
မျက်နှာကို
ပေါ်တင်ဖြတ်ရိုက်လိုက်တာပါ။

"စိတ်ဝင်စားစရာပဲ" ယန်ကျန်း၏
ပါးစပ်ထောင့်မှ အပြုံးတစ်ခု
ကွေးကောက်လာသည် "ဒီဝမ်းကွဲညီက
သာမန်မဟုတ်ဘူး၊ သူက
သာမာန်မဟုတ်ဘူး"

ယန်ကျန်း၏ နောက်ကွယ်မှ
အနက်ရောင်ဝတ်ရုံအဘိုးအိုက
"လူမိုက်ပဲ"ဟုပြောလိုက်သည်။

ယန်ကျန်း က ခေါင်းခါလိုက်ပြီး "သူက

မိုက်မဲတာမဟုတ်ဘူး။ ဒီတိုက်ပွဲမှာ

သူအနိုင်ရခဲ့ရင် အကြီးအကဲကောင်စီရဲ့

သက်ကြားအိုကြီးတွေက သေချာပေါက်

အာရုံစိုက်လာလိမ့်မယ်။ ဒါဆို သူက

ဂရုတစိုက်ပျိုးထောင်ပေးတာပါခံရနိုင်တ

ယ်လေ။ သူ့အမူအကျင့်က

ကလန်ရဲ့ဘိုးဘေးဖြစ်ဖို့

မသင့်တော်ရင်တောင်

ကလန်ရဲ့အစောင့်အရှောက်ဖြစ်ဖို့

အသင့်တော်ဆုံးပဲ။ ငါတို့ရဲ့ယန်ကလန်က

နယ်မြေကိုထပ်ပြီးတိုးချဲ့ချင်တယ်ဆိုရင်

တိုက်ပွဲတိုင်းမှာ သတ္တိရှိရှိနဲ့တိုက်ပွဲမှာ

ရှေ့ဆက်တိုးမယ့်သူ လိုအပ်ပါတယ်”

သူက ခဏလောက်ရပ်ပြီး

“ငါတို့ယန်မျိုးနွယ်စုက

မျှော်လင့်ချက်အားလုံးကို

လူတစ်ဦးတစ်ယောက်ဆီ ဘယ်တော့မှ

ပုံအပ်မထားတတ်ဘူး။

လူတစ်ယောက်တည်းက

မျိုးနွယ်တစ်ခုလုံးကို

မထောက်ပံ့နိုင်လို့လေ။ ဒီတော့

မျိုးနွယ်စုမှာ ပုံမှန်အားဖြင့် မျိုးနွယ်စုရဲ့

အတွင်းရေးကိစ္စတွေကို

တာဝန်ယူထားတဲ့လူ၊

နောက်တစ်ယောက်က အပြင်လောကကို

တာဝန်ယူထားရတယ်”

အနက်ရောင်ဝတ်ရုံအဘိုးအိုက ယန်ယွဲ့

ကို

စိုက်ကြည့်ရင်း “ငါနားလည်ပြီ။ သူက

အပြင်လောကမှာရှိတဲ့ မျိုးနွယ်ခွဲတွေကို

ဦးဆောင်ဖို့

သင့်တော်တယ်”ဟုပြောပါသည်။

ယန်ကျန်း က ခေါင်းညိတ်လိုက်ပြီး

ယန်ယွဲ့ကို စိုက်ကြည့်ရင်း "သူက

နောက်မျိုးဆက်ရဲ့ ဆက်ခံသူနေရာကို

ကူညီဖို့ ကိုယ်စားလှယ်လောင်း

ဖြစ်နိုင်တယ်"

အဘိုးအိုက “အငယ်ဆုံးသခင်မလေး က

ဘယ်လိုလဲ”

ယန်လျန်ရှမ်း....

ယန်ကျန်း၏ မျက်လုံးများဟာ အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူက အချိန်အတော်ကြာအောင် တိတ်ဆိတ်နေလိုက်ပြီး "အဲ့ဒါ ငါတို့ရဲ့ အငယ်ဆုံးဝမ်းကွဲညီမလေးက...၊ သာ ကူညီဖို့ ဆန္ဒရှိမှာ မဟုတ်ဘူး..."

အဘိုးအိုက ခဏမျှ ငြိမ်သက်သွားပြီး ယန်ယဲ့ကို စိုက်ကြည့်ကာ “ငါတို့ သူ့ကို ကူညီပေးရမှာလား”

ယန်ကျန်း က ခေါင်းခါလိုက်သည်

"ဆက်ကြည့်ရအောင်။ သူက

ငါတို့ယန်ကလန်အတွက်

အပြင်လောကကို ကိုင်တွယ်နိုင်စွမ်းရှိမရှိ

ကြည့်ရအောင်”ဟုပြောလိုက်သည်။

ထိုအတောအတွင်း ချန်းဟု နှင့် ဂူရှဲ့

တို့နှစ်ယောက်လုံး၏ အမူအရာများက

တစ်ပြိုင်နက် လေးနက်လာသည်။

အမှန်တိုင်းပြောရလျှင်

သူတို့၏မျက်လုံးထဲ၌ ကြောက်ရွံ့မှု

အရိပ်အယောင်ကို ခံစားလိုက်ရသည်။

ယန်ရှမ် ကတော့ တိတ်ဆိတ်နေရုံသာ။

သို့သော် သူမ၏မျက်လုံးများက အရောင်

မှိန်သွားသည်။ သူမ၏စိတ်ထဲ၌

တွေးနေသည့်အရာကိုတော့ မသိနိုင်ပါ။

"သူ့မှာ ဘောရှိတယ်" အဘိုးအိုယန်ဂု

ပြုံးပြီး "ယန်ခန်း၊ အဲဒီကလေးက

တကယ်သတ္တိကောင်းတာပဲ"

သူ့ဘေးနားက အဘိုးကြီးယန်ခန်း က

ခေါင်းညိတ်ပြီး "သူက။ သူ့ခွန်အားတွေ

ထိန်းနိုင်ပါ့မလားလို့

တွေးနေမိတယ်"ဟုပြောပါသည်။

အဘိုးအိုယန်ဂူ က တဟားဟားရယ်ပြီး ယန်ယဲ့ ကို စိုက်ကြည့်ရင်း "ငါတို့ မကြာခင် သိမှာ မဟုတ်ဘူးလား"

ယန်ယဲ့ က အဘိုးအိုယန်လင်း၏ ခေါင်းကိုဖိနှင်းလိုက်သောအခါ ယန်ဝူရန်၏မျက်နှာက ချက်ချင်းပင် မှိုင်းညို့သွားသည်။ သူ့ထံမှ ပြင်းထန်သော အငွေ့အသက်များ ထွက်ပေါ်လာသည်။ ဖြတ်သန်းသွားသည့်

နေရာတိုင်း အာကာသပြင်ဟာ

လှိုင်းထလာသည်။

ယန်ယဲ့ က သူ့ခြေထောက်ကို ရုတ်တရက်

မြှောက်လိုက်ပြီး အဘိုးအိုယန်လင်း၏

အလောင်းကို ယန်ဝူရန်

ရှေ့ရောက်အောင်ကန်ထုတ်လိုက်သည်။

ထို့နောက် ယန်ဝူရန် ကို နတ်ဓားဖြင့်

ထိုးချိန်လျက် "မင်းရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမ က

ဘာဖြစ်ချင်နေတာလဲ။
အဆုံးထိဆက်သွားမယ်ဆို
သွားကြတာပေါ့"

မရေတွက်နိုင်သောလူများက ယန်ဂူရန်
ကို စိုက်ကြည့်နေကြသည်။

စည်းကမ်းထိန်းသိမ်းရေးခန်းမ က
မည်သည့်အရာကို ဦးတည်နေသနည်း။

သဘာဝအတိုင်း

ဆယ်ယောက်မြောက်သခင်ငယ် ကို

သတ်ပစ်ချင်နေမှန်းသိသာ၏။

ယန်ဝူရန် သာ ယန်ယဲ့ကို

လွှတ်ပေးလိုက်လျှင်

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ဂုဏ်သတင်းဟာ

သေချာပေါက်ကျဆင်းသွားရပေမည်။

မည်သို့ပင်ဖြစ်စေကာမူ

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ

၎င်း၏ဂုဏ်သတင်းအား

အထိခိုက်ခံမှာမဟုတ်ပေ။ အထူးသဖြင့်

မျိုးနွယ်စု၏ သခင်ငယ်များအတွက်နှင့်

နောက်ပြန်ဆုတ်သွားဖို့က

မဖြစ်နိုင်သလောက်ပါ။

တစ်နည်းဆိုရသော် သူတို့က

ဆယ်ယောက်မြောက်သခင်ငယ် ကို

ဖယ်ရှားပြီး မျိုးနွယ်စုအား

စံနမူနာပြုရပေတော့မည်။

ယန်ဝူရန် က ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ရင်း ယန်ယဲ့ကို

စူးစိုက်ကြည့်ကာ "မင်းက

အရမ်းသန်မာတယ်လို့ ထင်နေသလား"

ယန်ယဲ့က သူ့ခေါင်းကို

ခါယမ်းလိုက်သည် "ငါက ဒီလိုမျိုး

တစ်ခါမှ မတွေးဖူးဘူး။

စည်းကမ်းထိန်းသိမ်းရေးခန်းမ ကို ပြောင်းပြန်လှန်ပစ်ဖို့လည်း တစ်ခါမှ မတွေးဖူးပါဘူး။ ဒါပေမဲ့...

" စကားပြောနေရင်း သူ၏မျက်နှာက ခက်ထန်လာပြီး "ယန်ရှူ နဲ့ ယန်ယန် ငါ့ကိုသတ်ဖို့ ကြိုးစားတုန်းက မင်းဘာလို့ရှေ့ထွက်မလာတာလဲ။ ဒါပေမဲ့ ငါသူတို့ကိုသတ်တော့မယ့်အချိန်ကျမှ

မင်းလာတားနေတာလား။ ဘာလို့လဲ

၊ငါယန်ယွဲ့က

 အနိုင်ကျင့်ဖို့ လွယ်ပုံပေါ်သလား"

စကားပြောနေရင်း ခဏရပ်လိုက်ပြီး

ယန်ဝူရန် ကို စိုက်ကြည့်ကာ

"စည်းကမ်းထိန်းသိမ်းရေးခန်းမက

အစကတည်းက

ဝင်မစွက်ဖက်တဲ့အတွက်

အခုမနှောင့်ယှက်ပါနဲ့။ ငါနဲ့

ယန်ရှူတို့ကြားက

ရန်ငြိုးတွေဖြေရှင်းပြီးတဲ့အထိ

စောင့်နေလိုက်"

ယန်ဝူရန် က အေးစက်စက်

ပြန်ပြောလိုက်သည်

"စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့

ဂုဏ်သတင်းဟာ ဘာအတွက်နဲ့မှ

ပြစ်မှားလို့မရဘူး"

အကယ်၍ လက်ရှိတွင်
စည်းကမ်းထိန်းသိမ်းရေးခန်းမသာ
နောက်ပြန်ဆုတ်သွားလျှင် သူဟာ
သေချာပေါက် သောက်ရှက်ကွဲပါပြီ။
ထိုအချိန်တွင် ထောင်စုနှစ်များစွာတိုင်
တည်ဆောက်ထားသော
စည်းကမ်းထိန်းသိမ်းရေးခန်းမ၏
ဂုဏ်သတင်းဟာ တမုဟုတ်ချင်း
ပျောက်ကွယ်သွားပေမည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည် "ဒါဆို တိုက်ခိုက်ကြရအောင်။ တစ်ဖက်ဖက်က သေတဲ့အထိ..."

စကားပြောပြီးသည်နှင့် တပြိုင်နက် သွေးနီရောင်အလင်းတန်းအဖြစ်ပြောင်းလဲကာ နေရာမှာပင် ပျောက်သွားခဲ့သည်။ တစ်ချိန်တည်းမှာပင်

ပတ်ဝန်းကျင်အာကာသပြင်ဟာ အဆက်မပြတ် တုန်ခါသွားလေသည်။

ယန်ဝူရန်၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူက ချက်ချင်းပင် ညာလက်ကို ရှေ့သို့ တွန်းလိုက်သည်။

အုန်း…

သူ့ရှေ့မှ အာကာသပြင်ဟာ

ဆူနာမီရေလှိုင်းများအလား

လှိုင်းထလာပြီး

သွေးနီရောင်အလင်းတန်းကို ချက်ချင်း

ဖုံးအုပ်လိုက်ပါသည်။

ဘုန်း…

ပေါက်ကွဲသံကြီးတစ်ချက်

ထွက်ပေါ်လာသည်။ ယန်ဝူရန်၏ ရှေ့မှ

အာကာသပြင်ဟာ ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် ထိုနေရာမှ

သွေးနီရောင် အလင်းတန်းများ

ထွက်ပေါ်လာသည်။

ထိုအလင်းတန်းက ယန်ယဲ့ ပင်။

ဒီအချိန်မှာ ယန်ယဲ့ သည် ယန်ဝူရန်၏

တိုက်ခိုက်မှုကြောင့်

ခုခံချိန်ပင်မရလိုက်ဘဲ ၁၀

ကီလိုမီတာအထိတိုင် လွင့်ပျံသွားသည်။ သူရပ်လိုက်သည်နှင့် တပြိုင်နက် ယန်ယွဲ့၏ပါးစပ်ထောင့်မှ သွေးများ စိမ့်ထွက်လာသည်။

ထိုအချိန်တွင် ယန်ဂူရန် က ရုတ်တရက် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ညာဘက်လက်ဝါးကို ညင်သာစွာ ဝှေ့ယမ်းလိုက်သည်။

ဆူး....

သူ့ရှေ့မှ အာကာသပြင်ထဲကနေ

စွမ်းအင်လက်ဝါးကြီးတစ်ဖက်

ရုတ်တရက်ထွက်လာပြီး ယန်ယဲ့ဆီသို့

ရိုက်ချသွားသည်။

ရောမလက်ဝါးကြီး ဖြတ်သန်းလာရာ

အာကာသပြင်ဟာ အပိုင်းပိုင်း

ဆုတ်ပြဲသွားသည်။ ၎င်းမှ

ထွက်ပေါ်နေသော စွမ်းအားဟာ

ကီလိုမီတာရာချီသော အာကာသပြင်ကို

အဆက်မပြတ် တုန်လှုပ်သွားစေသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သူ့မျက်လုံးများက

သွေးမျက်လုံးများဖြစ်နေသောကြောင့်

မသိသာပေ။ သို့သော်

ယန်ယဲ့၏အမူအရာက

လေးနက်နေမှန်းတော့

လူတိုင်းခံစားမိနိုင်သည်။

လုလီကူး က ရုတ်တရက်

လေးနက်စွာပြောခဲ့သည် "သတိထားပါ။

အဲဒီအဘိုးကြီးက

အစစ်အမှန်နတ်ဘုရားတစ်ပိုင်းအဆင့်

ဖြစ်ဖို့များတယ်”

ယန်ယဲ့က အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ ခဏမျှ

တိတ်ဆိတ်သွားပြီး သူ့ဖူးမျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်ပါတော့သည်။

ထိုခဏမှာပဲ သူ၏မျက်လုံးများဟာ

လုံးလုံးမှိတ်သွားခဲ့ကာ ခန္ဓာကိုယ်ထဲကနေ

ကြောက်မက်ဖွယ်ရာ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကြီးမျှင်တစ်

ချောင်းထွက်လာပါသည်။ ထို့နောက်

အဆုံးအစမဲ့သော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ယန်ယဲ့၏လက်ထဲမှ နတ်ဓားထဲကို

စီးဝင်သွားပါတော့သည်။

ဒီအချိန်မှာ

ရောမစွမ်းအင်လက်ဝါးကြီးက

သူ့အပေါ်ဖက် ၁၀ မီတာအကွာသို့

ရောက်ရှိလာသည်။

ယန်ယဲ့၏မျက်လုံးများက ရူတ်တရက်

ပွင့်လာပြီး နေရာတွင်ပင်
ပျောက်သွားခဲ့သည်။ ထို့နောက်
သူရပ်နေသည့် နေရာမှ
သွေးဓားစွမ်းအင်တန်းကြီးတစ်ခု
လင်းလက်သွားသည်။

ဓားပြန်လည်မွေးဖွားခြင်း... ။

စားပြန်လည်မွေးဖွားခြင်း ဟာ

လက်ရှိတွင် သူ၏အစွမ်းထက်ဆုံး

စားနည်းစနစ်တစ်ခုပါ။

သွေးစားအလင်းတန်း နှင့်

ရောမစွမ်းအင်လက်ဝါးကြီးဟာ

လေထဲမှာပင် ပြင်းထန်စွာ

ဆုံတွေ့သွားတော့သည်။

ဂျိန်း

ခဏာမျှတိတ်ဆိတ်သွားပြီးနောက်

နှစ်ခုစလုံး ပြင်းထန်စွာ

တုန်လှုပ်သွားသည်။

စွမ်းအင်လက်ဖဝါးကြီး

ပွင့်ထွက်သွားသော်လည်း

သွေးဓားစွမ်းအင်ဟာ ပျော

က်ကွယ်သွားသည်။ တစ်ချိန်တည်းမှာပင်

ပါးလွှာနေသော

စွမ်းအင်လက်ဝါးတစ်ခုက

အောက်သို့ထိုးဆင်းလာပြီးနောက်

ပုံရိပ်တစ်ခု လွင့်ပျံလာခဲ့သည်။

.

အုန်း....

လွင့်ထွက်လာသူက ယန်ယဲ့ပင်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

ပါးစပ်ထောင့်မှ သွေးများ

စီးထွက်လာသည်။သွေးများ

အဆက်မပြတ် စီးကျလာပြီး

သူ့ရင်ဘတ်တစ်ခုလုံးအား

ရွှဲနစ်သွားစေသည်။ သို့သော် အားလုံးက

သူ၏သတ်ဖြတ်ခြင်းတာအိုနှလုံးသားဆီ

ကိုစီးဝင်သွားတော့သည်။

“ဟေး၊ ငါတို့ဘာလို့မပြေးတာလဲ"

လုလီကူး က "အဲဒီအဘိုးကြီးဟာ

အစစ်အမှန်နတ်ဘုရားတစ်ပိုင်းအဆင့်

လေ"

ထွက်ပြေးမလား…

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

လက်ရှိအခြေအနေရ

သူထွက်ပြေးလို့မရပေ။

ကောင်းကင်ငယ်ကိုယ်စား

လက်စားချေဖို့ဆုံးဖြတ်ထားလို့ပါ။

ထို့အပြင် သူထွက်ပြေးချင်သည့်တိုင်

မလွတ်မြောက်နိုင်ပေ။ အမှန်တော့

ငြိမ်သက်ခြင်းမြို့တော်ဟာ

ယန်ကလန်၏

ပင်မဗျာနချုပ်ဖြစ်နေသည်မဟုတ်ပါလား

။

တစ်ချိန်တည်းမှာပဲ ယန်ဝူရန် က

ရုတ်တရက် ရှေ့ကိုလှမ်းလိုက်ပြီး

"တခြားသခင်ငယ်တွေနဲ့ ယှဉ်ရင်

မင်းမဆိုးပါဘူး၊ ငါ့ရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမ ကို

မင်းမစော်ကားရင် ဆက်ခံမယ့်သူဖြစ်ဖို့

အခွင့်အရေးနည်းနည်းတော့ ရှိတယ်။

အခုကတော့...” သူ၏ ညာလက်ကို

ဖြည်းညှင်းစွာ မြှောက်လိုက်ပြီး

“ယန်မျိုးနွယ်ရဲ့ တည့်တွေအားလုံး

စည်းမျဉ်းတွေမချိုးဖောက်ရဲအောင်

နမူနာပြတဲ့အနေနဲ့

ဒီနေ့မင်းကိုအဆုံးသတ်ပေးရမယ်။

စည်းမျဉ်းစည်းကမ်းတွေဆိုတာ

ချိုးဖောက်လို့မရဘူး၊ ဒါ့အပြင်

စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့

ဂုဏ်သတင်းဟာ ဘယ်သူမှ

ပြစ်မှားလို့မရဘူးဆိုတာသိစေမယ်"

စကားပြောပြီးသည်နှင့်

သူ၏ညာလက်ကို လိမ်ကာ ယန်ယဲ့

ရပ်နေသည့်နေရာဆီသို့ဖမ်းဆုပ်ရင်း

ရှေ့သို့ တိုးသွားလေသည်။

ဘမ်း...

ယန်ဝူရန်၏ ရှေ့မှ အာကာသပြင်ဟာ

လှိုင်းတွန့်များထလာပြီးနောက်

အထပ်ထပ်ဖြစ်သွားကာ ယန်ယွဲ့ဆီသို့

တောက်လျှောက်ပြိုကျသွားပါတော့သ

ည်။

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

ခဏမျှငြိမ်သက်သွားပြီးနောက်မှ

သူ့မျက်လုံးထဲမှ

ပြတ်သားသောဆုံးဖြတ်ချက်တစ်ခုပေါ်

လာသည်။ ထို့နောက်တွင် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုခဏလေးမှာပဲ ပတ်ဝန်းကျင်၌

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းလုံးကြီး ပေါ်လာသည်။

ဓားနယ်မြေ ...။

ဓားနယ်မြေ ကို

အသက်သွင်းလိုက်သည်နှင့် တပြိုင်နက်

အာကာသပြင်ထဲရှိ လှိုင်းများဟာ

နှေးကွေးသွားပုံရသည်။ ထိုအချိန်တွင်

ယန်ယွဲ့ သည်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
ပျောက်ကွယ်သွားသည်။ ထို့နောက်
ခါးနယ်မြေဖြင့် လွှမ်းခြုံထားသော
အာကာသပြင်အနှံ့ သွေးခါးစွမ်းအင်များ
ဖုံးလွှမ်းသွားပါတော့သည်။

ဆူး... ဆူး...ဆူး... ဆူး...

သွေးခါးစွမ်းအင်ဟာ ခါးနယ်မြေဖြင့်
လွှမ်းခြုံထားသည့် အာကာသပြင်ကို

ချက်ချင်းပွင့်ထွက်သွားစေသည်။

ထိုခဏလေးမှာပဲ ဓားနယ်မြေထဲရှိ

အာကာသပြင်မှရောမတွင်းနက်ကြီးဖြစ်

ပေါ်လာသည်။

အာကာသတွင်းနက်ကြီး ပေါ်လာသည်နှင့်

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းတစ်ခုပါ

ထပ်မံပေါ်လာသည်။

အမှောင်တာအိုဥပဒေသ ။

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ

အမှောင်တာအိုဥပဒေသ ကို

အကန့်အသတ်ထဲ အသက်သွင်းကာ

အာကာသတွင်းနက်ကို

တဖြည်းဖြည်းချင်း ချုံ့ယူလိုက်သည်။

ထိုမြင်ကွင်းအား မြင်သောအခါ ယန်ရှု၏

အမှုအရာက

သိသိသာသာပြောင်းလဲသွားပြီး

"သတိထား"ဟူ၍

အလျင်အမြန်အော်လိုက်သည်။

ထိုအချိန်တွင်

အာကာသတွင်းနက်ကြီးဟာ ရုတ်တရက်

ကွဲထွက်သွားပြီး မိုးချိန်းသံ အလား

ပေါက်ကွဲသံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

ဤအခိုက်အတန့်တွင် လူတိုင်း
မျက်တောင်မခတ်ဘဲ
အာကာသတွင်းနက်ကြီးရှိရာကိုသာ
စိုက်ကြည့်နေကြသည်။

ဘယ်သူအနိုင်ရလဲ၊ ဘယ်သူ ရှုံးသွားလဲ...

အချိန်များ တရွေ့ရွေ့နဲ့ ကုန်ဆုံးလာ၏။
သိပ်မကြာလိုက်ဘဲ

အာကာသတွင်းနက်ကြီးဟာ

ပုံမှန်ပြန်ဖြစ်သွားတော့သည်။

ထို့နောက် ခဏအကြာမှာပဲ ယန်ယဲ့ နှင့်

ယန်ဝူရန် တို့နှစ်ယောက်လုံး

ပြန်ပေါ်လာကြသည်။

M

၁၉၇၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၅ - မူလနတ်ဘုရားအဆင့်ကျင့်ကြံသူ

ဘယ်သူအနိုင်ရသွားလဲ..

လူတိုင်း တွေးနေကြသည်။

ဒီအချိန်မှာ မြင်သာသောအရာကတော့ ယန်ယွဲ့၏ညာဖက်လက်မောင်းတစ်ဖက်

မရှိတော့ပေ။ ထို့အပြင် သူ၏
ရင်ဘတ်ဟာ လုံးလုံးလျားလျား
ချိုင့်ဝင်သွားခဲ့သည်။ ကြည့်ရသည်မှာ
အတော်လေးကိုကြောက်စရာကောင်းလှ
သည်။

ယန်ယဲ ရှုံးသွားပြီလား။

လူတိုင်း၏ စိတ်ထဲ၌
မရေမတွက်နိုင်သော အတွေးများ

ပေါ်လာသည်။ အကြောင်းမှာ ယန်ဝူရန်

က အထိအခိုက်မရှိဘဲ

အဆင်ပြေနေပုံပေါ်လို့ပါ။

သိပ်မကြာလိုက်ပါ၊ လူတိုင်း၏

အမူအရာများဟာ

ချက်ချင်းပင်ပြောင်းသွားလေတော့သည်

။

သူတို့မြင်လိုက်ရသည်ကား ယန်ဝူရန်၏
ခန္ဓာကိုယ်ဟာ
ကြည်လင်နေသောကြောင့်ပင်။

တစ်နည်းပြောရလျှင် ယန်ဝူရန် က
ဝိညာဉ်ခန္ဓာကိုယ်သာလျှင်
ကျန်ရှိတော့သည်။ သူ၏မူလခန္ဓာကိုယ်
ကတော့ ပျက်စီးသွားခဲ့လေပြီ။

ထို့အပြင် ယန်ဝူရန်၏

ဝိညာဉ်ခန္ဓာကိုယ်တစ်ဝိုက်ကား

သွေးနီရောင်တလက်လက်တောက်ပနေခဲ့

သည်။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

ယန်ယဲ့ ဟာ

ယန်ဝူရန်၏ဝိညာဉ်ခန္ဓာကိုယ်ကို

ချုပ်နှောင်ထားသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် မြို့ဖက်သို့ ရုတ်တရက်လှမ်းကြည့်ကာ "စည်းကမ်းထိန်းသိမ်းရေးခန်းမ၊ မင်းတို့ဘာလိုချင်လဲ"

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် မြို့တွင်းမှ အသံတစ်ခု ထွက်ပေါ်လာသည် “မင်း ဘာလိုချင်လို့လဲ”

"ငါလား... " ယန်ယွဲ့၏ ပါးစပ်ထောင့်မှ
ရက်စက်သော အပြုံးတစ်ခု
ပေါ်လာသည်။ ထို့နောက်
သူ၏လက်သီးကို ယန်ဝူရန်၏
မူလဝိညာဉ်တည့်တည့်ဆီ
ထိုးချလိုက်တော့သည်။

ဘမ်း...

ယန်ဂူရန်၏ ဝိညာဉ်ခန္ဓာကိုယ်ကို
ချုပ်နှောင်ထားသည့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ
ကွဲထွက်သွားပြီး အထဲမှ မူလဝိညာဉ်ကို
ဝါးမျိုသွားသည်။

ယန်ယဲ့ က မြို့ထဲသို့
တည့်တည့်ကြည့်ကာ "ဒါပဲ
ငါလိုချင်တာ"ဟုသာ ပြန်ပြောလိုက်၏။

ဆူဆူညံညံအသံများ အားလုံး
ငြိမ်ကျသွားကာ ပတ်ဝန်းကျင်က
ချက်ချင်းတိတ်ဆိတ်သွားပါတော့သည်။

လက်ရှိတွင် ယန်ယဲ့ဟာ
စည်းကမ်းထိန်းသိမ်းရေးခန်းမကို
မျက်နှာဖြတ်ရိုက်ရုံသာမကဘဲ
ခြေထောက်နှင့်ပါတက်နင်းလိုက်လေပြီ။

သူဟာ စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

အဖွဲ့ဝင် နှစ်ဦးကိုပင် ဆက်တိုက်

သတ်ဖြတ်ခဲ့သည်။ ထို့အပြင်

ထိုနှစ်ယောက်လုံးက သာမန်အဖွဲ့ဝင်များ

မဟုတ်ကြပေ။

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

အကြီးအကဲ နှင့်

ဒုတိယမြောက်ခန်းမသခင်

ပင်ဖြစ်နေခဲ့သည်။

အမှန်တိုင်းပြောရရင်တော့ ယခုတစ်ခါ
စည်းကမ်းထိန်းသိမ်းရေးခန်းမက
ဝါးနိုင်သည့်ပမာဏထက်
ပိုကိုက်မိသွားပေသည်။

သို့သော်လည်း ထိုအခြေအနေသည်
ယန်ကလန်မှ လူအများအပြား
မြင်တွေ့လိုသည့်အရာဖြစ်သည်။
သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးခန်းမ
ကံဆိုးမိုးမှောင်ကျသည့်နေ့အား

စောင့်မျှော်နေကြသည်သာ။

နောက်ဆုံးတွင် ထိုအဖွဲ့က

မောက်မာထောင်လွှားပြီး

တရားလွန်ဖိနှိပ်တတ်လို့ပါ။

တစ်နည်းဆိုရသော် ယန်ကလန်၏

အဖွဲ့ဝင်အားလုံးနီးပါးဟာ

စည်းကမ်းထိန်းသိမ်းရေးခန်းမ ဟူသော

အမည်ကိုကြားလိုက်ရုံဖြင့်

စက်ဆုပ်သွားကြသည်။

အကယ်၍

စည်းကမ်းထိန်းသိမ်းရေးခန်းမ သဘာ

ယနေ့အဖြစ်အပျက်ကို

သေချာမကိုင်တွယ်နိုင်ခဲ့လျှင်

၎င်း၏ဂုဏ်သတင်း က သေချာပေါက်ကို

ကျဆင်းပါပြီ။

နောင်တွင်

စည်းကမ်းထိန်းသိမ်းရေးခန်းမကို

မျက်နှာမပေးဘဲ ဆန့်ကျင်သူများ

အများအပြားပေါ်လာနိုင်၏။

"အကြီးအကဲကောင်စီက ဘာလို့ ဘာမှ

မလုပ်တာလဲ” ယန်ကျန်း၏

နောက်ကွယ်မှ အဘိုးအိုက

အသံခပ်တိုးတိုးဖြင့်

“ထာဝရတန်ခိုးရှင်အဆင့်

အကြီးအကဲတစ်ယောက်နဲ့

မူလနတ်ဘုရားတစ်ပိုင်းအဆင့် က ဒီလိုပဲအသတ်ခံလိုက်ရတယ်"

ယန်ကျန်း က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး "သူတို့ မလုပ်နိုင်ဘူး"ဟု ပြန်ပြောပါသည်။

အဘိုးအိုက “ဘာလို့လဲ” ဟုမေးရင်း အံ့သြသွားပုံပါ။

ယန်ကျန်း က ယန်ယဲ့ကို စိုက်ကြည့်ရင်း

"ဒီတစ်ခါတော့

စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့

အမှားပဲလေ။ ဘာလို့လဲဆိုတော့

သူတို့တွေ

အစကတည်းကရှေ့ထွက်လာသင့်တာပဲ။

ယန်ရှူ နဲ့ ယန်ယန်ကို

အရင်ဆုံးတားရမှာပါ။ ဒါပေမဲ့

သူတို့မလုပ်ခဲ့ဘူး၊ ယန်ရှူကို

ဆက်ပြီးခွင့်ပြုထားတယ်။ တကယ်လို့

ယန်ယဲ့သာ အားနည်းလို့အသတ်ခံရရင်

ပြဿနာဖြစ်မှာမဟုတ်ဘူး။ ဒါပေမဲ့ သူ့ကို

ဒီလောက် သန်မာဖို့ မမျှော်လင့်ထားဘူး။

ဒါ့အပြင် ယန်လင်းက ယန်ရှူဖက်ကို

ထောက်ခံပေးလိုက်တော့

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ

ဘယ်လိုမှ

နောက်ပြန်ဆုတ်လို့မရတော့ဘူးလေ"

ဒီအချိန်မှာ ယန်ကျန်း က စကားကို

ခဏလောက်ရပ်ပြီး

“အကြီးအကဲကောင်စီက

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ ကို

ကူညီပေးလိုက်ရင် သူတို့က ယန်ယဲ့ကို

စွန့်လွှတ်လိုက်တာလို့

ကိုယ်စားပြုလိမ့်မယ်။ တွေးကြည့်လိုက်၊

အကြီးအကဲကောင်စီသာ

စည်းကမ်းထိန်းသိမ်းရေးခန်းမနဲ့

ပေါင်းသွားရင်

ယန်ယွဲ့ရဲ့အကျင့်စရိုက်အရဆို

သူ့စိတ်ထဲမှာ ယန်မျိုးနွယ်စုဆိုတာ

ရှိတော့မှာလား။ သူ့ကို မျိုးနွယ်စုက

နှင်ထုတ်ရင်တောင်

စည်းကမ်းထိန်းသိမ်းရေးခန်းမနဲ့

အကြီးအကဲကောင်စီက သေချာပေါက်

ရန်ငြိုးထားခံရမယ်။ သူ့မှာ

အခုလက်စားချေဖို့ ခွန်အားမရှိပေမယ့်
အနာဂတ်မှာရော ဘယ်လိုလဲ”

အဘိုးအိုက ခေါင်းညိတ်ပြီး
“သေချာပါတယ်၊
အကြီးအကဲကောင်စီက
ဆယ်ယောက်မြောက်သခင်ငယ် ကို
မစွန့်လွှတ်ချင်ဘူး”ဟု ပြောလိုက်သည်။

"မင်းထင်တာမှန်ပါတယ်" ယန်ကျန်း၏

ပါးစပ်ထောင့်မှ

အပြုံးတစ်ခုပေါ်လာသည် "ယန်ယဲ့က

အခုမှ ပြန်လည်မွေးဖွားခြင်းအဆင့်

မှာပဲရှိနေသေးတယ်။ ဒါတောင် သူက

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ကို

သတ်လိုက်နိုင်ပြီ။ ဒါဆို သူ

ထာဝရတန်ခိုးရှင်အဆင့် ကို

ရောက်သွားရင် ဒါမှမဟုတ်

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ကို ရောက်သွားရင် ဘာဆက်ဖြစ်မလဲ”

အနက်ရောင်ဝတ်ရုံအဘိုးအို ဟာ တိတ်ဆိတ်သွားသည်။

ထိုအတောအတွင်း ယန်ကျန်း က ဆက်ပြောလိုက်သည် "ယန်ကလန်မှာ ပိုပြီးအသုံးဝင်တဲ့သူတွေပဲ မျိုးနွယ်စုရဲ့ ထောက်ခံတာကိုရနိုင်တယ်။ တကယ်လို့

ငါတို့ရဲ့ အငယ်ဆုံးညီမနဲ့

ဆယ်ယောက်မြောက်ညီလေး သာ

ရန်ငြိုးတွေရှိနေရင်တော့ သူတို့က

ယန်ယဲ့ကိုပဲစွန့်လွှတ်လိမ့်မယ်”

သူက ခဏရပ်ပြီး “ယန်မျိုးနွယ်ထဲမှာ

မိသားစု ချစ်ခြင်းမေတ္တာဆိုတာ

မရှိပါဘူး။ပိုအသုံးဝင်လေလေဆိုတာပဲ....

”

အဘိုးအိုက ဘာမှ မပြောဘဲ
ငြိမ်သွားသည်။

ထိုအချိန်တွင် ငြိမ်သက်မြို့တော်၏
မြို့တံခါးများ ဖြည်းညှင်းစွာ
ပွင့်လာသည်။ ထို့နောက်တွင် မြို့ထဲမှ
ခရမ်းရောင်ဝတ်ရုံအဘိုးအို တစ်ယောက်
ထွက်လာခဲ့သည်။

ခရမ်းရောင်ဝတ်ရုံအဘိုးအိုကိုတွေ့လိုက်

သောအခါ အားလုံး၏အမူအရာများ

ပြောင်းလဲသွားကြသည်။

ယန်ရှမ်၏မျက်လုံးများက

သိသိသာသာကျဉ်းမြောင်းသွားကာ

လက်သီးများကို တင်းတင်းကျပ်ကျပ်

ဆုပ်ထားလိုက်သည်။ဂူရှဲ့ နှင့် ချန်းဟု

တို့နှစ်ယောက်ကတော့

မျက်မှောင်ကြုတ်သွားကြသည်။

တစ်ချိန်တည်းမှာပင်
အကြီးဆုံးသခင်ငယ် ယန်ကျန်း၏
အမူအရာသည်လည်း သိသိသာသာကို
လေးနက်လာပါသည်။

ထိုအချိန်တွင် လူတိုင်းဟာ မျက်နှာထက်
လေးနက်သောအမူအရာများသာ
ရှိနေကြသည်။ အကြောင်းကတော့

ထိုအဘိုးကြီးကိုယ်တိုင်ပင်

ရှေ့ထွက်လာဖို့ မမျှော်လင့်ထားလို့ပါ။

ခရမ်းရောင်ဝတ်ရုံအဘိုးအိုက

အခြားသူမဟုတ်ဘဲ

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ခန်းမသခင် ယန်လု ဖြစ်သောကြောင့်ပင်။

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ခန်းမသခင် ။

ဘိုးဘေးများနှင့် အကြီးအကဲများ

ကဲ့သို့ပင်။

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ခန်းမသခင်ဟာ ဒဏ္ဍာရီဆန်ဆန်

ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။

အကြောင်းမှုကား ယန်ကလန်၏

အဖွဲ့ဝင်အများစုပင် ၎င်းအား

တစ်ခါမှမမြင်ဖူးလို့ပါ။

လက်ရှိအချိန်တွင်တော့ ဒဏ္ဍာရီဆန်ဆန်

စည်းကမ်းထိန်းသိမ်းရေးခန်းမ၏

ခန်းမသခင် ထွက်ပေါ်လာပါပြီ။

လုလီကူး၏ အမူအရာက

အကြီးအကျယ်ပြောင်းသွားတော့သည်

"မူ....... မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူ။

သောက်ကျိုးတော့နည်းပြီ..."

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူလား ။

ယန်ယဲ့ သည်

အဘိုးအိုယန်လုကိုတိတ်ဆိတ်စွာ

ကြည့်နေခဲ့သည်။ သူ့အကြည့်များက

လုံး၀ ငြိမ်သက်သွားသည်။သို့သော်

မူလစေတီ၏ ဒုတိယအဆင့်ရှိ

နတ်ယင်မီးတောက်ဟာ

စပြီးတုန်ခါလာသည်ကို

သတိထားမိလိုက်သည်။

အဘိုးအိုယန်လု က ယန်ယဲ့နှင့် ၁
မီတာခွဲအကွာရောက်လာသည့်နောက်
ရပ်လိုက်သည်။ သူက ယန်ယဲ့ကို
ဝေ့ဝဲကြည့်ရင်း ခေါင်းညိတ်ပြပြီး
“ရှားတယ်၊ တကယ်ရှားတယ်။ မင်းဟာ
မျိုးနွယ်စုရဲ့ အကူအညီတွေ၊
အရင်းအမြစ်တွေကို မယူဘဲနဲ့
ဒီလိုအဆင့်ထိရောက်နိုင်ခဲ့တယ်။

မင်းတကယ်မဆိုးဘူး"ဟူ၍

ပြောပါသည်။

ယန်ယဲ့ က အဘိုးအိုယန်လု ကို

စိုက်ကြည့်နေရင်းမှ "ငါတို့

တိုက်ခိုက်ရမှာလား"ဟုပြန်ပြောလိုက်သ

ည်။

ငါတို့ တိုက်ခိုက်ရမှာလား...။

ထိုစကားကြောင့်

မရေမတွက်နိုင်သောလူများ

အံ့အားသင့်သွားကြသည်။

သူက ငါတို့ တိုက်ခိုက်ရမလားလို့

ပြောလိုက်တာလား....

ဆယ်ယောက်မြောက်သခင်ငယ် က

စည်းကမ်းထိန်းသိမ်းရေးခန်းမရဲ့

ခန်းမသခင်ကို စိန်ခေါ်လိုက်တာလား။

သူရှူးသွားပြီလား...

လူတိုင်းက ထိုမေးခွန်းသာလျှင်
စိတ်ထဲဆွဲနေကြသည်။ အမှန်တော့
စည်းကမ်းထိန်းသိမ်းရေးခန်းမ၏
ခန်းမသခင်ဟာ မူလနတ်ဘုရားအဆင့်
ကျင့်ကြံသူ ပါ။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူဟာ

နဂါးငွေ့တန်းကြယ်စင်စုရှိ

အလယ်စကြာဝဠာ၏

အထွတ်အထိပ်တော့မဟုတ်သေးပါ။

သို့သော်လည်း မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူဟာ အလယ်စကြာဝဠာမှာပင်

ရှားပါးလှသည်။ အနည်းဆုံးတော့

ယန်ကလန်တစ်ခုလုံး၌ပင်

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ ၅ ယောက်ထက် မပိုပေ။

လက်ရှိအချိန်တွင် ယန်ယဲ့ သည် မူလနတ်ဘုရားအဆင့် ကျင့်ကြံသူအား တိုက်ရိုက်စိန်ခေါ်နေ၏။ သို့သော် သူကိုယ်တိုင်က ပြန်လည်မွေးဖွားခြင်းအဆင့် မှာသာရှိနေခဲ့သည်။

ယန်ယဲ့နံဘေးမှာ ရပ်နေသော လုလီကူး

က နဖူးကနေ

ချွေးစေးများပင်စီးကျလာခဲ့လသည်။

"ဒီသောက်ရူးကောင် က

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူကို

စိန်ခေါ်နေတာလား "

သူပင်လျှင် မူလနတ်ဘုရားအဆင့် ကို

အသာထား၊

မူလနတ်ဘုရားတစ်ပိုင်းအဆင့်ကိုပင်စိန်ခေါ်ဖို့မှာမဟုတ်ပေ။ ထိုအရှုံးကောင်ယန်ယဲ့ကတော့ မူလနတ်ဘုရားတစ်ပါးကိုစိန်ခေါ်နေ၏။

ထို့အပြင် ယန်ယဲ့ဟာ ယခုမှပြန်လည်မွေးဖွားခြင်းအဆင့် သာ ။

ငြိမ်သက်ခြင်းမြို့အထက်ကောင်းကင်တစ်နေရာ။

အဘိုးကြီးယန်ဂု က ရုတ်တရက်
ရယ်မောလိုက်ပြီး
“စိတ်ဝင်စားဖို့ကောင်းတယ်။
ဒီကောင်ကလေးက ပိုပိုပြီး
စိတ်ဝင်စားဖို့ကောင်းလာတယ်”ဟုပြော
လိုက်လေသည်။

ဘေးနားရှိ အဘိုးကြီးယန်ခန်း က
ခေါင်းညိတ်လိုက်ပြီး “မှန်တယ်၊

စိတ်ဝင်စားစရာတွေ

ပိုတိုးလာနေတယ်”ဟုပြောပါသည်။

ထိုအချိန်တွင် အဘိုးအိုယန်လုက

ယန်ယဲ့ကို စိုက်ကြည့်နေသည်။

အကြောင်းမှာ သူကိုယ်တိုင်လည်း

ယန်ယဲ့ဟာ တိုက်ရိုက်စိန်ခေါ်ဖို့

မမျှော်လင့်ထားလို့ပါ။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက် က

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူကို

စိန်ခေါ်နေသလား ။

အလယ်စကြာဝဠာ၏

သမိုင်းကြောင်းတစ်လျှောက် မည်သူမျှ

မကြားဖူးသလို ထိုကဲ့သို့

ကြီးကျယ်ခမ်းနားသော ပါရမီရှင်များဟာ

မရှိသလောက်ရှားပါသည်။လက်နှစ်ချော င်းနှင့်ပင် ရေတွက်လို့ရ၏။

အဘိုးအိုယန်လု က "တကယ်တော့ ငါ အရမ်းသိချင်နေတာ။ ငါ့စိတ်ထဲ မင်းကို ယုံကြည်မှုရှိစေတဲ့အရာကို ငါသိချင်တယ်"

ယန်ယဲ့က ပခုံးတွန့်လိုက်ပြီး "အကြောင်းပြချက်မရှိပါဘူး။ ငါ့မှာ

ထွက်လမ်းမရှိဘူး

မဟုတ်လား"ဟုပြန်ပြောပါသည်။

အဘိုးအိုယန်လု က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "ငါ့ရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမလည်း

အတူတူပါပဲ။ မဟုတ်ဘူး။ ဒါပေမဲ့…”

စကားပြောနေရင်း ယန်ယဲ့ကို

စိုက်ကြည့်ကာ “မင်းကို သတ်လိုက်တာ

တော်တော်သနားစရာကောင်းတယ်၊

ငါ့လက်အောက်ငယ်သားတွေ

မှားသွားတာ နားလည်ပါတယ်။ ဒါဆို

ငါတို့ ဒါကို ဘယ်လိုလုပ်မလဲ။ မင်း ငါ့ရဲ့

တိုက်ခိုက်မှုကို ခုခံလိုက်။

မင်းအောင်မြင်ရင် ငါ့ရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမက

ဖြစ်ပျက်ပြီးတာတွေအကုန်

မေ့ထားလိမ့်မယ်။ မင်းဘယ်လိုထင်လဲ"

လုလီကူး က ရုတ်တရက်မေးလိုက်သည်
"သူကျရှုံးရင် ဘယ်လိုလုပ်မလဲ"

အဘိုးအိုယန်လု က လျစ်လျူရှုလိုက်ပြီး
"ဒါဆို သူသေသင့်တယ်"

လုလီကူး က ယန်ယွဲ့ကို စူးစိုက်ကြည့်ပြီး
ခေါင်းယမ်းရင်း “မူလနတ်ဘုရားအဆင့်
ကျင့်ကြံသူတွေဟာ နားမလည်နိုင်အောင်
အားကောင်းတယ်။ သေချာပေါက် သူ့ရဲ့

ခွန်အားကို ခံနိုင်ရည်ရှိမှာ

မဟုတ်ဘူး”ဟုပြောလိုက်သည်။

ယန်ယဲ့ က လုလီကူး ကို စိုက်ကြည့်ကာ

ရယ်မောလိုက်ပြီး "ငါ အခု

နောက်ဆုတ်လို့ မရတော့ဘူး၊

ဘာပဲဖြစ်ဖြစ်

ငါလည်းမသေချင်သေးဘူး"

ထိုစကားပြောပြီးနောက်

အဘိုးအိုယန်လုကို

စိုက်ကြည့်ကာ "ငါအောင်မြင်ရင်

ငါတို့တွေ ပြီးသွားတာကို

မေ့ထားလို့ရတယ်။ ဒါပေမဲ့  ငါလိုချင်တာ

တစ်ခုရှိသေးတယ်။ ငါနဲ့ယန်ရှူ

ရဲ့မိသားစုခွဲကြားက ရန်ငြိုးကို

မင်းဝင်ရောက်စွက်ဖက်တာမျိုး

ရပ်စေချင်တယ်"

အဘိုးအိုယန်လု က "မင်း

အလျှော့မပေးသေးဘူးပဲ"

ယန်ယဲ့ က အဘိုးအိုယန်လု ကို ကြည့်ရင်း

"မင်းရဲ့ စည်းကမ်းထိန်းသိမ်းရေးခန်းမ

က သူတို့ကို ကာကွယ်ချင်တယ်ဆိုရင်

ဒီနေ့ သူတို့ကို မသတ်နိုင်ဘူးဆိုတာ

ငါဝန်ခံပါတယ်။ ဒါပေမဲ့

အနာဂတ်မှာကော။ ငါက တော်တော်လေး

ဆိုးယုတ်တယ်နော်။ ဒီနေ့

မင်းငါ့ကိုတားရင် နောင်အနာဂတ်ကျ

ယန်ကလန်မှာ

စည်းကမ်းထိန်းသိမ်းရေးခန်းမဆိုတာ

မရှိအောင်လုပ်ပေးမယ်"ဟုပြောလိုက်ပါ

သည်။

ယန်ရှူ၏ မျက်နှာက

သိသိသာသာပျက်သွားသည့်တိုင်

စကားမပြောဘဲ တိတ်ဆိတ်နေ၏။

သူတွေးနေသည့် အရာကိုတော့ဘယ်သူမှ မသိနိုင်ပေ။

အဘိုးအိုယန်လု က ယန်ယဲ့အား အချိန်အကြာကြီး စိုက်ကြည့်ပြီး "ငါမင်းကိုသတ်မှာကို မကြောက်ဘူးလား"

ယန်ယဲ့ က "မင်း ဘယ်လိုမှ ထိန်းထားမှာ မဟုတ်ဘူး... ဟုတ်တယ်မလား"

အဘိုးအိုယန်လု က ခေါင်းညိတ်ပြီး

“မှန်ပါတယ်။ ဒါဆို

မင်းအဆင်သင့်ဖြစ်ပြီလား"

ယန်ယဲ့ က တစ်ဖက်လှည့်ကာ လုလီကူး

ကို စိုက်ကြည့်လိုက်ရင်း

"ထွက်သွား"ဟုပြောလိုက်သည်။

လုလီကူး က အနည်းငယ်

အံ့အားသင့်သွားပုံပါ

"မင်းဘာပြောဖို့ကြိုးစားနေတာလဲ"

ယန်ယဲ့ က "မင်းရောက်လာတာကို

ငါအရမ်းအံ့သြတယ်။ ဒါပေမယ်လို့

ဒါဟာ ငါ့ကိုယ်ပိုင်အရေးကိစ္စပဲ။

ဒါကြောင့် ဝင်မစွက်ဖက်ပါနဲ့။

အခုထွက်သွားလိုက်ပါ။မဟုတ်ရင် ငါ

တစ်ခုခုဖြစ်သွားရင် မင်းငါ့ကို

သင်္ဂြိုဟ်ခွင့်မရဘဲဖြစ်နေမယ်"

လုလီကူး က သူ့ခေါင်းကို ခါလိုက်ပြီး

"အခုထွက်သွားရင် ငါ့ကိုယ်ငါ

ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။

ရိုးရိုးသားသား ပြောရရင် ငါ မင်းနဲ့

ဘာမှမဆိုင်ချင်ဘူး။ ဘာလို့လဲဆိုတော့

မင်းဟာ တခါတရံ

မိုက်လွန်းတယ်။ဒါပေမဲ့

မင်းရဲ့နှလုံးသားကတော့ သစ္စာရှိတယ်။

ဥပမာအနေနဲ့ မင်းသာ

ပြန်လည်မွေးဖွားခြင်းသစ်သီးမပေးခဲ့ရင်

ငါ စိတ်ဝိညာဉ်ခွဲထွက်ခြင်းအဆင့်

မှာပဲရှိနေမှာ။ ဒါကြောင့် မင်းဟာ

မိတ်ဆွေကောင်းတစ်ယောက်ဆိုတော့

ငါလုလီကူး က အတူတူဖြစ်ရမှာပေါ့"

သူက ယန်ရှူ နှင့် ယန်လု ကို

လှည့်ကြည့်လိုက်ပြီး

“အမှန်တိုင်းပြောရရင် ငါ အခု အရမ်းကြောက်နေပေမယ့် မတတ်နိုင်ဘူး။ ငါ အခုထွက်သွားဖို့ စော်ကားမှုတွေနဲ့ အရှက်တရားတွေကို ခံနိုင်ရည်ရှိဖို့ မတတ်နိုင်ဘူး”

ယန်ယဲ့ က စကားမပြောသေးဘဲ လုလီကူး ကို အချိန်အတော်ကြာ စိုက်ကြည့်ရင်း "ဒါဆို မင်းငါ့ကို

ဘာလို့များ အဆုံးထိ ဒီတိုက်ခိုက်မှုကို
ခံနိုင်ရည်ရှိအောင် မကူညီပေးရတာလဲ"

“ထွက်သွားစမ်း…အရူးကောင်" လုလီကူး
က ကျိန်ဆဲလိုက်သည်။ သို့သော် သူသည်
ခဏရပ်ကာ "သတိထားပါ"
ဟုပြောလိုက်လေသည်။

ယန်ယွဲ့ က ပြုံးပြီး အဘိုးအိုယန်လုကို
လှည့်ကြည့်လိုက်ကာ

"ငါအဆင်သင့်ဖြစ်ပြီ။မင်းရဲ့တိုက်ခိုက်မှု

ကို စလိုက်ပါ"ဟုပြောလိုက်တော့သည်။

May Be:

၁၉၇၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၆ - အနိုင်ရခြင်း

အဘိုးအိုယန်လု က "မင်းသေချာလား"

ယန်ယဲ့က ခေါင်းညိတ်ပြပြီးနောက်

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

တစ်ချိန်တည်းမှာပင် ယန်လု၏

နောက်ကွယ်မှ အရိပ်ဟာ အနည်းငယ်

တုန်လှုပ်သွားသည်။

အကောင်းဆုံး အကာကွယ်က

အရင်ဦးဆုံးတိုက်ခိုက်တာပါ။

ယန်ယဲ့ဟာ နေရာတွင်သာရပ်နေပြီး

သူ့ကိုယ်သူ ခုခံနေမည်မဟုတ်ပါ။

တိုက်ပွဲတစ်ခုမှာ

အရင်ဦးဆုံးတိုက်ခိုက်သည်ကား

သူ့ပုံစံပါ။

ယန်ယဲ့၏ လက်ထဲမှ နတ်ဓားက

ယန်လု၏ ခေါင်းနောက်ကို

ထိုးသွင်းသွားသည်။

သို့သော် ပုံရိပ်ယောင်တစ်ခုမျှသာ
ဖြစ်လေရာ သွေးတစ်စက်ပင်
ထွက်မလာပေ။

လက်ရှိတွင် ယန်လုက အစောပိုင်းက
ယန်ယဲ့ ရပ်နေသည့်နေရာမှာပင်
ပြန်ပေါ်လာသည်။

ယန်ယဲ့က ယန်လုကို
တစ်ချက်ကြည့်လိုက်ပြီး

သူ၏မျက်နှာသည် အလွန်
လေးနက်တည်ကြည်လာသည်။

ယန်လုက ယန်ယွဲ့ကို ဂရုမစိုက်ဘဲ
စိုက်ကြည့်ရင်း "ထာဝရအဆင့် နဲ့
ယှဉ်နိုင်တဲ့ အမှောင်တာအိုဥပဒေသ တွေ၊
မဆိုးပါဘူး။ ဒါပထမဆုံးမြင်ဖူးတာပါ။
ကံမကောင်းစွာပဲ၊ မူလနတ်ဘုရားအဆင့်
က ဘာကို ကိုယ်စားပြုတယ်ဆိုတာ
မင်းနားမလည်သေးဘူးထင်တယ်။

မဟုတ်ရင် မင်း ငါ့ကို စိန်ခေါ်မှာ

မဟုတ်ဘူး။ အခု ငါ့အလှည့်ပဲ”

စကားပြောနေစဉ် ရှေ့သို့

ခြေတစ်လှမ်းတိုးကာ သူ့လက်ချောင်းကို

ယန်ယဲ့၏ဦးတည်ရာသို့ ပုတ်လိုက်သည်။

ဤအခိုက်အတန့်တွင်

အရာအားလုံးရပ်တန့်သွားပုံရ၏။

အားလုံး ထိတ်လန့်တုန်လှုပ်စွာ

စောင့်ကြည့်နေစဉ် ယန်လု၏ရှေ့မှ

အာကာသပြင်ဟာ

တဖြည်းဖြည်းပျောက်ကွယ်သွားသည်ကို

မြင်လိုက်ကြရသည်။

စက္ကူပုံအထပ်လိုက်

မီးရှို့ပစ်သည့်အတိုင်း တဖြည်းဖြည်း

ပျောက်ကွယ်သွားသည်။

ထိုနေရာသည် ပြိုကျမသွားဘဲ

လုံးလုံးလျားလျား

ပျောက်ကွယ်သွားခဲ့သည်။

အဘိုးကြီး ယန်ခန်း က "ငါတို့

အရေးယူသင့်သလား"

အဘိုးအို ယန်ဂု က

ခဏကြာငြိမ်သက်နေပြီးမှ

ခေါင်းယမ်းကာ "ဒါဟာ သူတို့ကြားက

အလောင်းအစားပဲ။ ငါတို့က သူ့ကို

စွက်ဖက်ပြီး ကယ်တင်ရင်တောင်မှ

လူအိုကြီးလု ကို

တားလို့ရမှာမဟုတ်ဘူး။စည်းကမ်းထိန်း

သိမ်းရေးခန်းမက

ငါတို့လက်အောက်မှာရှိရင်တောင်

အကြောင်းပြချက်မရှိဘဲနဲ့

မျက်နှာဖြတ်ရိုက်လို့မရဘူးလေ။

နောက်ဆုံးတော့ ဒါဟာ တရားမျှတတဲ့

တိုက်ပွဲတစ်ခုပဲမဟုတ်လား”ဟုပြောပါသ
ည်။

အဘိုးအိုယန်ခန်း က ခေါင်းညိတ်ပြီး
စကားပြန်မပြောတော့ပေ။

ထိုအာကာသပြင်က
ရုတ်ချည်းပျောက်ကွယ်သွားသောကြော
င့် ယန်ယွဲ့၏မျက်လုံးများက

ကျဉ်းမြောင်းသွားကာ လက်သီးများကို တင်းတင်းဆုပ်ထားလိုက်တော့သည်။

ငါ ဒါကို မခုခံနိုင်ဘူး ။

လက်ရှိတွင် ယန်ယဲ့ ခံစားနေရသည့် အခြေအနေပါ။

ထိုအချိန်တွင် ယန်ယဲ့၏ရင်ဘတ်ထဲမှ အဖြူရောင်အလင်းတန်းများ လင်းလက်

လာပြီး နှင်းပွင့်လေးက

သူ့ရှေ့မှာပေါ်လာသည်။ သူမလေးက

ယန်ယဲ့ကို

စိုက်ကြည့်ရင်း မျက်တောင်ခတ်လိုက်ပြီး

ပြုံးပြလိုက်သည်။ ထို့နောက်

သူမ၏ခြေသည်းများကို မြှောက်လိုက်ရာ

ခြေသည်းလေးများကြား၌

သစ်သားဓားတစ်ချောင်း ပေါ်လာသည်။

သစ်သားဓား လား....

ယန်ယဲ့ သည် နှင်းပွင့်လေး နှင့်

သစ်သားဓားကို ကြည့်ပြီး

အံ့အားသင့်သွားသည်။ထို့နောက်

သူ၏ဘယ်လက်ဖြင့် သစ်သားဓားကို

ဖမ်းဆုပ်ကာ နှင်းပွင့်လေးအား မူလစေတီ

ထဲကို အမြန်ပြန်ပို့လိုက်သည်။

အကြောင်းကတော့ သူ့ပတ်ပတ်လည် ၁၀

မီတာအကွာ အာကာသပြင်ဟာ လုံးဝ

ပျောက်ကွယ်နေလို့ပါ။

အကြောင်းပြချက်မရှိဘဲ

သဘာဝအတိုင်း

ပျောက်ကွယ်သွားခြင်းမဟုတ်ပေ။

ပျောက်ကွယ်သွားသော နေရာမှ

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းလုံးများက သူ့ဆီသို့

ပြန်နှံ့လာသောကြောင့်ပင်။

ထိုအချိန်တွင်

ထိုလျှို့ဝှက်ဆန်းကြယ်သော စွမ်းအင်က

သူ့ရှေ့သို့ ရောက်လာသည်။

ယန်ယွဲ့ သည် သူ့လက်ထဲမှ

သစ်သားဓားကို

ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ

သစ်သားဓားက သူ့အား

မငြင်းပယ်တော့ပေ၊ အဓိကကတော့
နှင်းပွင့်လေးကြောင့်သာ ။

မှန်သည်။ လက်ရှိတွင် သူက
ထိုအကြောင်းကို ဆက်ပြီးစဉ်းစားနေဖို့
အချိန်မရှိပေ။

ယန်ယွဲ့ သည်
မျက်လုံးကိုချက်ချင်းမှိတ်ထားလိုက်ပြီး
သူ့ခန္ဓာကိုယ်မှ

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

သစ်သားဓား ထဲကို

တလဟောစီးဝင်လာသည်။

သို့သော် သစ်သားဓားက ရုတ်တရက်

ပြင်းထန်စွာ တုန်ခါသွားပြီးနောက်

အလင်းတန်းတစ်ခု ထွက်လာသည်။

ထိုခဏလေးမှာပဲ ယန်ယဲ့၏

ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

ပျောက်ကွယ်သွား၏။

အဲဒါကို ငြင်းပယ်လိုက်တာလား...

သစ်သားဓားက ငါ့ရဲ့ ထာဝရအဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ကို

ငြင်းပယ်လိုက်တယ် ။

ယန်ယဲ့က အတော်လေး

အံ့သြသွားသည်။သစ်သားဓားက

သတ်ဖြတ်ခြင်းစိတ်ဆန္ဒကို

ငြင်းပယ်မည်ဟု သူ့စိတ်ထဲလည်း

မထင်ထားပေ။ ထို့အပြင် သစ်သားဓားက

အဆက်မပြတ် တုန်ခါနေလေရာ

ဒေါသထွက်နေမှန်းသိသာ၏။

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး

သူ့နှလုံးသားထဲမှ

စိတ်ဆန္ဒကြိုးမျှင်တစ်ခုကို

ထုတ်လိုက်သည်။

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဟာ

သူ့ခန္ဓာကိုယ်ထဲကို

ချက်ချင်းပြန်ဝင်သွားတော့သည်။

ထို့နောက်တွင် သူ့ထံမှ

ထာဝရရှင်သန်ခြင်းအဆင့် ၈စားစိတ်ဆန္ဒ

ထွက်ပေါ်လာသည်။

ထာဝရရှင်သန်ခြင်းအဆင့် ၈စားစိတ်ဆန္ဒ

ပေါ်လာသည်နှင့် သစ်သားဓားဟာ

တုန်လှုပ်သွားသည်။ တစ်ချိန်တည်းမှာပင်

ဓားစိတ်ဆန္ဒ အားလုံးကို စုပ်ယူသွား

လေသည်။

ယန်ယဲ့ သည် သစ်သားဓားကို

တစ်ချက်ငုံ့ကြည့်လိုက်ပြီးနောက်

သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်လိုက်သည်။

ထိုအချိန်တွင် လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းမပါ ဟာ သူနှင့် ၂
မီတာအောက်သာ ဝေးတော့သည်။

ခဏကြာ တိတ်ဆိတ်သွားပြီးနောက်
ယန်ယဲ့ သည် ရုတ်တရက်
မျက်လုံးဖွင့်လိုက်ရင်း
အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ
ဖျတ်ခနဲ ပျောက်သွားခဲ့သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

နည်းစနစ်ချင်း တူသော်လည်း
မတူညီသောစားနှစ်လက်ဖြင့်
အသုံးပြုထားခြင်းပါ။

ယန်ယဲ့ ပျောက်ကွယ်သွားသည့်အခိုက်
သူ့အနီးနားရှိ အာကာသပြင်ဟာ
ရုတ်တရက် ပြိုကျသွားသည်။
တစ်ဆက်တည်း အလင်းတန်းတစ်ခုက
အဘိုးအိုယန်လု ရပ်နေသောနေရာဆီသို့

လွှင့်ပျံလာသည်။အလင်းတန်း

ဖြတ်သန်းသွားရာ နေရာတိုင်းမှ

အာကာသပြင်ဟာ ပြိုကျနေခဲ့လေသည်။

အာကာသအပျက်အစီးများဟာ

ကီလိုမီတာရာချီသော အာကာသပြင်ကို

လျင်မြန်စွာပြန့်နှံ့သွားခဲ့သည်။

ထိုခဏလေးမှာပဲ ကီလိုမီတာ ၁၀,၀၀၀

ကျော်ရှိယာမှ အာကာသပြင်ဟာ

လုံးလုံးလျားလျား

ပျောက်ကွယ်သွားခဲ့ပါပြီ။

ထိုမျှနှင့် မကသေးပါ၊ အဘိုးအိုယန်လု

ဖန်တီးလိုက်သည့်

လျှို့ဝှက်ဆန်းကြယ်သောစွမ်းအင်ဟာ

ချက်ချင်းဆိုသလို ရပ်တန့်သွားသည်။

ထို့နောက်တွင်

ပူပြင်းလှသောနေရောင်အောက်မှ

ရေခဲတုံးများအရည်ပျော်လာသကဲ့သို့
တဖြည်းဖြည်း ပြန့်ကျဲသွားပါတော့သည်။

အမှန်တော့ စောင့်ကြည့်နေစဉ်
လူအတော်တော်များများက ၎င်းကို
လက်တွေ့မမြင်လိုက်ကြပေ။
အကြောင်းမှုကား ယန်ယဲ့၏အရှိန်က
အလွန်လျင်မြန်နေလို့ပါ။ အားလုံးက
အလင်းတစ်ခုပျောက်သွားသည်ကိုသာ
မြင်လိုက်ကြရသည်။ လက်ရှိတွင်

ယန်ကလန်၏

အဆင့်မြင့်အာဏာပိုင်အနည်းငယ်သာ

လျှင် ယန်ယဲ့၏လှုပ်ရှားမှုကို

သေချာပေါက် မြင်နိုင်ပါသည်။

ခဏအကြာတွင် အထက်ကောင်းကင်မှ

အလင်းတန်းများ ဖြာထွက်လာပြီးနောက်

အာကာသပြင်ဟာ

ချက်ချင်းပြိုကျခဲ့သည်။

တစ်ချိန်တည်းမှာပင်

အလင်းတန်းတစ်ခုက အဘိုးအိုယန်လု
ရှေ့ကို ရောက်လာပါသည်။

ဒီအချိန်မှည အဘိုးအိုယန်လု၏
မျက်နှာက
ချက်ချင်းပင်လေးနက်လာသည်။
ထို့နောက် သူ၏မျက်လုံးထဲမှ
ထိတ်လန့်မှုအရိပ်အယောင်များလည်း
ပေါ်နေခဲ့သည်။

သို့သော် သူ၏တုံ့ပြန်မှုက မနှေးကွေးပါ။ ညာဖက်လက်ဝါးကို ရှေ့သို့ တွန်းလိုက်ပြီး ယန်ယဲ့၏ သစ်သားဓားကို ဖမ်းကိုင်လိုက်သည်။

ဘမ်း....

ထိုအခိုက် မီတာရာချီသော အာကာသပြင်ဟာ ကွဲအက်သွားသည်။ တစ်ချိန်တည်းမှာပင် အဘိုးအိုယန်လုက

မြေကြီးပေါ်တရွတ်ဆွဲပြီး
ဆက်တိုက်နောက်ပြန်ဆုတ်သွားလိုက်ရ
သည်။

သို့သော် ယန်လုက မီတာ ၃၀၀
အကွာမှာပဲ သူ့ကိုယ်သူထိန်းလိုက်ပြီး
မတ်တပ်ရပ်နေရင်း
ခြေတစ်ချက်ဆောင့်ချလိုက်သည်။
ထိုခဏလေးမှာပဲ သူ့ပတ်ဝန်းကျင်ရှိ
မြေပြင်ကျယ်ဟာ

ရုတ်တရက်ပြိုကျလာပြီး

ရောမတွင်းနက်ကြီးတစ်သဖွယ်ဖြစ်ပေါ်

လာသည်။ တစ်ချိန်တည်းတွင်

တွင်းနက်၏ အောက်မြေပြင်ဟာ

အဆက်မပြတ် ပြိုကျနေဆဲပါ။

ယန်ယဲ့ က တန်ပြန်အားလှိုင်းကို

မြေကြီးထဲသို့ လွှဲလိုက်သောကြောင့်ပင်။

ဤအခိုက်အတန့်မှာ လူတိုင်းက အံ့အားသင့်သွားကြပါပြီ။

"ဆယ်ယောက်မြောက်သခင်ငယ်က ရတနာလက်နက်တစ်ခုခုကို ယူသုံးထားလို့များလား_" လူတိုင်း ထိုအတွေးမျိုးရှိနေကြသည်။ အကြောင်းမှာ ယန်ယဲ့ သည် မူလနတ်ဘုရားအဆင့် ကျင့်ကြံသူကို

နောက်ပြန်ဆုတ်သွားအောင်ဖိနှိပ်ထားလို့

ပါ။

သိပ်တော့မကြာလိုက်ပါ၊

အတော်များများဟာ ယန်ယဲ့၏လက်ထဲမှ

သစ်သားဓား

ပေကါအကြည့်ရောက်သွားသည်။

သူတို့၏အကြည့်များထဲ

စူးစမ်းလိုစိတ်များ သိသိသာသာ

ပေါ်လွင်နေ၏။

ကောင်းကင်အထက် အဝေးမှ

အဘိုးကြီးယန်ဂု နှင့် ယန်ခန်း

၏အကြည့်များကပင်

ယန်ယဲ့၏လက်ထဲမှ သစ်သားဓား

ဆီသို့ရောက်ခဲ့ပါသည်။

ထိုအခိုက်အတန့်တွင် သူတို့၏

မျက်လုံးများက လေးနက်သော

အရိပ်အယောင်များ ရှိနေသည်။

အဘိုးကြီးယန်ခန်း က

အနည်းငယ်ကြာသွားပြီးမှ "ဒါက

ဓားပဲလား" ဟုမေးလိုက်လေသည်။

ဘေးနားရှိ အဘိုးအိုယန်ဂု က

ခေါင်းညိတ်လိုက်သည် "ဖြစ်သင့်တယ်"

အဘိုးအိုယန်ခန်း က "သူ့ပိုင်ရှင်က

ဘာလုပ်ချင်နေတာလဲ"

အဘိုးအိုယန်ဂု က ခေါင်းခါလိုက်သည်

“ဒါက အဓိကအချက်မဟုတ်ဘူး။

အဓိကကတော့ သူ့ကို ဘာကြောင့်

ရွေးတာလဲ။ အဲဒီဓားဟာ ပရမတ္ထသစ္စာ၊

ပကတိကရုဏာ၊ ပကတိမာန နဲ့

ပကတိကရုဏာကို ပဲ လိုက်ရှာနေတဲ့

ဓားတစ်လက်ပဲလေ။

သူ့ရဲ့အတိတ်ပိုင်ရှင်တွေအားလုံးက

ကြင်နာပြီး တရားမျှတတဲ့ လူတွေပဲ...၊

ဒါပေမဲ့ အခု ယန်ယဲ့ က... ဒါက အစိပ္ပာယ်မရှိဘူး”

အဘိုးအိုယန်ခန်း က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည် “မမှန်းဆပါနဲ့။ သူ့ကိုမေးရင် ငါတို့သိမှာပါ”ဟုပြောခဲ့သည်။

အဘိုးအိုယန်ဂု က ခေါင်းညိတ်လိုက်သည် “မငမှန်ပါတယ်"

ထိုအချိန်တွင် ဂူရှဲ့ နှင့် ချန်းဟု

တို့နှစ်ယောက်လုံး ယန်ယွဲ့၏

လက်ထဲမှသစ်သားဓားကို

စိုက်ကြည့်နေကြသည်။ ဂူရှဲ့ က "ဒါ

ဘာဓားလဲ"

ချန်းဟု က ခေါင်းခါလိုက်သည်

"ဒီလို၏ားမျိုးက ငါ့တစ်သက်မှာ

တစ်ခါမှ မမြင်ဖူးဘူး"

ဂူရှဲ့ က ခဏကြာငြိမ်နေပြီးမှ "အရမ်း အစွမ်းထက်တယ်"ဟုပြောလိုက်သည်။

ချန်းဟု၏ မျက်နှာက သိသိသာသာမှုန်မှိုင်းလာကာ တဖြည်းဖြည်းနှင့် တိတ်ဆိတ်သွားသည်။

ထိုအချိန်တွင် ယန်ရှမ် တစ်ယောက်က ယန်ယဲ့အား ငုံ့ကြည့်ကာ တိတ်ဆိတ်နေ၏။

တိုက်ပွဲမြေပြင် ။

ယန်ယဲ့က ရပ်တန့်သွားသည်။ သူက မောပန်းလုနီး ဖြစ်နေပါပြီ။ နောက်တစ်ကြိမ်တိုက်ခိုက်နိုက်စွမ်းမရှိတော့ပေ။ သို့မဟုတ်က

သူ၏တစ်ကိုယ်လုံး

အားကုန်သွားသည်ဟု ပြောရပေမည်။

ထို့အပြင် သူ၏စိတ်ဝိညာဉ်နှင့်

မူလဝိညာဉ် နှစ်ခုစလုံးဟာ အလွန်ပင်

ပင်ပန်းနွမ်းနယ်နေသည်ဟု

ခံစားလိုကခရသည်။

ဒီဓားက တော်တော်ထူးခြားတယ်...

ယန်ယှဲ့ လည်း သူ့ကိုယ်သူ
တွေးနေမိသည်။

အမှန်တော့ လက်ရှိတွင် သူ့ခွန်အားက
သစ်သားဓားအား အသုံးပြုရန်
မလုံလောက်မှန်း
ကောင်းကောင်းသိနေ၏။ အကြောင်းမှာ
သစ်သားဓားက ထုတ်လွှတ်နေသော
စွမ်းအားဟာ ၎င်း၏ စစ်မှန်သော
စွမ်းအား မဟုတ်သေးကြောင်း

ခံစားမိလို့ပါ။ သို့သော်

လက်ရှိသူ့ခွန်အားက

မလုံလောက်သောကြောင့်

သစ်သားဓားကို

အပြည့်အဝမသုံးနိုင်ခဲ့ပေ။

ယန်ယဲ့ သည် သူ့အတွေးကို ထိန်းထားပြီး

သစ်သားဓားကို စိုက်ကြည့်နေသည်။

ထိုအချိန်တွင် သစ်သားဓားက ဆတ်ခနဲ

တုန်ခါသွားပြီး

အလင်းတန်းသဖွယ်ပြန်ပြောင်းကာ

သူ့ခန္ဓာကိုယ်ထဲသို့

ဝင်ရောက်သွားလေတော့သည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့်

စကားမပြောနိုင်တော့ပေ။

.

May Be:

၁၉၇၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၇ - အန်နန်ကျင်း
ရောက်လာခြင်း

ထိုအချိန်တွင် အဘိုးအိုယန်လု က
သူ့လက်ဝါးကို
တစ်ချက်ကြည့်လိုက်သည်။

ထိုအခါ သူ၏လက်ဝါးက

အလယ်ကနေကွဲထွက်သွားသည်။

အက်ကွဲဒဏ်ရာဟာ

သူ့လက်ကောက်ဝတ်အထိပင်

ပြန့်နှံ့သွားသည်။ သူက ခဏကြာ

ငြိမ်သက်သွားပြီး ယန်ယွဲ့ကို

မော့ကြည့်လိုက်ရင်း "ဒီဓားက

မင်းလက်ထဲ ရောက်လာလိမ့်မယ်လို့ ငါ

မမျှော်လင့်ထားဘူး"ဟု
ပြောလိုက်လေသည်။

ယန်ယဲ့က မျက်လုံးများ အနည်းငယ်
မှိတ်သွားပြီး "ဒီသစ်သားဓားရဲ့
ဇာစ်မြစ်ကို သိလား"

အဘိုးအိုယန်လု က "မင်းမသိဘူးလား"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။

အဘိုးအိုယန်လု က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါက စိတ်ဝင်စားစရာပဲ"ဟုသာပြန်ပြောသည်။

ယန်ယဲ့ က အံ့သြသွားပြီး "မင်းဘာကိုဆိုလိုတာလဲ"

အဘိုးအိုယန်လု က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး
"မင်းနောင်မှာ သိလာမှာပါ"

ထို့နောက် သူက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး “ငါ့ရဲ့
စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ
ဒီနေ့မှာ မျှမျှတတ ပြုမူတာမျိုးမရှိဘဲ
မှားယွင်းခဲ့တယ်။ ငါတို့အမှားတွေကို
ဝန်ခံပါတယ်။ ဒါပေမဲ့ ငါ့ရဲ့

စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ

အနိုင်ကျင့်ဖို့ လွယ်တယ်လို့

မင်းထင်နေရင် စမ်းကြည့်လိုက်ပါ”

ထို့နောက် ယန်ယွဲ့ ကို လှည့်ကြည့်လိုက်ပြီး

"မင်းလည်း စမ်းကြည့်လို့ရတယ်"

စကားပြောပြီး နေရာမှာပင်

ဖျတ်ခနဲပျောက်သွားခဲ့သည်။

အဘိုးအိုယန်လု
ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက်
လုလီကူး၏ အမူအရာက ရုတ်တရက်
ပြောင်းလဲသွားသည် "အရှူးယန်၊
သတိထားပါ"

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က အဝေးကို
လှည့်ကြည့်လိုက်သည်။ ထိုအခိုက်
သူ့ဆီသို့ လျင်မြန်စွာ ပျံသန်းလာနေသော
အရိပ်တစ်ခုကို သတိထားမိလိုက်သည်။

ထိုအရိပ်က ယန်ရှု ပါ။

အဘိုးအိုယန်လု က ယန်ယွဲ့ကို မသတ်ဘဲ

လွှတ်ပေးလိုက်သောကြောင့် သူတို့သာ

အသက်ရှင်လိုပါက ယန်ယွဲ့အား

သတ်ပစ်ရပေမည်။ ထို့အပြင်

လက်ရှိအချိန်က ယန်ယွဲ့ကို

လုပ်ကြံသတ်ဖြတ်ဖို့ အခွင့်ကောင်းပင်။

အကြောင်းမှုကား ယန်ယွဲ့ဟာ

အားကုန်သလောက်ဖြစ်နေမှန်း

သိသာနေလို့ပါ။  အရူးတစ်ယောက်ပင်

ယန်ယွဲ့၏ လက်ရှိအခြေအနေကို

မြင်နိုင်လေသည်။ တစ်နည်းဆိုရလျှင်

ထာဝရတန်ခိုးရှင် ကို မပြောဘဲ

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူပင်လျှင် ယန်ယွဲ့ကို

အလွယ်လေးသတ်ပစ်နိုင်ပါသည်။

ယန်ယဲ့ လည်း မျက်နှာပျက်သွားသည်။

လက်ရှိတွင် သူက

ဆန်းကြယ်ချီစွမ်းအင်မကျန်တော့ပေ။

ထို့အပြင် သူ၏ရုပ်ခန္ဓာခွန်အားပါ

လုံးလုံးလျားလျား ကုန်ဆုံးသွားသည် ။

သူ၏ လက်ရှိအခြေအနေက ယန်ရှု၏

တိုက်ခိုက်မှုကို တစ်ချက်မျှ မခံနိုင်ပေ။

သို့သော် သူသည် သေခြင်းတရား

ရောက်လာဖို့ကို
စောင့်ဆိုင်းနေတတ်သူမဟုတ်ပါ။

သူ့ကိုယ်သူ ကာကွယ်ရန် အရာအားလုံး
ထုတ်သုံးဖို့ပြင်လိုက်စဉ်
ရွှေရောင်လုံ့တစ်ချောင်းဟာ
ကောင်းကင်အထက်မှ
လျှပ်စီးတန်းအလား
ရုတ်တရက်ကျဆင်းလာပါသည်။

အရှိန်က အလွန်လျင်မြန်ပြီး ယန်ရှူ ထံ တည့်တည့်ထိုးချလိုက်သည်။

အုန်း....

ယန်ရှူ၏ ပုံရိပ်ဟာ ၃ ကီလိုမီတာအကွာသို့ လွင့်ပျံထွက်သွားခဲ့သည်။

ထိုခဏလေးမှာပဲ အားလုံးက ယန်ယဲ့၏

ရှေ့မှ အာကာသပြင်ကို

လှမ်းကြည့်လိုက်သည်။

သိပ်မကြာလိုက်ပေ၊ ထိုနေရာတွင်

အမျိုးသမီးတစ်ယောက် ပေါ်လာခဲ့သည်။

အန်နန်ကျင်း လား....

ယန်ယဲ့ က

အနည်းငယ်တော့အံ့ဩသွားမိသည်။

"သူမက သန်မာတယ်"

ကောင်းကင်အဝေးတစ်နေရာမှ

စောင့်ကြည့်နေရင်း အဘိုးအိုယန်ဂု က

အန်နန်ကျင်းကို ကြည့်ကာ

လေးနက်စွာပြောလိုက်သည်

"သူမရဲ့သာမန်တိုက်ခိုက်မှုလေးတစ်ခုက

ထာဝရတန်ခိုးရှင် ကို ခွေးတစ်ကောင်လို

ရိုက်နှက်ပေးလိုက်သလိုပဲ။

သူမဘယ်သူလဲ"

လူတိုင်း လည်း အဘိုးအိုယန်ဂု

နှင့်အလားတူ မေးခွန်းများရှိနေသည်။

ထိုအချိန်တွင်

လူတိုင်း၏အကြည့်များသည်

အန်နန်ကျင်းအပေါ်သို့

ကျဆင်းသွားခဲ့သည်။

သို့သော်လည်း အန်နန်ကျင်း က

ယန်ယွဲ့ကိုသာ စိုက်ကြည့်ရင်း

"အဆင်ပြေရဲ့လား"ဟုမေးလိုက်သည်။

ယန်ယွဲ့ က အကူအညီမဲ့စွာသာ

ရယ်မောလိုက်ပြီး "မင်းဒီကို

အချိန်မီမရောက်ရင်

ငါအသက်ရှင်နေမှာမဟုတ်ဘူး"ဟုပြန်

ပြောပါသည်။

သူမက ယန်ရှု ဖက်ကို

လှည့်ကြည့်လိုက်ပြီး "နင် သူ့ကို

သေစေချင်တာလား၊

အသက်ရှင်လျက်လိုချင်လား"ဟုပါ

မေးခဲ့သည်။

သူမ၏စကားသံကြောင့် ပတ်ဝန်းကျင်မှ

လူတိုင်း အံ့အားသင့်သွားကြသည်။

"နင်က သူ့ကို သေစေချင်တာလား၊
ဒါမှမဟုတ်
အသက်ရှင်လျက်လိုချင်သလား"

"ဒါ.... သူမက နည်းနည်းတော့
မာနကြီးတယ် မဟုတ်လား"

ယန်ယဲ့ သည်လည်း အနည်းငယ်
ထိတ်လန့်သွားသည်။ သူက အန်နန်ကျင်း
ကို တစ်ချက်ကြည့်လိုက်ပြီး

"အသက်ရှင်လျက်ဖမ်းဆီးချင်တယ်" ဟု ပြန်ဖြေလိုက်သည်။

အန်နန်ကျင်း က အနည်းငယ် ခေါင်းညိတ်ပြပြီး “ဆယ်ကြိမ်ပဲ လှုပ်ရှားလိုက်မယ်”

ဟု ပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်သွားသည်။

အုန်း....

သိပ်မကြာလိုက်ပေ၊ အဝေးမှ

ပေါက်ကွဲသံ ရုတ်ချည်း

ထွက်ပေါ်လာသည်။ ထို့နောက်တွင်တော့

ယန်ရှူဟာ နောက်ထပ် ၃

ကီလိုမီတာအကွာထိ

လွင့်ထွက်သွားပြန်သည်။ အားလုံးက

ထိုမြင်ကွင်းကြောင့် အလွန်အမင်း

ထိတ်လန့်သွားခဲ့ကြသည်။

အန်နန်ကျင်း က ယန်ရှူကို
တစ်ချက်စိုက်ကြည့်ကာ နေရာမှာပင်
ပျောက်သွားပြန်သည်။

ဘုန်း...

ယန်ရှူက နောက်တစ်ကြိမ်
လွင့်ပျံထွက်သွားသည်။
ဤတစ်ကြိမ်တော့ သူဟာ ၆

ကီလိုမီတာအကွာထိပင်

လွင့်ထွက်သွားရသည်။

အဝေးမှ စောင့်ကြည့်နေသော

အဘိုးအိုယန်ဂူ နှင့် အဘိုးအိုယန်ခန်း

တို့နှစ်ယောက်လုံး

အကြည့်ချင်းဖလှယ်ကာ မျက်လုံးထဲ၌

လေးနက်ပြီး ထိတ်လန့်တုန်လှုပ်နေသည့်

အမူအရာတစ်ခုကို တွေ့လိုက်ရသည်။

ထိုအချိန်တွင် အန်နန်ကျင်း က
ညာခြေကိုတစ်ချက်ပုတ်ပြီး
ဖျတ်ခနဲပျောက်သွားပြန်သည်။

အုန်း...

ယန်ရှူက ထပ်ပြီးလွင့်ထွက်သွားသည်။
ဤတစ်ကြိမ်တွင် သူက ၁၀
ကီလိုမီတာအထိတိုင်
လွင့်ပျံသွားခဲ့လေသည်။

သူ့ကိုယ်သူရပ်တန့်သွားသည်နှင့်
တပြိုင်နက် ယန်ရှူ၏ပါးစပ်ထောင့်မှ
သွေးများ စိမ့်ထွက်လာသည်။ သူက
သွေးများကို သုတ်လိုက်ပြီး အန်နန်ကျင်း
ကို မော့ကြည့်ကာ "မင်းက
ဘယ်သူလဲ"ဟု မေးလိုက်သည်။

အန်နန်ကျင်း က စကားမပြောဘဲ
မိုးကောင်းကင်ခွဲလှံ ကို မြှောက်၍
ယန်ရှူကို ညွှန်ပြလိုက်သည်။

ခဏအကြာတွင် သူမ၏ပုံဖျက်ကျောန်ဟာ

လုံနှင့်အတူ စက်ဝိုင်းပုံစံ

လှည့်ပတ်သွားပြီး ယန်ရှူ ဆီသို့

တဟုန်ထိုးပြေးဝင်သွားတော့သည်။

တစ်ချိန်တည်းမှာပဲ စူးရှသော

ရွှေရောင်အလင်းတန်းတစ်ခု

လင်းလက်လာသည်။

ခွပ်....

အရိုးကွဲသံများ ရုတ်ချည်း
ပွဲတင်ထပ်လာသည်နှင့်
လူတိုင်း၏အကြည့်များက ချက်ချင်းပင်
ယန်ရှူဆီသို့ ရွေ့သွားကြသည်။

ထိုအချိန်တွင် ယန်ရှူ၏အမူအရာက
သိသိသာသာပြောင်းသွားကာ
သူ့လက်ဝါးကို

ရှေ့သို့

အလျင်အမြန်ပုတ်လိုက်လေသည်။

ဆူး...

မိုးကောင်းကင်ခွဲလုံ ကယန်ရှူ၏

လက်ဝါးကို ချက်ချင်း

ထိုးဖောက်သွားသည်။ ထို့အပြင်

ပြင်းထန်သောစွမ်းအားလှိုင်းတစ်ခု

ရုတ်ချည်းပေါက်ကွဲလာကာ ယန်ရှူကို ရိုက်ထုတ်ပစ်လိုက်သည်။

အုန်း...

ယန်ရှူ၏ ပုံရိပ်က လွင့်ပျံသွားကာ မြို့ရိုးနံရံနှင့် ရိုက်ချခံလိုက်ရသည်။

သူက တစ်ချက်ပင်ခုခံနိုင်စွမ်းမရှိခဲ့ပေ။

ထိုမြင်ကွင်းကြောင့်

ကြည့်နေသူအားလုံးဟာ

စကားမပြောနိုင်ဘဲ ဖြစ်နေကြသည်။

ယန်ယဲ့ က အန်နန်ကျင်း ကို

စိုက်ကြည့်ရင်း "မင်းက

ဆယ်ခါလောက်ပြောပေမယ့်

လေးချက်ပဲသုံးတယ်"ဟု

ပြောလိုက်သည်။

အန်နန်ကျင်း က ယန်ရှု ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

ယန်ယွဲ့အား ပြန်ကြည့်ကာ "သူ ဒီလောက်

အားနည်းလိမ့်မယ်လို့ ငါ

မမျှော်လင့်ထားပါဘူး"

သူမက ခဏရပ်ပြီး “ငါ့ခွန်အားရဲ့ ၄၀

ရာခိုင်နှုန်းလောက်ပဲ

သုံးခဲ့တာ"ဟုပြောလိုက်သည်။

ယန်ယဲ့ သည် စကားမပြောနိုင်ဘဲ
အံ့အားသင့်သွားမိသည်။

၄၀ ရာခိုင်နှုန်းပဲလား…

သူမ၏ခွန်အား ၄၀ ရာခိုင်နှုန်းက ယန်ရှူ
ကဲ့သို့ အဆင့်မြင့် ထာဝရတန်ခိုးရှင်
တစ်ပါးကို ချိန်နဲ့သွားစေသည်။

အန်နန်ကျင်း ပြောလိုက်သည့်
စကားကြောင့် လူတိုင်း၏
အမူအရာများသည် ဆိုးရွားလှသည်။
အမှန်ပင် အများစုက သိသိသာသာ
တုန်လှုပ်သွားကြသည်။

ယန်ရှူ က သာမန် ထာဝရတန်ခိုးရှင်
မဟုတ်ပါ။ သူသည် မျိုးဆက်ဟောင်းမှ
စစ်မှန်သော ထာဝရတန်ခိုးရှင် ပါ။ သာမန်

ထာဝရတန်ခိုးရှင်များ နှိုင်းယှဉ်နိုင်သည့် ဖြစ်တည်မှုမျိုး မဟုတ်ပေ။

ယန်ယဲ့ သည် သူ၏ပြိုင်ဖက်ကို အလစ်အငိုက်ဖမ်းတိုက်ခိုက်လျှင် သာမန် ထာဝရတန်ခိုးရှင်များကို အလွယ်လေးသတ်ပစ်နိုင်သည်။ သို့သော် ယန်ရှူကို မလုပ်နိုင်ခဲ့ပေ။ ၎င်းသည် ယန်ရှူ နှင့် အခြားသော ထာဝရတန်ခိုးရှင်များ ကြားမှ ခွန်အားကွာဟချက်ပင်။

အမှန်တိုင်းဆိုရလျှင်

ချက်ချင်းသတ်ပစ်လိုက်နိုင်သည်က

ကြောက်စရာမဟုတ်ပါ။

အမှန်ကြောက်စရာကောင်းသည်မှာ

အန်နန်ကျင်း ကဲ့သို့ပင်။ သူမက ယန်ရှူကို

လုံးလုံးလျားလျားဖိနှိပ်ပစ်ခဲ့သည်။

ထို့အပြင် သူမ၏မူလခွန်အား ၄၀

ရာခိုင်နှုန်းသာလျှင် သုံးထားခဲ့လေသည်။

သို့တိုင် ယန်ရှူက တစ်ချက်ပင်
ပြန်ပြီးတိုက်ခိုက်နိုင်ခြင်းမရှိခဲ့ပေ။

ဘယ်လောက်ထိ
ကြောက်စရာကောင်းလိုက်သလဲ...

ဤနေရာမှလူများကို မပြောဘဲ၊
ယန်ယွဲ့ပင် အန်နန်ကျင်းဟာ
အလွန်ကြောက်စရာကောင်းသည်ဟု

ခံစားမိခဲ့သည်။ သူမက တဖြည်းဖြည်း
နှင့် သူ့အတွက် အလှမ်းဝေးလာသလိုပင်။

သို့သော်လည်း အန်နန်ကျင်း ကတော့
ပတ်ဝန်းကျင်မှလာသော အကြည့်များကို
ဂရုမစိုက်ခဲ့ပေ။ သူမက
ယန်ယဲ့၏နံဘေးသို့ လျှောက်သွားပြီး
နောက်ကျောကနေ
ကူမပေးထားလိုက်သည်။

လက်ရှိတွင် ယန်ယဲ့၏ပုံစံက
သိသိသာသာပင်အားနည်းနေပါသည်။
သူမက ထပ်ပြီးမတိုက်ခိုက်တော့ဘဲ
ယန်ယဲ့ကိုအကာအကွယ်ပေးဖို့သာရည်ရွ
ယ်လိုက်သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
တင်ပျဉ်ခွေထိုင်ချလိုက်သည်။ ထို့နောက်

စွမ်းအင်ပုလဲတစ်လုံးထုတ်ယူကာ
ချက်ချင်းမျိုချလိုက်တော့သည်။

ယန်ကလန်ကို သူ ပြန်လာပြီးနောက်တွင်
သူ့အား သတ်ချင်နေသည်မှာ
ယန်ရှူ၏မျိုးနွယ်ခွဲတစ်ခုတည်းမဟုတ်မှ
န်း သတိထားမိခဲ့၏။
အခြားသောအဖွဲ့ဝင်များအားလုံးပါ သူ့ကို
သေစေချင်နေကြသည်။

တစ်နည်းဆိုရသော်
ယန်ကလန်တစ်ခုလုံးနီးပါးပင်။

ယန်ယဲ့ သည် နောက်ထပ်
စွမ်းအင်ပုလဲတစ်လုံး
ထပ်ပြီးထုတ်ယူကာ
မျိုချလိုက်ပြန်သည်။ နောက် ၁
နာရီကြာပြီးနောက်တွင်
သူ၏ဆန်းကြယ်ချီစွမ်းအင်ဟာ
နဂိုအတိုင်း ပြန်ပြည့်သွားပါတော့သည်။

ထို့အပြင် သူ၏ ရုပ်ခန္ဓာခွန်အားပါ

အပြည့်အဝပြန်ကောင်းလာပါသည်။

အဓိကကတော့

မူလခရမ်းရောင်စွမ်းအင်၏

ပြန်လည်ကုသခြင်းစွမ်းရည်ပါ။ ၎င်းက

အလွန်ကြောက်စရာကောင်းလှသည်။

သူ၏ခန္ဓာကိုယ်ဟာ မူလအခြေအနေကို

ပြန်ရောက်သွားသည့်အပြင်

ပြတ်တောက်သွားသော

ညာဖက်လက်ပါအကောင်းတိုင်းပြန်ဖြစ်လာသည်။

ယန်ယဲ့က  မတ်တပ်ထရပ်ပြီး မြို့ရိုးဆီသို့ လျှောက်သွားလိုက်သည်။ ထိုနေရာတွင် ယန်ရှူ နှင့် ယန်ယန် တို့ရှိနေခဲ့သည်။ နှစ်ယောက်စလုံး မြို့နံရိုအထက်၌ ချိတ်ဆွဲထားခံရသည်။

ယန်ယဲ့ ဘာလုပ်မှာလဲ...

မရေမတွက်နိုင်သော လူများက ယန်ယဲ့

ဘာဆက်လုပ်မည်ကို

စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။

ယန်ယဲ့၏ အကြည့်များက

ယန်ယန်ပေါ်သို့ ကျဆင်းသွားသည်။

ဒီအချိန်မှာ ယန်ယန်ဟာ

မောက်မာထောင်လွှားသည့်အမူအရာမရှိ

တော့ပေ။ ထိုအစား သူ့မျက်နှာက

ကြောက်ရွံ့ထိတ်လန့်မှုအပြည့်နှင့်ပါ။

လက်ရှိတွင် သူ၏ခန္ဓာကိုယ်က

ပျက်စီးသွားပြီး မူလဝိညာဉ်သာ

ကျန်ရှိတော့သည် ။ အကယ်၍ ယန်ယဲ့

သာ သက်ညှာပေးခြင်းမရှိလျှင်

သူ့အနေဖြင့်

လူပြန်ဝင်စားဖို့အခွင့်အရေးပင်ရှိမှာမဟု

တ်ပေ။ ထို့အပြင် သူဟာ

လူဝင်စားခြင်းသံသရာထဲကို
မဝင်ရောက်လိုပါ။ သို့မဟုတ်
အမှန်တိုင်းပြောရလျှင်
မသေချင်သေးပေ။

သို့သော် သူ၏နှလုံးသားက
မာကျောမှုအပြည့်နှင့်
သက်ညှာပေးဖို့မတောင်းဆိုခဲ့ပေ။

ယန်ယဲ့ သည် စကားမပြောဘဲ

သူ၏လက်ဝါးကို မြှောက်ကာ

ယန်ရှု၏မူလဝိညာဉ်ဆီသို့

ဖိချလိုက်သည်။

ဘမ်း...

May Be:

၁၉၇၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၈ - နတ်ဗိုလ်ချုပ်လျှန်

ဘုန်း...

ယန်ရှု၏ ခန္ဓာကိုယ်က

ချက်ချင်းကွဲထွက်သွားသော်လည်း

မူလဝိညာဉ်ကျန်နေသေးသည်။

လက်ရှိအချိန်တွင် နှစ်ယောက်စလုံး

မူလဝိညာဉ်များသာ ကျန်ပါတော့သည်။

ယန်ရှူ က ယန်ယဲ့ကို စိုက်ကြည့်ပြီး

"ယန်ယဲ့၊ မင်း ဘာလိုချင်လို့လဲ"

"ဘာလိုချင်လို့လဲ ဟုတ်လား" ယန်ယဲ့က အေးစက်စက် ပြုံးလိုက်ပြီး "ဘာလို့ တွေးမကြည့်ရတာလဲ"

ယန်ရှူ က "ယန်ယဲ့၊ ငါတို့ရှုံးနိမ့်တာကို ဝန်ခံပါတယ်..."

"ရှိုးတာ ဝန်ခံသလား" ယန်ယွဲ့ က ရယ်မောလိုက်ပြီး "မင်းမှာ ရွေးချယ်ခွင့်ရှိတယ်ထင်လား"

ယန်ရှု က ယန်ယွဲ့ ကို စိုက်ကြည့်နေသည် "မင်းတကယ်ပဲ လက်စားချေဖို့အဆုံးထိသွားချင်နေတာ လား"

"ဒါက ငါလိုချင်တာ အတိအကျပဲ"

ယန်ယဲ့၏မျက်နှာက

ရက်စက်ကြမ်းကြုတ်နေ၏။

သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

အစောပိုင်းက သိမ်းယူထားသော

ဝိညာဉ်ဓားများဟာ

ယန်ရှူဆီကိုပျံသန်းသွားတော့သည်။

ဇွပ်....

ယန်ရှု၏ မူလဝိညာဉ်က

သိသိသာသာပင်တုန်လှုပ်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့က

ယန်ယန်ကိုင်ခဲ့သော ကြာပွတ်ကို

ကောက်ကိုင်လိုက်သည်။

တစ်ဆက်တည်း ကြာပွတ်ကိုမြှောက်ကာ

ယန်ယန်၏

မူလဝိညာဉ်ပေါ်ရိုက်ချလိုက်တော့သည်။

"အား..."

ယန်ယန်၏စိတ်ဝိညာဉ်အခြေအနေဟာ ယန်ယွဲ့လောက်မသန်မာပေ။ သူက ချက်ချင်းပင် အော်ဟစ်လေသည်။

သို့သော် ယန်ယွဲ့က မရပ်တန့်ပေ။ ကြာပွတ်ကို အကြိမ်ကြိမ်မြှောက်ကာ တရကြမ်းရိုက်ချနေလေသည်။ ပြင်းထန်သော အော်ဟစ်သံနဲ့အတူ

ကြာပွတ်ရိုက်သံများ အဆက်မပြတ်

ထွက်ပေါ်လာသည်။

ကြောက်စရာကောင်းလိုက်တာ ။

ရက်စက်လိုက်တဲ့လူ...

အဆက်မပြတ်အော်ဟစ်သံများ နှင့်အတူ

ယန်ရှူ နှင့် ယန်ယန်

တို့၏မူလဝိညာဉ်များဟာ တဖြည်းဖြည်း ကြည်လင်လာပါသည်။

ဤအခိုက်အတန့်တွင် ယန်ယဲ့ သည် ထိုမြေးအဖိုးနှစ်ယောက်အား သတ်ပစ်ရန် ကြံရွယ်ထားကြောင်း လူတိုင်းသဘောပေါက်သွားကြသည်။

ယန်ရှူ က ကောင်းကင်ကို မျှော်ကြည့်ကာ ရုတ်တရက်ဆိုသလို

ဒေါသတကြီးအော်ဟစ်လိုက်သည်

"ငါ့မိသားစုခွဲက နှစ်တွေကြာအောင်

ကလန်ရဲ့အကျိုးကို

မကျေပွန်ခဲ့ရင်တောင် ငါတို့ဟာ

ကြိုးကြိုးစားစား လုပ်နေတုန်းပဲ။

ကလန်က တကယ်ပဲ ငါတို့ကို ကယ်တင်ဖို့

ငြင်းဆန်တဲ့ အထိ ရက်စက်တဲ့

မျိုးနွယ်စုလား”

သို့သော် ကောင်းကင်အထက်မှ

အခြေအနေထူးမလာပေ။

ယန်ယဲ့ က မရပ်ဘဲ ကြာပွတ်ကို

မြှောက်၍

ဆက်ပြီးရိုက်နှက်နေလေသည်။

ယန်ရှူက ရုတ်တရက် ဝမ်းနည်းစွာ

ပြုံးလိုက်ပြီး ပတ်ဝန်းကျင်ကို

ကြည့်လိုက်ကာ "ဒါကို တွေ့လား။ အဲဒါကို

မင်းမြင်လား။ မျိုးနွယ်စုက ငါတို့ကို

ဒီလိုဆက်ဆံတယ်။ မင်းဟာ

တစ်စုံတစ်ယောက်ထက် အားနည်းနေရင်

ဒါမှမဟုတ် သိပ်ပြီးအသုံးမလိုတော့ရင်

အချိန်မရွေး စွန့်ပစ်ခံရနိုင်တယ်။

မျိုးနွယ်စုအတွက် မင်း

ဘယ်လောက်ပဲလုပ်လုပ် ဒါဟာ

ယန်ကလန် ပါ။ ဒါ ငါတို့ယန်ကလန် ပဲ”

ပတ်ဝန်းကျင်က

တိတ်ဆိတ်မှုသာကြီးစိုးနေခဲ့လေသည်။

ထိုအချိန်တွင် ယန်ယဲ့ နှင့်

သိပ်မဝေးလှသောနေရာမှ

ထည်ဝါသောဝတ်ရုံနှင့်အဘိုးအိုတစ်ဦး

ရုတ်တရက် ပေါ်လာသည်။ အဘိုးအို ကို

သတိထားမိသည်နှင့် အန်နန်ကျင်း က

ယန်ယဲ့၏အနားသို့

ချက်ချင်းတိုးကပ်လာသည်။

သူမ၏မျက်လုံးထဲ၌ လေးနက်သော အရိပ်အယောင်များ ရှိနေလေသည်။ သို့သော်လည်း လုံးဝကြောက်ရွံ့ခြင်း မရှိပေ။

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ။

ယန်ယဲ့ သည် ထိုအဘိုးအိုအား ဂရုမစိုက်ဘဲကြာပွတ်ကိုမြှောက်ကာ ဆက်ရိုက်နေလေသည်။

ထိုအတောအတွင်း ယန်ရှု က

အဘိုးအိုကိုမြင်သောအခါ

စိတ်လှုပ်ရှားလာပြီး "ဗိုလ်ချုပ်လျန်၊

ငါမင်းနောက်ကို နှစ်ရာကျော်ကြာအောင်

လိုက်ခဲ့တယ်ဆိုတဲ့အချက်ကို

မျက်နှာသာပေးပါ။ ကျေးဇူးပြုပြီး

ငါ့မြေးကို ကယ်ပါဦး"ဟုရှု၍

ကမန်းကတန်း အော်ပြောလိုက်သည်။

အဘိုးအိုက နတ်ဗိုလ်ချုပ် ၇ ဦးအနက်မှ တစ်ဦးဖြစ်သည်။ သူ၏နာမည်က ဗိုလ်ချုပ်လျှန် ဟု လူသိများခဲ့သည်။ ထို့အပြင် နတ်ဗိုလ်ချုပ် ၇ ဦးကြားထဲမှာ အဆင့် ၃ နေရာ ရပ်တည်နေခဲ့သည်။

အဘိုးအိုယန်လျှန်း က ယန်ရှု ကို စိုက်ကြည့်ရင်း ခေါင်းခါလိုက်ပြီး "မင်းဟာ ကိုယ့်ရန်သူရဲ့ စွမ်းအားကို အပြည့်အဝ နားလည်အောင်မလုပ်ဘဲနဲ့

ဒေါသတကြီး ဘယ်တော့မှ မလုပ်ဖို့

ငါပြောခဲ့တယ်။ ဘာကြောင့်လဲဆိုတော့

ရန်သူရဲ့အင်အားက

မင်းရဲ့မျှော်လင့်ချက်တွေထက်

ကျော်လွန်သွားနိုင်လို့ပဲ”ဟုပြောလိုက်သ

ည်။

ယန်ရှူ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

"ဒါကိုပြောဖို့ နောက်ကျသွားပြီ"

အဘိုးအိုယန်လျန်း

ပြောသည့်အတိုင်းပါပဲ။သူသည်

ယန်ယဲ့ကို အထင်မကြီးဘဲ လုံးဝ

လျှော့တွက်ထားခဲ့သည်။

သူ့အမြင်အရတော့ ယန်ယဲ့ဟာ မည်မျှပင်

ထူးခြားနေသည့်တိုင်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူဟူ၍သာ

သဘောထားခဲ့သည်။ သို့သော် သူသည်

စီနီယာမျိုးဆက်ဖြစ်သည့်အပြင်

စစ်မှန်သော ထာဝရတန်ခိုးရှင် နစ်ပါးပါ။

သူ၏လက်အောက်၌လည်း

ထာဝရတန်ခိုးရှင် ၁၀ ပါး ရှိနေခဲ့သည်။

ထို့ကြောင့် သူ့အတွက်တော့ ယန်ယဲ့သာ

အပြင်ထွက်လာသရွေ့ ခြွင်းချက်မရှိ

အသတ်ခံရပေမည်။

သို့သော် လက်တွေ့အဖြစ်အပျက်က

သူ၏အမြင်မှားသွားခဲ့လေပြီ။

တစ်ဆက်တည်း အမှားတစ်ခုဟာ
မမျှော်မှန်းနိုင်သော ဆုံးရှုံးမှုနှင့်
ရင်ဆိုင်လိုက်ရတော့သည်။

အဘိုးအိုယန်လျန်း က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး ယန်ယွဲ့ ကို
စိုက်ကြည့်ကာ "သူတို့ကို လွှတ်နိုင်မလား"

ယန်ယဲ့ က ရပ်လိုက်ပြီး

အဘိုးအိုယန်လျန်းကို လှည့်ကြည့်ကာ

"မဟုတ်ဘူး" ဟုပြောသည်။

ယန်လျန်းက အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး "မင်းဟာ

ထူးထူးခြားခြား ပါရမီရှင်ဆိုတော့

ငါလည်း မင်းနဲ့ ရန်သူ မဖြစ်စေချင်ဘူး။

ဒါပေမဲ့ ယန်ရှူက

ငါ့လက်အောက်ငယ်သားဆိုဖြစ်နေတော့

ဘာမှမလုပ်ဘဲ စောင့်ကြည့်နေလို့မရဘူး။

ဒါပေမဲ့ ငါတစ်ခုခုလုပ်ရင် မင်းကိုသတ်ဖို့

ဘယ်သူမှတားမယ်မထင်ဘူး"

စကားပြောနေရင်းဖြင့်

ကောင်းကင်အထက်ကို

မော့ကြည့်လိုက်သည်။

သူက အဖြစ်အပျက်ကို အစမှအဆုံး

စောင့်ကြည့်နေသည့် အဘိုးအိုယန်ဂု နှင့်

အဘိုးအိုယန်ခန်း အား

မကြားကြားအောင်ရည်ရွယ်ပြောလိုက်ခြ

င်းပါ။

ကောင်းကင်က

အနည်းငယ်တုန်ခါသွားပြီးနောက်

အဘိုးကြီးယန်ဂု နှင့် ယန်ခန်း တို့နှစ်ဦး

ပေါ်လာကြသည်။

အဘိုးအိုယန်ဂု က ယန်လျန်းကို

တစ်ချက်ကြည့်လိုက်ပြီး

"မင်းကိုယ်တိုင်လာဖို့

ငါမမျှော်လင့်ထားဘူး"

ယန်လျန်းက

"ငါ့ရဲ့လက်အောက်ငယ်သားက

ငါမရှိရင်သေလိမ့်မယ်"

အဘိုးအိုယန်ဂု က ယန်ရှူ နှင့် ယန်ယန်ကို

တစ်ချက်ကြည့်လိုက်ပြီး "ဒါကို
သူတို့ကိုယ်တိုင်
ယူလာခဲ့တာပဲ"ဟုပြောပါသည်။

ယန်ယွဲ့ က သာ
ပြဿနာကိုဖန်တီးသူဖြစ်နေလျှင်
စည်းကမ်းထိန်းသိမ်းရေးခန်းမဟာ
နောက်ပြန်ဆုတ်သွားမည်မဟုတ်ပေ။
ကံမကောင်းစွာပဲ၊ အရင်ဦးဆုံး
တိုက်ခိုက်ခဲ့သူဟာ

ယန်ရှူတို့မြေးအဖိုးနှစ်ယောက်သာ။

နှစ်ယောက်သား ယန်ယွဲ့၏အင်အားကို

လျှော့တွက်ထားပြီး

ထောင်ချောက်ဆင်သတ်ဖြတ်ဖို့ပင်

ကြံစည်ခဲ့သည်မဟုတ်ပါလား။

တစ်နည်းဆိုရသော် ကိုယ့်သေတွင်းကို

တူးလိုက်တာပါ။

အဘိုးအိုယန်လျန်း က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး “ငါသိပါတယ်။
ဒါပေမဲ့ သူတို့သေတာကို
ငါကြည့်ရုံနဲ့မရဘူးဆိုတာ
မင်းသိမှာသေချာတယ်။ ဒါဆိုရင်..."

အဘိုးအိုယန်ဂူ က
ခဏတိတ်ဆိတ်သွားပြီး ယန်ယဲ့ ကို
စိုက်ကြည့်ရင်း "ကလေး၊ ဒီမှာ
ရပ်လိုက်ပါတော့"

ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး
"မဟုတ်ဘူး"ဟု အေးစက်စက်
ပြန်ပြောလိုက်၏ ။

ထိုစကားပြောပြီးနောက် ပတ်ဝန်းကျင်
လေထုသည် ချက်ချင်းပင်
တင်းမာလာသည်။

အဘိုးအိုယန်ဂု က အနည်းငယ်ကြာတိတ်ဆိတ်နေပြီးမှ "အဆုံးသတ်ဖို့အချိန်တန်ပြီ" ဟု ထပ်ပြောလိုက်ပါသည်။

ယန်ယဲ့က ကြာပွတ်ကို ပြန်ချကာ အဘိုးအိုယန်ဂု ကို စိုက်ကြည့်ရင်း "ငါ့မိတ်ဆွေကို ညှဉ်းပန်းနှိပ်စက်နေတဲ့အချိန်မှာ ဘယ်သူကမှ ရှေ့ထွက်မလာဘူး၊

ဘယ်သူက ယန်ရှူ နဲ့ ယန်ယန် ကို

မတားကြတာပါလိမ့်။ အခု

ငါ့အလှည့်ကျမှ

ဘာလို့ထွက်လာကြတာတုန်း။

ဘာကြောင့်များပါလဲ...."

အဘိုးအိုယန်ဂု က

အချိန်အတော်ကြာအောင်

နှုတ်ဆိတ်နေခဲ့ပြီး "ရပ်ခိုင်းလိုက်တာဟာ

မင်းရဲ့အကျိုးအတွက်ပဲ။

နားလည်လား"ဟု ထပ်ပြောပါသည်။

ယန်ယွဲ့က အဘိုးအိုယန်ဂု ကို

စိုက်ကြည့်ရင်း "အကြီးအကဲတို့

နှစ်ယောက်လုံး

အကြီးအကဲကောင်စီကလား"

အဘိုးအိုယန်ဂု က

ခေါင်းညိတ်လိုက်သည်။

ထိုအတောအတွင်း ယန်ယဲ့ က “ဒါဆို
မင်းတို့လည်း
စည်းကမ်းထိန်းသိမ်းရေးခန်းမလို
နေလိုက်။ ဘာမှဝင်မစွက်ပါနဲ့၊
အဆင်ပြေလား"

အဘိုးအိုယန်ဂု က မျက်လုံးများ
အနည်းငယ်မှိတ်ထားလိုက်ရင်း
"မင်းဘာလုပ်ချင်သလဲ"ဟုမေးပါသည်။

ယန်ယဲ့ က နံရံထက်

တွဲလောင်းဆွဲထားသော

ယန်ရှုတို့မြေးအဖိုးနှစ်ယောက်ကို

လှည့်ကြည့်လိုက်ပြီး "ငါ သူတို့ကို

သတ်ချင်တယ်။ ငါ့ကိုတားတဲ့သူက

ငါ့ရန်သူပဲ။ အဲဒီလူကို

အခုမသတ်နိုင်ရင်တောင်မှ နောင်မှာ

သေချာပေါက်သတ်ပစ်မယ်လို့

အာမခံတယ်။

ငါသေချာပေါက်အဆုံးထိလိုက်မယ်"ဟု

ပြောလိုက်ပါသည်။

တစ်ချိန်တည်းမှာပဲ အဘိုးအိုယန်ဂု က

ရုတ်တရက်မေးပါသည်

"မင်းကိုရပ်တန့်ဖို့ ငါတို့တောင်းဆိုရင်

ဘာဖြစ်မလဲ"

ယန်ယွဲ့ က တဟားဟား

ရယ်မောလိုက်သည်။ ထို့နောက်

သူ့နံဘေးမှ အန်နန်ကျင်းကို

စိုက်ကြည့်ရင်း "ကျင်းအာ၊

သွားကြရအောင်"

စကားပြောနေရင်း ကြာပွတ်ကို

မြေပြင်ပေါ်သို့ ပစ်ချလိုက်ပြီး

နောက်လှည့်ကာ အန်နန်ကျင်း နှင့်အတူ

ထွက်သွားခဲ့သည်။

အဘိုးအိုယန်ဂု နှင့် ယန်ခန်း

တို့နှစ်ယောက်လုံး

အကြည့်ချင်းဖလှယ်လိုက်သည်။

အဘိုးအိုယန်ဂု က

သက်ပြင်းတစ်ချက်ချကာ

ယန်ယွဲ့၏နောက်ကျောကို

လှမ်းကြည့်ရင်း "ကောင်းပြီ။

မင်းအနိုင်ရပါတယ်၊ ငါတို့ စွက်ဖက်မှာ

မဟုတ်ဘူး"

အကြီးအကဲကောင်စီက

အလျှော့ပေးလိုက်တာလား ...

သူတို့က နောက်ပြန်ဆုတ်လိုက်တယ်...

သို့သော် လူတိုင်း အကြီးအကဲကောင်စီ၏

တုံးဖြတ်ချက်အား

ကောင်းကောင်းနားလည်ကြသည်။

အကယ်၍ သူတို့သာ ဝင်ပါလာပါက

ယန်ယွဲ့(ဆယ်ယောက်မြော

က်သခင်ငယ်)ဟာ

ယန်ကလန်မှထွက်သွားပေလိမ့်မည်။

ထို့အပြင်

ဆယ်ယောက်မြောက်သခင်ငယ်၏

အကျင့်စရိုက်အရဆိုလျှင်

အကြီးအကဲကောင်စီဟာ

အနာဂတ်ကပ်ဘေးနှင့်

ရင်ဆိုင်ရမည်မှာသေချာပါသည်။

အခြားအရာကို အသာထားဦး၊

ဆယ်ယောက်မြောက်သခင်ငယ်

ယန်ယဲ့သာ ထာဝရတန်ခိုးရှင်အဆင့် ကို

ရောက်ရှိသွားသည်နှင့်

အကြီးအကဲကောင်စီတစ်ခုလုံးတားဆီးနို

င်မှာမဟုတ်ပေ။

ရိုးရိုးရှင်းရှင်းပြောရလျှင်

အကြီးအကဲကောင်စီဟာ မလိုအပ်ဘဲ

ရန်ငြိုးဖွဲ့မခံလိုပါ။

ယန်ယဲ့ က ရပ်တန့်လိုက်ပြီး

အဘိုးအိုယန်ဂုကို

လှည့်ကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပဲ အဘိုးအိုယန်ဂု က

ထပ်ပြောလိုက်သည် "မင်းဒါကို

မင်းကိုယ်တိုင်ဖြေရှင်းချင်တာကြောင့်

လုပ်လိုက်ပါ။ ဒါပေမယ်လို့

အကျိုးဆက်ကိုတော့

မင်းကိုယ်တိုင်ခံနိုင်ရည်ရှိရမယ်"

ထို့နောက် သူက အဘိုးအိုယန်လျန်းကို

စိုက်ကြည့်ပြီး "မင်းလည်း အတူတူပဲ"ဟု

ပြောလိုက်သည်။

ထိုစကားပြောပြီးသည်နှင့် အဘိုးအိုယန်ဂု

နှင့် ယန်ခန်း တို့နှစ်ယောက်လုံး

ပျောက်ကွယ်သွားသည် ။

အဘိုးအိုယန်လျန်း က အနည်းငယ်

ခေါင်းညိတ်လိုက်ပြီး ယန်ယဲ့ကို

စိုက်ကြည့်လိုက်သည်။ သူက

စကားမပြောသေးဘဲ

ရွှေရောင်တုတ်ချောင်းတစ်ချောင်းကို

ထုတ်ယူကာ ချိုးပစ်လိုက်သည်။

ထိုခဏမှာပဲ ရွှေရောင်အလင်းတန်းတစ်ခု

လင်းလက်သွားပြီး လေထဲသို့

လွင့်ပျံလာသည်။  ထိုအချိန်တွင်

ငြိမ်သက်ခြင်းမြို့တော်မှ

ရွှေရောင်အလင်းတန်း ၁၀ ခု

ထွက်လာပြီးနောက် ယန်လျန်း၏

နောက်ကွယ်မှ

လှုံကိုင်ရွှေရောင်ချပ်ဝတ်တပ်သား ၁၀

ယောက် ပေါ်လာသည်။

အားလုံးက ထာဝရတန်ခိုးရှင် များပါ။

ရွှေရောင်ချပ်ဝတ်တပ်သား ၁၀

ယောက်ဟာ

ယန်လျန်းကို

အနည်းငယ်ဦးညွတ်လိုက်ပြီး

တညီတညွတ်တည်းပြောလိုက်ကြသည်

“ဗိုလ်ချုပ်လျန်း၊ ရွှေလှံတပ်ဖွဲ့က

ဗိုလ်ချုပ်ရဲ့အမိန့်ကို

အသင့်စောင့်နေပါတယ်"

ထိုအချိန်မှာပဲ မြို့ရိုးအထက်မှ

လေးများလွယ်ထားသည့် အစိမ်းရောင်

သံချပ်ကာတပ်သား ၁၀ ယောက်
ပေါ်လာသည်။

ထိုတပ်သားအားလုံးကလည်း
ထာဝရတန်ခိုးရှင်များပါ။

အားလုံးက အဘိုးအိုယန်လျန်း ကို
ဦးညွှတ်ပြီး
တညီတညွှတ်တည်းပြောလိုက်ကြသည်
“ဗိုလ်ချုပ်လျန်း၊

အစိမ်းရောင်ချပ်ဝတ်တပ်ဖွဲ့က အမိန့်ကို အသင့်စောင့်နေပါကြောင်း”

ခွပ်...ခလွက်....ခွပ်

ထိုအချိန်တွင် မြင်းခွာသံများ ရုတ်ချည်း ပဲ့တင်ထပ်လာသည်။ ထို့နောက်တွင် မြင်းနှင့်တူသော နတ်ဆိုးသားရဲများ ကိုယ်စီစီးနင်းထားသည့် အနက်ရောင်ချပ်ဝတ်တန်ဆာ

ဝတ်ဆင်ထားသော လူသုံးဦး မြို့ပြင်မှ ရောက်ရှိလာသည်။ ခဏအကြာမှာပဲ အဘိုးအိုယန်လျန်း၏ နောက်မှာရပ်နေလိုက်ကြသည်။

သုံးယောက်လုံးက အဘိုးအိုယန်လျန်း ကို ဦးညွှတ်ပြီး “ဗိုလ်ချုပ်၊ တောင်ဖျက်ဆီးသူတပ်ဖွဲ့က အမိန့်ကို အကောင်အထည်ဖော်ဖို့ အဆင်သင့်ဖြစ်နေပါပြီ"

စစ်သည်တော် ၂၃ ယောက် ။

နတ်စစ်သူကြီး(ဗိုလ်ချုပ်) ၇ ဦးအနက်

ထိပ်ဆုံး သုံးဦးက နတ်စစ်သည်တော် ၇၂

ယောက်ကို အသုံးပြုခွင့်ရှိသော်လည်း

တစ်ကြိမ်သာ သုံးနိုင်၏။ ထို့အပြင်

ဆင့်ခေါ်နိုင်သော

တပ်သားအရေအတွက်က

နတ်စစ်သည်တော် ၇၂ ယောက်၏
သုံးပုံတစ်ပုံသာ။

အဘိုးအိုယန်လျန်း က ယန်ယဲ့ ကို
စိုက်ကြည့်ပြီး "မင်း
မတိုက်ခိုက်ချင်ဘူးလား"ဟုပြောလိုက်သ
ည်။

ယန်ယဲ့ က အန်နန်ကျင်း ကို
လှည့်ကြည့်လိုက်ပြီး

"မင်းကြောက်နေသလား"ဟုမေးလိုက်သည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက် အန်နန်ကျင်း က သူမ၏ ညာဖက်လက်ကို အသာလျှပ်လိုက်သည်။

ဝှစ်....

မြို့ရိုးအထက်၌

စိုက်ဝင်နေသောမိုးကောင်းကင်ခွဲလှံ့က

ပျံထွက်လာပြီး သူမ၏လက်ထဲကို

ပြန်ရောက်လာပါသည်။

ထို့နောက် သူမ၏ညာဖက်လက်ဖြင့်

မိုးကောင်းကင်ခွဲလှံ့ ကို ဆုပ်ကိုင်ထားပြီး

ဘယ်ဖက်လက်ကို

နောက်ပစ်ထားလိုက်သည်။ သူမက

အဘိုးအိုယန်လျန်း နှင့် နောက်ကွယ်မှ

အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက်
ယန်ယဲ့ ကို စိုက်ကြည့်ကာ "နင် သူတို့ကို
သေစေချင်လား ဒါမှမဟုတ်
အသက်ရှင်စေချင်လား" ဟု
မေးလိုက်ရုံသာ။

May Be:

၁၉၇၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၇၉- အံ့အားသင့်တုန်လှုပ်

အသက်ရှင်လျက်လား ဒါမှမဟုတ်

သေလုမျောပါလား

ဤနေရာမှလူများအားလုံး

အန်နန်ကျင်းကြောင့်

အံ့သြသွားပြန်သည်။

သောက်ကျိုးနည်း...

ဒါတွေဟာ ထာဝရတန်ခိုးရှင် ၂၃ ပါးလေ...

ထာဝရတန်ခိုးရှင် ၂၃ ပါးဟူသော အရေအတွက်ဟာ သာမန်မဟုတ်ပေ။ ထို့အပြင် အားလုံးက သာမန် ထာဝရတန်ခိုးရှင်များ မဟုတ်ကြပါ။

ယန်ကလန်၏ နတ်စစ်သည်တော် ၇၂ ယောက်ထဲမှ ရွေးချယ်ထားသူများပင်။

၎င်းတို့ထဲမှ တစ်ယောက်မျှပင် ပြင်ပအကူအညီယူပြီး ထာဝရအဆင့်ကိုတက်လှမ်းလာသူများရှိပေ။ တစ်နည်းပြောရလျှင် တစ်ယောက်ချင်းစီက ယန်ရှူ ထက်တောင်မှ အားမနည်းဟုပြောရပါမည်။

ထို့အပြင် လက်ရှိကတော့

နတ်စစ်သည်တော် ၂၃ ပါးသာမကဘဲ

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

ပင်ရှိနေလေသည်။

မူလနတ်ဘုရားတစ်ပိုင်းအဆင့် နှင့်

ထာဝရတန်ခိုးရှင် ၂၃ ပါး ။ ထိုအစုအဖွဲ့က

ကမ္ဘာပေါင်းထောင်ချီကို

သိမ်းယူလို့ပင်ရလေသည်။

မဟာကမ္ဘာများကို အသာထား၊

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူကိုပါ

ဝိုင်းရံသတ်ဖြတ်နိုင်၏။

သို့သော် လက်ရှိတွင်

ပြန်လည်မွေးဖွားခြင်းအဆင့် သာရှိသော

မိန်းမငယ်လေးတစ်ယောက်က

ထိုအစုအဖွဲ့ကို စိန်ခေါ်နေသည်။

လုလီကူး က မိုးကောင်းကင်ခွဲလို့ ကို

ကိုင်ထားသော အနန်နန်ကျင်း အား

တစ်ချက်ကြည့်လိုက်ပြီး မျက်ခွံများ

လှုပ်ယမ်းသွားသည်။

ထိုအမျိုးသမီးငယ်က

ကောင်းကင်ဘုံကိုပင်

ဆန့်ကျင်နေမည်မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင် သူ့စိတ်ထဲ၌

အတော်လေးကို

စိတ်ပျက်အားငယ်နေ၏။

နောက်ဆုံးတွင် ထာဝရတန်ခိုးရှင် ၂၃ ပါး၊

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

ဟူသောအုပ်စုဟာ မည်သူမဆို

စိတ်ပျက်အားငယ်စေပေမည်။

ယန်ယဲ့ က အန်နန်ကျင်း ကို
အချိန်အတော်ကြာ စိုက်ကြည့်ကာ
“အကုန်လုံးကို အသေလိုချင်တယ်”
ဟုပြန်ပြောခဲ့သည်။

အန်နန်ကျင်း က အနည်းငယ်
ခေါင်းညိတ်လိုက်ပြီး အဘိုးအိုယန်လျန်း
ကို စိုက်ကြည့်လိုက်သည်။ ထို့နောက်
နေရာမှာပင် ဖျတ်ခနဲပျောက်သွား၏။
နောက်အခိုက်တွင် အန်နန်ကျင်း က

အဘိုးအိုယန်လျန်းရှေ့မှာပေါ်လာပြီး မိုးကောင်းကင်ခွဲလှံ ဖြင့် ဆတ်ခနဲ ထိုးသွင်းလိုက်တော့သည်။

မိုးကောင်းကင်ခွဲလှံ က ရွှေရောင်တလက်လက်တောက်ပလျက် နတ်ဘုရားလှျပ်စီးကြောင်းတစ်ခုကဲ့သို့ပ င်။

အဘိုးအိုယန်လျန်း၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူ့ညာလက်သီးကို ဆုပ်ထားပြီး ရှေ့ကို လှမ်းထိုးလိုက်သည် ။

ဘုန်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက် နှစ်ယောက်စလုံး နောက်သို့ ပြန်ဆုတ်လိုက်ရလေသည်။ အန်နန်ကျင်း

က ချက်ချင်းရပ်တန့်သွားသော်လည်း
အဘိုးအိုယန်လျန်းဟာ မီတာ ၁၅၀ နီးပါး
နောက်ပြန်ဆုတ်သွားရလေသည်။

တုန်လှုပ်ခြောက်ခြားသော....

လူတိုင်း တုန်လှုပ်သွားကြသည်။

သူတို့၏အကြည့်များက အန်နန်ကျင်း
ပေါ်သို့ ကျဆင်းသွားခဲ့သည်။

ထိုအမျိုးသမီးငယ်ဟာ

ထိုမျှကြောက်စရာကောင်းနေသည်လား။

အဘိုးအိုယန်လျန်းက

နတ်ဗိုလ်ချုပ်တစ်ပါး ဖြစ်နေသည့်အပြင်

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ပါ။

သို့သော်၊ ပထမဆုံးအကြိမ်

ရင်ဆိုင်လိုက်သည်နှင့် အန်နန်ကျင်း၏

တိုက်ခိုက်မှုကြောင့်

ဖိနှိပ်ခံလိုက်ရလေသည်။

တစ်ချိန်တည်းတွင် အဘိုးအိုယန်လျန်း၏

မျက်နှာက မည်းမှောင်လာသည်။

အန်နန်ကျင်း က သူထင်ထားသည်ထက်

သန်မာနေမည်ဟု မမျှော်လင့်ထားပေ။

ဒီအချိန်မှာ သူမျက်နှာက တဖြည်းဖြည်း

တည်ကြည်လာခဲ့သည်။

အန်နန်ကျင်း က ညာခြေကိုနောက်သို့
အနည်းငယ်ပြန်ဆုတ်ကာ
သူမ၏ညာဖက်လက်က
မိုးကောင်းကင်ခွဲလုံ ကို ဖြည်းညှင်းစွာ
လွှဲယမ်းလိုက်သည်။ ထို့နောက် သူမက
"လကမ္ဘာဖျက်ဆီးခြင်းလုံ...."

ညာခြေကို တစ်ချက်ဆောင့်ကာ
ရွှေရောင်အလင်းတန်းတစ်ခုအဖြစ်
ချက်ချင်းပြောင်းလဲသွားသည်။

သူမ၏ပုံရိပ် ဖြတ်လာသည့်
အာကာသပြင်တစ်လျှောက်ဟာ
ချက်ချင်းပွင့်ထွက်သွားသည် ။

အဘိုးအိုယန်လျန်း၏ မျက်လုံးများဟာ
အနည်းငယ် ကျဥ်းမြောင်းလာခဲ့ပြီး
ညာဖက်လက်သီးကို
တင်းတင်းဆုပ်ထားလိုက်သည်။
လက်သီးဆုပ်လိုက်သည်နှင့်
သူ့ပတ်ဝန်းကျင်မှ အာကာသပြင်ဟာ

တဝုန်းဝုန်းတုန်ခါလာခဲ့သည်။ ထို့နောက်
လက်သီးကို ရှေ့သို့ လှမ်းထိုးလိုက်သည်။

ခွပ်...

ပတ်ဝန်းကျင်မှ အာကာသပြင်ဟာ
တစ်စစီ ကွဲအက်သွားသည်။

ထိုအချိန်တွင် အန်နန်ကျင်း က
အဘိုးအိုယန်လျန်း ရှေ့ကို
ရောက်လာခဲ့၏။

ဘုန်း...

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက်
အဘိုးအိုယန်လျန်း ရပ်နေသည့်နေရာမှ
ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းလုံးကြီး

ထွက်လာသည်။သို့သော်လည်း

ရွှေရောင်အလင်းတန်းများဖြာထွက်လာ

ကာ စွမ်းအင်လှိုင်းလုံးကြီးအား

အပိုင်းပိုင်း ပိုင်းဖြတ်သွားခဲ့သည်။

ပတ်ဝန်းကျင်က ချက်ချင်း ငြိမ်သွားသည်

။

ဤအခိုက်တွင် အန်နန်ကျင်း က

အဘိုးအိုယန်လျန်း

ရပ်နေသည့်နေရာတွင် ရပ်နေခဲ့သည်။

အဘိုးအိုယန်လျန်း ကတော့ မီတာ ၃၀၀

ကျော်အကွာတွင် ရှိနေသည်။

ထိုအချိန်မှာ သူ၏ ညာလက်မောင်း

တစ်ခုလုံး အက်ကွဲသွားပြီး သွေးများ

အဆက်မပြတ် ပန်းထွက်လာသည်။

ဒုတိယအကြိမ်တိုက်ခိုက်သည့်အခါတွင်
လည်း အဘိုးအိုယန်လျန်း က
ထပ်ပြီးရှုံးနိမ့်သွားပေပြီ။

အန်နန်ကျင်း က ရုတ်တရက်ဆိုသလိုပင်
ညာခြေကို တစ်ချက်ဆောင့်၍
မြေပြင်မှခုန်တက်လိုက်သည်။
ထိုခဏလေးမှာပဲ သူမ၏ပုံရိပ်က
လိပ်ပြာတစ်ကောင်လိုပင်အဘိုးအိုယန်

လျှန်းဆီကို

တည့်တည့်ပြေးဝင်လာပါသည်။

အန်နန်ကျင်းက အဘိုးအိုယန်လျှန်း

အထက် ၃ မီတာအကွာမှာပဲ ရပ်သွားပြီး

မိုးကောင်းကင်ခွဲလုံကို

လက်နှစ်ဖက်ဖြင့်ကိုင်ကာ

"ဟင်းလင်းပြင်ဖျက်ဆီးခြင်းလုံ"

ခွပ်...

သူမ၏ အသံ ထွက်ပေါ်လာသည်နှင့်

တပြိုင်နက် မီတာရာချီကျယ်သော

အာကာသပြင်ဟာ ကွဲအက်သွားသည် ။

အဘိုးအိုယန်လျန်း၏

မျက်လုံးများကလေးနက်မှုများအပြင်

သိသိသာသာကျဉ်းမြောင်းသွားခဲ့သည်။

သို့သော် သူက တုံ့ဆိုင်းမနေဘဲ

လက်ဝါးကိုတစ်ချက်လှန်လိုက်သည်။

သူ့လက်ထဲ၌ အနက်ရောင်ဒိုင်းကာတစ်ခု

ပေါ်လာပြီး အပေါ်မြှောက်၍ သူ့ကိုယ်သူ

ကာကွယ်ထားလိုက်သည်။

ဖုန်း....

နားကွဲမတတ် သတ္တုတိုက်ခတ်သံများ

ထွက်ပေါ်လာပြီးနောက်

အဘိုးအိုယန်လျန်း ဟာ

အနက်ရောင်ဒိုင်းကာ နှင့်အတူ ၂

ကီလိုမီတာနီးပါးအကွာသို့တိုင်

လွင့်ထွက်သွားသည်။

"ကောင်းကင်ပြာ...." ထိုအချိန်တွင်

အန်နန်ကျင်း၏အသံက နောက်တစ်ကြိမ်

ထွက်ပေါ်လာသည်။

ဒီအချိန်မှာ အားလုံးက အန်နန်ကျင်းကို

လှမ်းကြည့်ကြသည်။ သူမ၏

ခန္ဓာကိုယ်က ဘေးသို့

အနည်းငယ်ရွေ့သွားသည်ကို

မြင်လိုက်ရသည်။ တစ်ဖန်

အန်နန်ကျင်း၏ခြေထောက်များက

မြေပြင်ပေါ်ထောက်လျက် ကိုယ်ကို

အဆက်မပြတ်

လှည့်ပတ်နေခဲ့သည်။

သူမ၏ခန္ဓာကိုယ်က ၃၆၀ ဒီဂရီပုံစံ

လှည့်ပတ်ပြီးနောက် လက်ထဲမှ

မိုးကောင်းကင်ခွဲလှံကို

အဘိုးအိုယန်လျန်း ဆီသို့

ပစ်လွှတ်လိုက်သည်။

ဆူး...

မိုးကောင်းကင်ခွဲလုံက

ရွှေရောင်အလင်းတန်းအဖြစ်

ပြောင်းလဲသွားသည်။ အာကာသပြင်ဟာ

ၒင်းမှထွက်ပေါ်လာသောဖိအားကြောင့်

အပိုင်းအစများအဖြစ်

ပြောင်းလဲသွားသည်။

အဘိုးအိုယန်လျန်း၏ မျက်လုံးများက

လုံးဝကိုကျဉ်းမြောင်းသွားပါတော့သည်။

သူက

နည်းနည်းလေးမှ ပေါ့ပေါ့ဆဆ
မလုပ်ရဲပေ။ သူ့ထံမှ
ကြောက်မက်ဖွယ်အရှိန်အဝါတစ်ခု
ထွက်ပေါ်လာပြီး လက်ကိုမြှောက်ကာ
အနက်ရောင်ဒိုင်းကာ အား
ရှေ့သို့ပစ်လွှတ်လိုက်သည်။

ထို့နောက် သူ၏လက်ဝါးနှစ်ဖက်ကို
ဆန့်ထုတ်ကာ ပူးကပ်လျက် ရှေ့သို့
တွန်းထုတ်လိုက်သည်။ သူ့ရှေ့မှ

အာကာသပြင်က အထပ်ထပ်ဖြစ်လာပြီး ဧရာမအာကာသတံ့တိုင်းကြီးသဖွယ်ပြော င်းလဲသွားသည်။

ဘုန်း...

အနက်ရောင်ဒိုင်းကာဟာ မိုးကောင်းကင်ခွဲလှံ နှင့် ထိတွေ့သည့်အခါ ချက်ချင်းကွဲအက်သွားသည်။ သို့သော် မိုးကောင်းကင်ခွဲလှံ က အရှိန်မလျော့ဘဲ

အဘိုးအိုယန်လျန်း ဆီသို့

ဆက်ပြီးတိုးဝင်လာပါတော့သည်။

ဆူး...

ရွှေရောင်အလင်းတန်းက လှိုင်းတွန့်များ

အထပ်ထပ်ထနေသည့် အာကာသထဲသို့

တိုးဝင်သွားသည်။ ထိုခဏလေးမှာပဲ

ထိုနေရာမှ အာကာသပြင်ဟာ

ကွဲထွက်သွားသည်။ သို့သော်လည်း

ရွှေရောင်အလင်းတန်း ကတော့

အရှိန်မလျှော့သေးပါ။

ဘမ်း...

ထိုအချိန်တွင် အာကာသပြင်က

အစိတ်စိတ်အမြွှာမြွှာ ကွဲအက်သွားကာ

ထိုနေရာမှ ပုံရိပ်တစ်ခု

လွင့်ပျံထွက်လာသည်။

ဒါက နတ်ဗိုလ်ချုပ် ယန်လျန်း ပဲ။

အဘိုးအိုယန်လျန်းက ၃

ကီလိုမီတာအကွာထိ

လွင့်ပျံလာပြီးနောက် ရပ်တန့်သွားသည်။

မြေပြင်ပေါ် ပြုတ်ကျလာသည်နှင့်

သူ့အောက်မှ မြေပြင်က

ပြိုကျသွားခဲ့သည်။ တစ်ချိန်တည်းမှာပဲ

သူ၏ပုံရိပ်က မြေပြင်ပေါ် တရွတ်ဆွဲကာ

ဆက်တိုက်နောက်ပြန်ဆုတ်သွားခဲ့သည်။

နောက် ၁ ကီလိုမီတာအကွာထိ
ဆုတ်သွားပြီးမှသာ နောက်ဆုံးတွင်
သူ့ကိုယ်သူ ထိန်းလိုက်နိုင်တော့သည်။
ရပ်တန့်သွားပြီးနောက်
အဘိုးအိုယန်လျန်း၏ပါးစပ်ထဲမှ
သွေးများ ဖြန်းခနဲ အန်ထွက်လာခဲ့သည်။

ထိုအခါ ပတ်ဝန်းကျင်က တိတ်ဆိတ်
သွားခဲ့သည်။

အားလုံးက အန်နန်ကျင်း ကို
စိုက်ကြည့်နေကြသည်။ လက်ရှိတွင်
လူတိုင်း၏ မျက်လုံးထဲ၌
ထိတ်လန့်အံ့သြမှုအပြည့်ပါ။

ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူဟာ ထာဝရတန်ခိုးရှင်များကို
တိုက်ခိုက်နိုင်သည်ကား
အလယ်စကြာဝဠာ၌

အထူးအဆန်းမဟုတ်ပေ။

အလယ်စကြာဝဠာတွင်

ထာဝရတန်ခိုးရှင်များကို

သတ်ဖြတ်နိုင်သော

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူများ

မရေမတွက်နိုင်အောင်ပါ။ သို့ရာတွင်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူဟာ

မူလနတ်ဘုရားတစ်ပိုင်းအဆင့်အား
အနိုင်ယူသည်ကတော့
အလွန်ရှားပါးပါသည်။

ထို့အပြင် အန်နန်ကျင်းဟာ
တစ်ယောက်ချင်းအနိုင်တိုက်ခိုက်ရုံသာမ
ကဘဲ
တိုက်ပွဲစကတည်းကပင်ဖိနှိပ်ထားခဲ့လေ
သည်။

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူဟာ

မူလနတ်ဘုရားတစ်ပိုင်းအဆင့်အား

အသာအယာပင်ဖိနှိပ်ထား၏။

ထိုအချိန်တွင် လူတိုင်းက အန်နန်ကျင်း၏

ပုံရိပ်မှန်ကို သိချင်နေကြသည်။

အကြောင်းမှာ လူတိုင်းက အန်နန်ကျင်း

ဘယ်ကနေဘယ်လိုရောက်လာမှန်းတော

င် မသိလို့ပါ။

ထိုအချိန်တွင်

ကောင်းကင်အထက်တစ်နေရာ ။

အဘိုးအိုယန်ဂု နှင့် အဘိုးအိုယန်ခန်း ၏

အကြည့်များက အန်နန်ကျင်း

ပေါ်ကျရောက်နေခဲ့သည်။ အဘိုးအိုယန်ဂု

က "သူမက ငါတို့်ကို သေချာပေါက်

အနိုင်ယူနိုင်မှာကို

ငါကြောက်နေသေးတယ်"ဟုပြောခဲ့သည်

။

အဘိုးအိုယန်ခန်း က

ခေါင်းညိတ်လိုက်သည် “ဒါက သူမရဲ့

ခွန်အားအစစ်ဖြစ်ကောင်းဖြစ်နိုင်ပါတယ်

။ သူမရဲ့ ခွန်အားအစစ်ပါ…”

နှစ်ယောက်စလုံး၏ မျက်နှာက

လေးနက်တည်ကြည်လာပါသည်။

တစ်ချိန်တည်းမှာပင်

ယန်ကျန်း၏နောက်ကွယ်မှ

အနက်ရောင်ဝတ်ရုံအဘိုးအိုက "သူမ

သန်မာတယ်" ဟု

လေးနက်စွာပြောခဲ့သည်။

ယန်ကျန်း က အန်နန်ကျင်း ကို

အချိန်အတော်ကြာ စိုက်ကြည့်ကာ

“အရမ်း သန်မာတယ်” ဟု ထပ်ပြောပါသည်။

တစ်ဖက်တွင် ဂူရှဲ့ က ယန်ရှမ် ကို စိုက်ကြည့်ကာ "သူမက ဘယ်သူလဲ" ဟု မေးလိုက်သည်။

ယန်ရှမ် က အန်နန်ကျင်းကို ငုံ့ကြည့်လိုက်ပြီး ခေါင်းယမ်းလိုက်သည်။

ဂူရှဲ့ က ယန်ရှမ် ကို
စိုက်ကြည့်နေသော်လည်း
စကားတစ်ခွန်းမှ မပြောပေ။

ထိုအချိန်တွင် အဘိုးအိုယန်လျန်း က
ပါးစပ်ထောင့်ရှိ သွေးများကို
သုတ်လိုက်ပြီး  အန်နန်ကျင်း ကို
စူးစိုက်ကြည့်ကာ "မွေးဖွားခြင်းအဆင့်...
ဟား။ တစ်နေ့မှာ
ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူရဲ့လက်ထဲမှာ ဖိနှိပ်ခံရမယ်လို့

မထင်ထားဘူး။ ကောင်းတယ်၊

အရမ်းကောင်းတယ်။

မျိုးဆက်သစ်တိုင်းဟာ

နောက်ဆုံးခေတ်ထက် တကယ်ကို

ထူးချွန်ကြပါတယ်”

ထိုစကားပြောပြီးနောက် ရှေ့သို့

ခြေတစ်လှမ်းတိုးလိုက်ရာ

သူ့ပတ်ဝန်းကျင်တွင် သွေးလှိုင်းများ

ပေါ်လာသည်။ တစ်ချိန်တည်းမှာပင်

သူ့မျက်နှာက သွေးမျှင်ကြောများကဲ့သို့

အစင်းရာများ ရုတ်တရက်ပေါ်လာသည်။

ဒီအခိုက်အတန့်မှာ အဘိုးအိုယန်လျန်း၏

ခန္ဓာကိုယ်အနှံ့ သွေးကြောများ

ဖောင်းပွလာသည်။ ထိုခဏမှာပဲ

သူ၏အရှိန်အဝါက ချက်ချင်း ရှူးသွပ်စွာ

တက်လာပါတော့တယ်။

တစ်ချိန်တည်းမှာပင် သူ့မျက်လုံးများက

သွေးများ တဖြည်းဖြည်း နီရဲလာသည်။

သွေးမျိုးဆက် နိုးထခြင်း ။

အရှူးနတ်ဆိုးသွေးမျိုးဆက်...

“သူက

မွေးရာပါသွေးစွမ်းအင်ကိုတောင်ထုတ်

သုံးနေရပြီ ” အဘိုးအိုယန်ဂု က

"ဒီယန်လျှန်းက သူ့ကိုယ်သူ စတေးလိုက်ပြီပဲ"

"ဟုတ်ပါတယ် သူက..." အဘိုးအိုယန်ခန်း လျစ်လျူရှုပြီး “ကလေးမ မသေရင် သူသေလိမ့်မယ်။ ငါ့အထင် အဲဒီမိန်းကလေးက ခွန်အားအပြည့်မသုံးသေးတာတောင် အရမ်းသန်မာတယ်။ သူမ ရဲ့ ခွန်အားတွေ အပြည့်သုံးရင်... ၊ သောက်ကျိုးနည်း...”

သူက စကားခဏရပ်ပြီး “ ငါတို့တောင်တားနိုင်ဖို့ဆိုတာ မသေချာလောက်ဘူး”

အဘိုးအိုယန်ဂု က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်ပြီး “ဒီလိုအခြေအနေမျိုးမှာ သူတို့ကို တားလို့မရဘူး။ အနည်းဆုံးတော့ ငါတို့ မတတ်နိုင်ဘူး"ဟုပြောပါသည်။

အဘိုးအိုယန်ခန်း က ခေါင်းယမ်းပြီး

စကားဆက်မပြောတော့ပေ။

####Book.121